Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

AIR KBZ
FLYING BEYOND EXPECTATIONS

Vol. 6 / No. 80 | Established in 2004 | ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁) ရက်၊ (Friday, July 13, 2018)




ရှေ့နေဦးကိုနီအား ရန်ကုန်လေဆိပ်၌ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံရန် စေခိုင်းသူမှာ ထိုင်းနိုင်ငံ မဲဆောက်မြို့တွင်နေထိုင်သည့် မြင့်ဆွေဖြစ်သည်ဟု သေနတ်သမားကြည်လင်းက ဇူလိုင်လ ၁၂ ရက်နေ့က တရားရုံး၌ထွက်ဆိုသည်

# ဦးကိုနီကို လုပ်ကြံရန် စေခိုင်းသူမှာ

## အောင်ဝင်းဇော် မဟုတ်ဟု ကြည်လင်း ထွက်ဆို

**ရန်ကုန်၊ ဇူလိုင် ၁၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် NLD ပါတီမှ ဥပဒေအကြံပေး ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံရန် စေခိုင်းသူမှာ အောင်ဝင်းဇော် မဟုတ်ကြောင်းနှင့် အုတ်ခဲဖြင့်ထု၍ ၎င်းကို ဖမ်းဆီးခဲ့သူ အငှားယာဉ်မောင်း ကိုနေဝင်းကိုလည်း ၎င်းက သေနတ်နှင့် ပစ်သတ်ခဲ့ခြင်း မရှိကြောင်း ဇူလိုင်လ ၁၂ ရက်နေ့က အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားခံအဖြစ် စစ်ဆေးခံရသူ ကြည်လင်းက ရုံးတော်ရှေ့တွင် ထွက်ဆိုခဲ့သည်။

ယင်းအပြင် ကြည်လင်း(ခ) ဖိုးထူးက ရှေ့နေ ဦးကိုနီ၏ ဦးခေါင်းနောက်စေ့ကို သေနတ်ဖြင့် တေ့၍ အနီးကပ် ပစ်ခတ်ခဲ့သော်လည်း သေစေလိုသော ဆန္ဒမရှိကြောင်းနှင့် မြင့်ဆွေဆိုသူက ၎င်း၏ စာ 2

# UWSA 'ဝ' အဖွဲ့ ဒုဥက္ကဋ္ဌ ဦးပေါက်ယူယိ နေပြည်တော်၌ အရေးပေါ် ဆေးကုသမှုခံယူ

**နေပြည်တော်၊ ဇူလိုင် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်နေသော မြောက်ပိုင်း မဟာမိတ်အဖွဲ့မှ UWSA 'ဝ'အဖွဲ့ ဒုဥက္ကဋ္ဌ ဦးပေါက်ယူယိသည် ဇူလိုင်လ ၁၂ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲခန့်က နေပြည်တော် ခုတင်တစ်ထောင် ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် အရေးပေါ် ဆေးကုသမှုခံ ယူလျက်ရှိသည်။

"ပူလိုက်အေးလိုက်ဖြစ်ပြီး ကျန်းမာရေးမကောင်းဖြစ်တော့ ဟိုတယ်မှာ ရှိတဲ့ ဆရာဝန်နဲ့ ပြပါတယ်။ ဆရာဝန်က ဆေးရုံတက်မှ ဖြစ်မယ်ဆိုတော့ ခုတင် စာ 2

# အင်းစိန်ဆေးရုံကြီး ပတ်ဝန်းကျင်၌ ဈေးမရောင်းရန် အမိန့်ထုတ် စာ 3

# ရန်ကုန်၊ မွန်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးမည်

**ရန်ကုန်၊ ဇူလိုင် ၁၂**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့် မုတ်သုံလေအားကောင်းလာနိုင်ရာ မြန်မာနိုင်ငံတစ်ဝန်း နေရာအနှံ့ အပြားမိုးရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

ဇူလိုင်လ ၁၃ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာနိုင်ပြီး ဇူလိုင်လ ၁၅ ရက်နေ့ဝန်းကျင်၌ အိန္ဒိယနိုင်ငံဘက်သို့ ရွေ့လျားဝင်ရောက်နိုင်ကြောင်း၊ ယင်းအရှိန်ကြောင့် မြန်မာနိုင်ငံ စာ 9



စာ 13

# နာဂလူမျိုးများ ခနီးဗိုလ်ချုပ်ကြေးရုပ် စိုက်ထူမှုလုပ်ငန်းတွင် မပါဝင်ရန် သတိပေး

**ကလေး၊ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်း၊ ခန္တီးမြို့တွင် ပြုလုပ်မည့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် စိုက်ထူမှု အခမ်းအနားအစီအစဉ်များတွင် ယင်းဒေသရှိ နာဂလူမျိုးများအနေနှင့် တက်ရောက်ပါဝင်ခြင်းမပြုရန် စာထုတ်အသိပေးထားကြောင်း နာဂအမျိုးသားရေးရာ ကောင်စီထံမှ သိရသည်။

နာဂလူမျိုးများအနေနှင့် အဖွဲ့အစည်းအနေနှင့်သော်လည်ကောင်း၊ တစ်ဦးချင်းအနေနှင့်သော်လည်းကောင်း၊ စာ 21



The VOICE Daily
Friday, July 13, 2018

မျက်နှာဖုံး - UWSA 'ဝ' အဖွဲ့ဒုဥက္ကဋ္ဌ ဦးပေါက်ယူယိ နေပြည်တော်၌ မှ အဆက်


ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး

ပင်လုံညီလာခံသို့ တက်ရောက်ခဲ့သော ဦးပေါက်ယူယိကို (ဗိုလ်ချုပ်ကြီး မြထွန်းဦးဘေး) ဇူလိုင်လ ၁၁ ရက် နံနက် ပိုင်းက တွေ့မြင်ရစဉ်။

၁၀၀၀ ဆေးရုံအုပ်ကြီးကိုယ်တိုင် သွားခေါ်ပြီး နှလုံးရောဂါ ကုသဆောင်မှာ ကုသပေးနေတယ်" ဟု နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

ဦးပေါက်ယူယိ၏ ကျန်းမာရေး ကုသမှုကို ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ကိုယ်တိုင် သွားရောက် ကြည့်ရှုလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ အထူးဂရုစိုက်ရန် ညွှန်ကြားထားကြောင်း ဦးဇော်ဌေးက ထပ်မံရှင်းပြသည်။

ဦးပေါက်ယူယိမှာ ဆီးချိုနှင့် နှလုံးအားနည်းသောကြောင့်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆက်လက်ကုသမှုခံယူရမည်ဖြစ်သည်။

မြောက်ပိုင်းမဟာမိတ်အဖွဲ့ကိုဦးဆောင်ဖွဲ့စည်းခဲ့သော UWSA 'ဝ'အဖွဲ့ဥက္ကဋ္ဌ ဦးပေါက်ယူယိသည် ပင်လုံညီလာခံသို့ တက်ရောက်ရန် ဇူလိုင်လ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၁ ရက် နံနက်ပိုင်းတွင် ပင်လုံညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် မွန်းလွဲပိုင်းတွင် SSA (ဝမ်ဟိုင်း) အဖွဲ့၊ NDAA (မိုင်းလား) အဖွဲ့၊ KIA အဖွဲ့တို့နှင့်အတူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော တပ်မတော် အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ■

# NCA ထိုးမထိုး ပြောရန် စောသေးကြောင်း ဗိုလ်ချုပ်ဂွမ်မော်ပြော

နေပြည်တော်၊ ဇူလိုင် ၁၂

တိုင်းရင်းသားလက်နက်ကိုင်များကို NCA လက်မှတ်ရေးထိုးရန် တပ်ချုပ်ပြောကြားထားသော်လည်း လက်မှတ်ထိုးမထိုးမှာ ပြောရန်စောသေးကြောင်း KIA ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွမ်မော်က ပြောကြားလိုက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုအပြီး တည်းခိုရာ ဟိုတယ်သို့ ပြန်လည် ရောက်ရှိလာချိန်တွင် မီဒီယာများကို ၎င်းက " NCA ထိုးဖို့မထိုးဖို့ကို ပြောဖို့ စောပါသေးတယ်၊ ဘာပဲပြောပြော ဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာ ဆုံးဖြတ်မှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

'ဝ' အဖွဲ့၊ SSPP ၊ မိုင်းလားနှင့် ကေအိုင်အိုတို့သည် နိုင်ငံတော် အတိုင်ပင်ခံနှင့် ယနေ့ညနေပိုင်းတွင် အလွတ်သဘောတွေ့ဆုံခဲ့ရာတွင် 'ဝ' အဖွဲ့မှ ဦးကျောက်ကော်အန်းက ဦးစီး၍ NCA အပေါ်တွင် ထားရှိသည့် သဘောထားကို ပြောကြားခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံ အနေနှင့်လည်း သဘောထားအချို့ကို ရှင်းပြခဲ့ကြောင်း ဗိုလ်ချုပ်ဂွမ်မော်က ဆိုသည်။

NCA လက်မှတ်မထိုးရသေးသည့် မြောက်ပိုင်းအဖွဲ့ ၇ ဖွဲ့သည် ယမန်နေ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံစဉ် ချိတ်ဆက်မှုတစ်ခုကို လုပ်ဆောင်ရန် ပြောကြားခဲ့ပြီး ယင်းတွေ့ဆုံခြင်းတွင် KIO ၏ အကြောင်းအရာကို ဆွေးနွေးခြင်းမဟုတ်ဘဲ အဖွဲ့ ၇ ဖွဲ့၏အရေးကို ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောသည်။

အတိုင်ပင်ခံနှင့်တွေ့ဆုံစဉ် အစီအစဉ်တကျသွားနေသော ပင်လုံအစည်းအဝေးကဲ့သို့မဟုတ်ဘဲ အခြားသော အချိန်တစ်ခုတွင် သီးသန့်ဆွေးနွေးသင့်သည်ဟု မှတ်ချက်ပြုခဲ့ကြောင်း ၎င်းကထပ်လောင်း ပြောသည်။

အဓိကအားဖြင့် မြောက်ပိုင်း ၇ ဖွဲ့နှင့် တွေ့ဆုံခြင်းသည် တိုက်ပွဲများ လျှော့ကျရေးအတွက်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက MICC တွင် ယနေ့ညနေပိုင်းက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ■ S-01

မျက်နှာဖုံး - ဦးကိုနီကို လုပ်ကြံရန် စေခိုင်းသူမှာ မှ အဆက်

အသက် အန္တရာယ်ကို ခြိမ်းခြောက်စေခိုင်းမှုကြောင့် ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ပြီး အဆိုပါ လုပ်ကြံမှုကြောင့် ငွေကြေး တစ်စုံတစ်ရာ မရရှိခဲ့ကြောင်း ထွက်ဆိုသည်။

"ကျွန်တော့်ကို ဖမ်းမိပြီးနောက် အင်းစိန်ထောင်ထဲမှာ တိုက်ပိတ်စစ်ဆေးတယ်။ စစ်ဆေးသူတွေက အောင်ဝင်းဇော်နဲ့ အောင်စိုးရဲ့ဓာတ်ပုံတွေကို ထုတ်ပြပြီး ဒီလူတွေကို သိလားမေးလို့ ကျွန်တော်က သိတယ်။ အိုးဘိုထောင်မှာ အတူဆုံခဲ့ဖူးသူတွေလို့ ပြန်ဖြေခဲ့တယ်။ ဒါဆို လေဆိပ်မှာ အမျိုးသားတစ်ဦးကို သေနတ်နဲ့ ပစ်ခိုင်းတာ အောင်ဝင်းဇော်လားလို့သူတို့က ထပ်မေးတော့ မဟုတ်ဘူး၊ မြင့်ဆွေ ခိုင်းတာ။ မဲဆောက်မှာနေတဲ့ မြင့်ဆွေက စေခိုင်းတာ။ အောင်ဝင်းဇော်က ရန်ကုန်သား။ ရန်ကုန် ဘားလမ်းမှာနေတာ" ဟု ကြည်လင်းက ရုံးတော်ရှေ့ထွက်ဆိုခဲ့သည်။

ကြည်လင်းမှာ အခင်းမဖြစ်မီ အစောပိုင်းကတည်းက ရန်ကုန်သို့ ရောက်ရှိနေပြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောင်းလမ်းရှိ အောင်မြေဗိမာန် စာသင်တိုက်တွင် တည်းခိုနေထိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့က နှစ်ပေါင်းအတော်ကြာ ခင်မင်ခဲ့သည့် မဲဆောက်မြို့တွင် နေထိုင်သူ မြင့်ဆွေဆိုသူနှင့် ဖုန်းအဆက်အသွယ်ရခဲ့ကြောင်း၊ ဆူးလေဘုရားအနီးရှိ ပန်းခြံတွင် ၂၉ ရက် နံနက်ပိုင်း၌ တွေ့ဆုံရန် ချိန်းဆိုခဲ့ပြီးနောက် ပန်းခြံသို့ သွားခဲ့သော်လည်း မြင့်ဆွေ ရောက်ရှိလာခြင်း မရှိသောကြောင့် ဖုန်းဖြင့် ဆက်သွယ်ခဲ့ရာ ရန်ကုန်လေဆိပ်တွင် မိတ်ဆွေတစ်ဦးကိုသွားကြိုနေသောကြောင့် လေဆိပ်သို့ ကားငှား၍ လိုက်လာခဲ့ရန် ပြောသဖြင့် အငှားယာဉ်ဖြင့် လိုက်သွားခဲ့ရာ မြင့်ဆွေက ၎င်း၏ မော်တော်ယာဉ်ရှိရာသို့ ခေါ်ဆောင်သွားကြောင်း၊ 'မင်းကို အလုပ်တစ်ခုအပ်မယ်' ဟု ပြောဆိုကာ ဖုန်းထဲရှိ ဓာတ်ပုံများထဲမှ အမျိုးသားတစ်ဦး၏ ပုံကို ထုတ်ပြပြီး ပုံထဲပါသူကို သတ်ပေးရန် မနစ်နာစေရဘူးဟု ပြောဆိုခဲ့ကြောင်း တရားခံအဖြစ် စစ်ဆေးခံရသူ ကြည်လင်းက ထွက်ဆိုခဲ့သည်။

"လူသတ်ဖို့မပြောနဲ့ မူးယစ်ဆေးဝါးတောင် ငါမလုပ်ဘူးလို့ မြင့်ဆွေကို ကျွန်တော်က ပြောခဲ့တယ်။ ထောင်ကို ကြောက်လွန်းလို့။ ဒါပေမဲ့ မြင့်ဆွေက မင်းမလုပ်ချင်လည်း လုပ်ရမယ်။ ဓာတ်ပုံကိုလည်း ငါပြပြီးပြီ။ မင်းက ဖွလိုက်ရင် ငါတို့ ပြဿနာတက်မယ်။ ဒီအလုပ်ကို မင်းလုပ်ကို လုပ်ရမယ်။ ဓားနဲ့ခုတ် တုတ်နဲ့ ရိုက်ရမှာ မဟုတ်ဘူး။ မင်းကို သေနတ်ပေးလိုက်မယ်။ ငါပြတဲ့သူရဲ့ခေါင်းကို သေနတ်နဲ့ ပစ်ပေး မင်းတာဝန်ကျေပြီ။ မပစ်ရင် မင်းခေါင်းကိုပစ်မယ့်သူ နောက်က ပေါ်လာလိမ့်မယ်။ ပြီးတော့ မြင့်ဆွေက ခိုင်းတာ မလုပ်ရင် မင်းမိသားစုကိုလည်း ငါက ချန်မှာမဟုတ်ဘူးလို့ ထပ်ပြောတယ်" ဟု ကြည်လင်းက ထွက်ဆိုသည်။

အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှုကြောင့် ရှေ့နေ ဦးကိုနီ၏ ဦးခေါင်းနောက်စေ့ကို သေနတ်ဖြင့် တေ့၍ ပစ်ပြီး မြင့်ဆွေ၏ မော်တော်ယာဉ်ရှိရာသို့ ထွက်ပြေးခဲ့သော်လည်း မြင့်ဆွေနှင့် ၎င်း၏ မော်တော်ယာဉ်မှာ မရှိတော့ကြောင်း၊ တုတ်၊ ခဲ များ ကိုင်ဆောင်ထားသည့် လူအုပ်ကြီးက ၎င်းကို ဝိုင်းဖမ်းမိပြီး ထိုးကြိတ်ရိုက်နှက်မှုကြောင့် သတိလစ်ရာမှ သတိပြန်လည်လာချိန် လက်ထိတ်နောက်ပြန်ခတ်ခံထားရပြီဖြစ်ကြောင်း ဆက်လက်ထွက်ဆိုသည်။

"ကျွန်တော် သေနတ်ကို တစ်ချက်တည်း ပစ်ခဲ့တယ်။ လူအုပ်ကြီးက ကျွန်တော့်ကို ဖမ်းမိသွားချိန်မှာ ဒိန်း ဆိုတဲ့ သေနတ်သံ တစ်ချက် ကြားလိုက်မိတယ်။ ဒါပေမဲ့ ကျွန်တော့်လက်ထဲမှာ သေနတ်မရှိတော့ဘူး" ဟု ကြည်လင်းက ပြောသည်။

အဆိုပါ အမှုမှ တရားခံအဖြစ် စစ်ဆေးခံရသူ ကြည်လင်းကို အထူးတရားရုံး ခုံရုံးဥက္ကဋ္ဌဖြစ်သူက အချိန်သုံးနာရီကျော်ကြာ စစ်ဆေးမေးမြန်းခဲ့ရာတွင် CCTV၊ မှတ်တမ်းဓာတ်ပုံများ၊ ဆရာဝန်၏ စစ်ဆေးချက်မှတ်တမ်းများ၊ ရဲတပ်ဖွဲ့၏ အမှုနှင့် ပတ်သက်၍ တင်သွင်းသည့် သက်သေခံမှတ်တမ်းများအပြင် အောင်ဝင်းဇော် နှင့် ကြည်လင်းတို့ အခင်းဖြစ်နေ့က ဆက်သွယ်ခဲ့သည့် မြန်မာ့ဆက်သွယ်ရေး ဖုန်းမှတ်တမ်းများနှင့် တိုက်ဆိုင် စစ်ဆေးခဲ့သည်။

"ပိုက်ဆံမရဘဲ လူသတ်တယ်ဆိုတော့ စာရေးဆရာ အင်းစိန်အောင်စိုး ပြောသွားသလိုသူ(ကြည်လင်း)က ပရဟိတလူသတ်သမားလား မေးရတော့မယ်။ အခင်းဖြစ်နေ့က အောင်ဝင်းဇော်နဲ့ ဖုန်းပြောတာ မဟုတ်ဘူး။ မြင့်ဆွေနဲ့ ဖုန်းပြောခဲ့တာလို့ ထွက်ဆိုချက်က သူတို့ရဲ့ မြှုပ်ကွက်ကို ပေါ်လွင်သွားတယ်။ မြင့်ဆွေဆိုတာ ဘယ်သူ့ကို ရည်ညွှန်းနေသလဲဆိုတော့ ပါပဲ။ တရားရုံးရဲ့မေးခွန်းတွေက ရှေ့နေတွေမေးမယ့် မေးခွန်းတွေထက်ကို ပိုပြီး လေးနက်တဲ့ မေးခွန်းတွေ မေးသွားတာက ဒီအမှုနဲ့ ပတ်သက်ရင် အတော်လေးအားရစရာပါ" ဟု ရှေ့နေ ဦးရောဘတ်စန်းအောင်က မီဒီယာများကို ဖြေကြားခဲ့သည်။

ကြည်လင်း၏ တရားလွှတ်တော်ရှေ့နေဖြစ်သူ ဦးကျော်ကျော်ထိုက်က မီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ရာတွင် "ကြည်လင်းက ဒီနေ့ သူ့ ကံကြမ္မာ သူဖန်တီးသွားတာပါ။ အမှုစဖြစ်ကတည်းက ပိုက်ဆံရလို့လူသတ်တာလို့ လူအများက ပြောကြတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရုံးတော်က မမေးသွားတာက ထူးခြားတယ်။ နောက်တစ်ချက်က ကြည်လင်းက လေဆိပ်ကို လက်နက် သူယူလာတာမဟုတ်ဘူးလို့ ထွက်ဆိုထားတယ်။ လူဆိုတာ ကံကြမ္မာရဲ့သားကောင်ပဲလေ။ ကံကို စီမံနိုင်အောင် ဉာဏ်ရည်မြင့်တဲ့အထဲမှာ သူမပါလာဘူး။ တရားရုံးမှာ ထွက်ဆိုချက်နဲ့ ပတ်သက်တဲ့ကိစ္စအပေါ်တော့ ကျွန်တော့်အနေနဲ့ ဘာမှ မပြောချင်ပါဘူး" ဟု ပြောကြားသည်။ ■ S-01

The VOICE Daily CARTOON




MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES



The Voice

# အင်းစိန်ဆေးရုံကြီးပတ်ဝန်းကျင်၌ ဈေးမရောင်းရန် အမိန့်ထုတ်

**ရန်ကုန်၊ ဇူလိုင် ၁၂**

အင်းစိန်ဆေးရုံကြီးအနီး ပတ်ဝန်းကျင်ရှိ လမ်းဘေးဈေးသည်များ ဈေးမရောင်းရန် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီက အမိန့်ထုတ်ပြန်ထားပြီး ဈေးသည်များက ယင်းမြို့နယ်ရှိ လွှတ်တော်အမတ်နှင့် သက်ဆိုင်ရာဌာနများထံသို့ အသနားခံစာတင်ထားကြောင်း အဆိုပါဈေးသည်များထံမှ သိရသည်။

ဇူလိုင်လ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့က အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီက ယင်းဆေးရုံအနီးပတ်ဝန်းကျင်တွင် ဈေးရောင်းချလျက်ရှိနေသည့် လမ်းဘေးဈေးသည်များကို ဇူလိုင်လ ၁၂ ရက်နေ့ နောက်ဆုံးထား၍ ဈေးဆိုင်များကို ဖျက်ပေးရန် ခေါ်ယူအသိပေးပြောကြားခဲ့ပြီးဖြစ်ကြောင်း ဆေးရုံအနီး စာအုပ်နှင့် ဖိနပ်များရောင်းချသည့် ဈေးသည်တစ်ဦးက ပြောကြားသည်။

"ဒီနေ့ ကျွန်တော်တို့ဘေးပတ်ဝန်းကျင်မှာရှိတဲ့ မဖျက်ရသေးတဲ့ဆိုင်တွေကိုတော့ ကားပေါ်ကနေ ဓာတ်ပုံလာရိုက်သွားတယ်။ ကျွန်တော်တို့ဆိုင်ကို ဒီမနက်ပဲ စဖျက်ပြီး ဒီမနက်ပဲပိတ်ခဲ့တာပါ" ဟု ၎င်းကဆိုသည်။

အဆိုပါ ဆေးရုံအနီးပတ်ဝန်းကျင်တွင် ကုန်ပစ္စည်းမျိုးစုံ ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၄၀ ကျော်ရှိပြီး အမိန့်ထုတ်ပြီးနောက် ဇူလိုင် ၁၂ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည့်ဆိုင်ခန်းပေါင်း ၂၉ ခန်းရှိကြောင်း၊ ထိုဈေးသည်များက ဇူလိုင်လ ၁၁ ရက်နေ့တွင် အင်းစိန်မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူးများထံသို့ အသနားခံစာတင်ထားကြောင်း ဈေးသည်တစ်ဦးက ပြောဆိုသည်။

"သူတို့ကတော့စည်ပင်သာယာဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့ ဖြေရှင်းတာပေါ့။ ကျွန်တော်ကတော့ ဒီအတိုင်းမလုပ်ဖို့ နှိုတစ်စာပို့ပြီးမှ လုပ်ပါလို့ပေါ့။ အခုဥပဒေနဲ့လုပ်နေတဲ့ကိစ္စကို ဥပဒေနဲ့ညီ မညီစောင့်ကြည့်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာက ဥပဒေပြုတဲ့အဖွဲ့ဖြစ်တယ်။ ဒီတော့ သူတို့လုပ်နေတဲ့အလုပ်ကို ကြားဖြတ်ပြီး ဝင်စွက်ဖက်လို့မရသေးဘူး။ ဥပဒေဘောင်ကျော်ရင်တော့ ကျွန်တော်တို့ ဝင်ထိန်းကျောင်းရမယ့်တာဝန် ရှိပါတယ်" ဟု အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက ရှင်းပြသည်။

လမ်းဘေးဈေးသည်များ စည်းကမ်းပျက်ခြင်း၊ မြို့တော်အင်္ဂါနှင့် မညီခြင်း စသည့်အကြောင်းပြချက်များဖြင့် လမ်းဘေးဈေးမရောင်းရအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဈေးသည်များအနေနှင့် ဈေးဆက်လက်ရောင်းချခြင်း၊ မဖျက်ခြင်းများ ရှိနေသည့်ဆိုင်ခန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေအရ ဒဏ်ငွေအဖြစ်သော်လည်းကောင်း၊ ထောင်ဒဏ်အဖြစ်သော်လည်းကောင်း ချမှတ်နိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ စည်းကမ်းထိန်းသိမ်းပြီးတော့ အားလုံးကို တစ်ပြေးညီပဲဖြစ်အောင် ဆောင်ရွက်သွားမယ်" ဟု အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ■J-12

# ငြိမ်းစုစီဥပဒေဖြင့် တရားစွဲခံရသူ လူငယ် ၄၇ ဦးအမှု ပြန်လည်ရုပ်သိမ်းပေးရန် ရွှေ့ပြေးအသံအဖွဲ့ တောင်းဆို

**ရန်ကုန်၊ ဇူလိုင် ၁၂**

ပြည်တွင်းစစ်ရပ်တန့်စေရေး အတွက် ဧပြီနှင့်မေလအတွင်း မြစ်ကြီးနား၊ ရန်ကုန်နှင့်အခြားသောမြို့နယ်များတွင် ငြိမ်းချမ်းရေးအတွက် ဆန္ဒပြမှုများတွင် ငြိမ်းစုစီဥပဒေဖြင့် အမှုဖွင့်တရားစွဲခံရသူ တက်ကြွလှုပ်ရှားသူ လူငယ် ၄၇ ဦး၏အမှုများ ရုပ်သိမ်းပေးရန် ရွှေ့ပြေးအသံအဖွဲ့ Progressive Voice က သဘောထားကြေညာချက်ထုတ်၍ တောင်းဆိုလိုက်သည်။

ထို့အပြင် မြန်မာအာဏာပိုင်များက ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် စွဲချက်အားလုံး ရုပ်သိမ်းကာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်ပေးရေးအတွက် Progressive Voice အဖွဲ့မှ ဇူလိုင်လ ၁၂ ရက်က ရန်ကုန်မြို့ ဖိုးစိန်လမ်း၊ Green Hill ဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဥပဒေကို ပြည်သူလူထုက ကန့်ကွက်မှုများ ရှိနေသော်လည်း အတည်ပြုနိုင်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေသည့်အတွက် တိုင်းပြည်၏ ဒီမိုကရေစီ အရေးကို စိုးရိမ်ရသောကြောင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါက်တာ ညိုညိုသင်းက ပြောကြားသည်။

"ဒီလောက်ကန့်ကွက်နေတဲ့ကြားက အတည်ပြုမှုတွေရှိလာရင် အန်တီတို့ ကန့်ကွက်တဲ့ လှုပ်ရှားမှုတွေ ဆက်လုပ်သွားမယ်။ လက်နက်ကိုင်အင်အားစုတွေနဲ့တောင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပနိုင်သေးရင် တိုင်းပြည်ရဲ့အနာဂတ်အတွက်တောင်းဆိုနေတဲ့ လူငယ်တွေရဲ့ အသံကို အစိုးရ၊ လွှတ်တော်၊ တပ်မတော် ထည့်သွင်း စဉ်းစားသင့်တယ်" ဟု ၎င်းက ဆိုသည်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပြင်ဆင်သည့်ဥပဒေကို လွှတ်တော်တွင် အတည်ပြုပါက ငြိမ်းစုစီ ပြင်ဆင်ချက်ဥပဒေဖျက်သိမ်းရေးကော်မတီအနေနှင့် ဆက်လက်ဆန့်ကျင်မည်ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းကပြော ကြားသည်။

ဇွန်လက တာမွေမြို့နယ်တွင် ငြိမ်းချမ်းရေးအတွက် ဆန္ဒဖော်ထုတ်ရန် ခွင့်ပြုမိန့်ဖြင့် တရားဝင် အကြောင်းကြား၍ ဆန္ဒဖော်ထုတ်သူများကို တရားစွဲဆိုထားခြင်းသည် ဥပဒေစိုးမိုးမှု လိုက်နာသူများကို မတရားစီရင်နေခြင်းဖြစ်သည် ဟု ငြိမ်းချမ်းရေးအတွက် ရန်ကုန်မြို့တွင် လူငယ်ဆန္ဒပြရာတွင် စီစဉ်သူ မအိအိမိုးက ပြောကြားသည်။

"ဥပဒေကို လေးစားလိုက်နာလို့ အကြောင်းကြားစာပို့တယ်။ ဆန္ဒဖော်ထုတ်တယ်။ လူစုခွဲဆိုလို့ ခွဲပေးတယ်။ အဲဒီလို လူစုခွဲပေးနေတဲ့အချိန်မှာ ပုဒ်မတွေတပ်ပြီး အရေးယူတယ်။ အကြောင်းကြားစာလည်းမပို့ဘူး။ ဘယ်ကမှန်းမသိတဲ့သူတွေကိုကျတော့ အရေးမယူဘူး။ နောက်ပိုင်းကျရင် အကြောင်းကြားစာ မပို့တော့ဘူး။ ရှောင်လိုက်မယ်။ အကြောင်းကြားစာမပို့ဘဲ ဆန္ဒပြတာကမှ ကျွန်မတို့အတွက် ပိုလုံခြုံတယ်လို့ခံစားလာရတယ်" ဟု ၎င်းက ဆိုသည်။

သတင်းစာရှင်းလင်းပွဲတွင် ရွှေ့ပြေးအသံအဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်း၊ လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါက်တာညိုညိုသင်း၊ ငြိမ်းချမ်းရေးအတွက် ရန်ကုန်မြို့တွင် လူငယ်ဆန္ဒပြရာ၌ စီစဉ်သူ မအိအိမိုး၊ မြစ်ကြီးနားမြို့လူငယ်ဆန္ဒပြပွဲ စီစဉ်သူ ကိုလွှမ်းဇော်င်း တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ရွှေ့ပြေးအသံအဖွဲ့သည် ၂၀၁၆ ခုနှစ် အောက်တိုဘာလက စတင်ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေး၊ IDP များအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီနှင့် လုံခြုံဘေးကင်းမှု ဆောင်ကြဉ်းပေးရေး အာမခံရန်၊ စစ်ပွဲအဆုံးသတ်ရန်၊ ငြိမ်းစုစီဥပဒေအား ပြင်ဆင်ရန်နှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများကို ပံ့ပိုးကူညီပေးရန် တိုက်တွန်းကူညီပေးသည်အဖွဲ့ဖြစ်သည်။ **J-18**

# မစ္စတာ ရော့ဒန်ကလေကို ဒုတိယအကြိမ်မြောက် ရုံးထုတ်

**ရန်ကုန်၊ ဇူလိုင် ၁၂**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မများဖြင့် တရားစွဲဆိုခံရသူ ဩစတြေးလျနိုင်ငံသား မစ္စတာ ရော့ဒန်ကလေ အပါအဝင် ၇ ဦးကို ဇူလိုင်လ ၁၂ ရက်နေ့က အနောက်ပိုင်းခရိုင် တရားရုံးတွင် ဒုတိယအကြိမ်မြောက် ရုံးထုတ်စစ်ဆေးခဲ့သော်လည်း အမှုကို မစစ်ဆေးဖြစ်သေးကြောင်း ယင်းတရားရုံးထံမှ သိရသည်။

"ဒီနေ့ရုံးချိန်းမှာ တရားစွဲဆိုခံရသူတွေဘက်က ရှေ့နေပါဝါတင်တာမို့ မစစ်ဆေးဖြစ်ဘူး။ ဇူလိုင်လ ၂၅ ရက်နေ့ ရုံးချိန်း ထပ်ချိန်းလိုက်တယ်" ဟု ယင်းတရားရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အပြည်ပြည်ဆိုင်ရာ မီဒီယာအတိုင်ပင်ခံပုဂ္ဂိုလ်ဟုဆိုသော အသက် ၆၀ နှစ် ဩစတြေးလျ နိုင်ငံသား မစ္စတာ ရော့ဒန်ကလေ နေထိုင်သည့်ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စမ်းရေတွင်းလမ်းရှိ နေအိမ်ကိုဇွန်လ ၆ ရက် ညပိုင်းက ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ရော့ဒန်ကလေနှင့်အတူ ဗြိတိန်နိုင်ငံသား မစ္စတာ ဂျွန်မက်ကန်ဇီ (အသက် ၆၃ နှစ်) နှင့် မြန်မာအမျိုးသားတစ်ဦး၊ အမျိုးသမီးတို့ကို နေအိမ်တွင်းတွေ့ရှိခဲ့ပြီး ယင်းနေအိမ်ထဲမှ မူးယစ်ဆေးဝါးများနှင့် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများမှာ WY စာတန်းပါ စိတ်ကြွဆေးပြား ၇၀၀ ပြား၊ အိုက်စ် ၂၆၅ ဂရမ်၊ ဘိန်းဆီခဲ သုံးခဲ၊ ဆေးခြောက်နှင့် ဘိန်းဖြူတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် မစ္စတာ ရော့ဒန်ကလေ အပါအဝင် ကိုးဦးကို ဗဟန်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းမိသူ ကိုးဦးအနက် နှစ်ဦးမှာ ယင်းနေအိမ်မှ အလုပ်သမားများဖြစ်သောကြောင့် တရားစွဲဆိုရန် ခိုင်လုံမှုမရှိကြောင်း ဥပဒေရုံး၏ အကြံပြုချက်အရ အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ရာတွင် မပါဝင်တော့ဘဲ ရော့ဒန်ကလေ အပါအဝင် ခုနစ်ဦးကိုသာ ပြီးခဲ့သည့် ဇူလိုင်လ ၆ ရက်နေ့က စတင်တရားစွဲဆိုခဲ့ကြောင်း တရားရုံးထံမှ သိရသည်။ **S-03**

The VOICE Daily
Vacancy Announcement
The Voice Daily သတင်းစာ Digital Marketing Department တွင် တာဝန်ထမ်းဆောင်ရန်အတွက်
1. Digital Sales Manager (1) post
2. Asst. Digital Sales Manager (2) posts
3. Digital Sales Executive (2) posts
- Web analytics tools (eg.Google analytic), Google adWords နှင့် Social Media များကို
- Digital Marketing
- Google analytic နှင့် Social Media
- Digital Marketing
The Voice Daily

# EDITORIAL

# အုံ့ပုန်း လူ့အဖွဲ့အစည်း၏ စရိုက်သဘော

လူသားတို့၏ ဘဝနေထိုင်မှုပုံစံများ ပြောင်းလဲလာသည့်အပြင် တစ်နေ့တခြား ဟင်းလင်းပွင့်လာသော ကမ္ဘာကြီးတွင် မည်သည့်ကိစ္စကိုမျှ ကြာရှည် လေးမြင့်စွာ ဖုံးကွယ်ထား၍ မရတော့ပေ။

အထူးသဖြင့် အများပြည်သူနှင့်ဆိုင်သော၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးနှင့်ဆိုင်သော၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်ဆိုင်သော အရေးကိစ္စများဖြစ်ပါက အချိန်အတိုင်းအတာ တစ်ခုအထိသာ ဖုံးကွယ်ထားနိုင်ပြီး တစ်ချိန်ချိန်တွင် မဖြစ်မနေ ဖော်ထုတ်ကြရစမြဲ သို့မဟုတ် တူးဆွ၊ ဖော်ထုတ်ခံရစမြဲဖြစ်သည်။

ကမ္ဘာပေါ်တွင် ကြုံတွေ့ရင်ဆိုင်ခဲ့ရသမျှ အရေးကိစ္စ ကြီးငယ်များသည်လည်း အချိန်တန်လာသည်နှင့် အများပြည်သူ သိရှိစေရန် ဖော်ထုတ်တင်ပြလာကြခြင်းကို ကမ္ဘာ့သမိုင်းကို လေ့လာကြည့်လျှင် သိနိုင်ပေသည်။

ယနေ့ခေတ်သည် အတိတ်ကာလများထက် ကမ္ဘာကြီးက ပို၍ ပွင့်လင်း၊ လွတ်လပ်လာသည့်အပြင် ကမ္ဘာ့နေရာအသီးသီးတွင် ဖြစ်ပျက် ပြောင်းလဲနေသော အကောင်း၊ အဆိုးကိစ္စ ကြီးငယ်မှန်သမျှအချိန်မဆိုင်းဘဲ အများပြည်သူ သိရှိခွင့်ရလာကြသည်။

သို့သော် တံခါးပိတ်နေလာခဲ့သော လူ့အဖွဲ့အစည်း၊ အသိုင်းအဝိုင်းများ အနေနှင့်မူ သတင်းကို လိုသည့်အပိုင်း သို့မဟုတ် မိမိတို့အတွက် အပေါင်းလက္ခဏာဟု ထင်သော သတင်းများကိုသာ အသိပေးခြင်း၊ မိမိတို့အတွက် အနုတ်လက္ခဏာဆောင်သည်ဟု ယူဆသော အကြောင်းအရာများကို ထိမ်ချန်ထားခြင်း စသည့် အလေ့အထမျိုး ရှိတတ်သည်။

သို့သော် ထိုအလေ့အထသည် မိမိတို့ လူ့အဖွဲ့အစည်း၊ အသိုင်းအဝိုင်းအတွက် လက်တွေ့အားဖြင့်အပေါင်းလက္ခဏာထက် အနုတ်လက္ခဏာ အကျိုးဆက်များကိုသာ ရင်ဆိုင်ရနိုင်သည်ဆိုသောအချက်ကိုမူ သတိမပြုမိတတ်ကြပေ။

ထိုအလေ့အထကြောင့် အုံ့ပုန်းလူ့အဖွဲ့အစည်း၊ အသိုင်းအဝိုင်းအဖြစ် အသားကျလာခဲ့ပြီး မည်သည့်အကြောင်းကိစ္စ၊ အရေးအရာမျိုးမဆို လူသိရှင်ကြား တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံရဲသော အလေ့အထနှင့် တဖြည်းဖြည်း ဝေးကွာသွားတော့သည်။

အုံ့ပုန်းလူ့အဖွဲ့အစည်း၊ အဝန်းအဝိုင်းဖြစ်လာသောကြောင့် လူသားမှန်သမျှ ဖြစ်ပေါ်လေ့ရှိသည့် မကျေနပ်မှု၊ မခံမရပ်နိုင်ဖြစ်မှု၊ အလိုမကျမှု စသည့် စိတ်ခံစားချက်များကို မျိုသိပ်၊ အောင့်အည်း၊ ကြိတ်မှိတ်၊ ထိန်းချုပ်ထားကြသည်။

ပုံမှန် ဖွင့်ထုတ်၊ ဖြေလျှော့ခွင့်မရသည့် ထိုသို့သော အုံ့ပုန်း စိတ်ခံစားချက်မျိုးသည် အခါအခွင့်သင့်လာသော အချိန်အခါမျိုးတွင် စိတ်ကို လွှတ်ပေးကာ အလွန်အကျူး ပေါက်ကွဲထွက်သွားတတ်သည်။

တာဖို့ထားသော တစ်ဖက်ပိတ်ဆည်ကို ဖွင့်ထုတ်လိုက်သကဲ့သို့ အရှိန်အဟုန်ပြင်းစွာ စီးထွက်လာတတ်သောရေသည် ၎င်းရှေ့တွင်ရှိသော အရာမှန်သမျှကို အင်အားကြီးစွာ တိုက်ဖျက်ဝါးမျို ကျော်ဖြတ်သွားသည်။ အုံ့ပုန်းစိတ်ခံစားချက်များကို လွှတ်ပေးသည့်အခါတွင်လည်း ဝုန်းဒိုင်းကျဲ ထွက်သွားတတ်သည်။

မြန်မာလူ့အဖွဲ့အစည်းသည် စင်စစ်အားဖြင့် အနှစ်ခြောက်ဆယ်နီးပါး အိမ်တွင်းအောင်း၊ အုံ့ပုန်း လူသားတစ်ဦး၊ တစ်ဖက်ပိတ်ဆည်အတွင်း လှောင်ထားသော ရေနှင့် အလားသဏ္ဌာန်တူသည်။ မြန်မာလူ့အဖွဲ့အစည်း အတွင်းရှိ အဝန်းအဝိုင်း၊ အသိုက်အမြုံ၊ အင်အားစုများအသီးသီးသည်လည်း ထို့အတူပင်။

တစ်လျှောက်လုံး မျိုသိပ်၊ အောင့်အည်းလာသော စိတ်ခံစားချက်များ၊ မိမိကို စက်ရုပ်သဖွယ် စေခိုင်း အမိန့်ပေးလာခဲ့ခြင်းများကို အခါအခွင့်သင့်သည့် နေရာတွင် ဖွင့်ထုတ်ကြသည့်အခါ အလွန်အကျံမျှားအဖြစ် အသွင်ပြောင်းသွားတော့သည်။

ထိုအချက်ကို သတိပြုမိပါက ယနေ့ အွန်လိုင်းလူမှုကွန်ရက်ပေါ်တွင် စကားလုံးများဖြင့် ပေါက်ကွဲနေခြင်းများ၊ နယ်စွန်နယ်ဖျားရှိ လက်လွန်ခြေလွန်ဖြစ်မှုများ၊ အမြဲလိုလို ဘုံရန်သူရှာ အပြစ်ဖို့နေခြင်းများ၊ ဘုံရန်သူရှာမရပါက အချင်းချင်း အိုးမဲသုတ်ခွပ်နေခြင်းများကို ကုစားနိုင်သည့် နည်းလမ်းများ ဝိုင်းဝန်း အဖြေရှာကြပါမည့်အကြောင်း တိုက်တွန်းလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၁၂ - ၇ - ၂၀၁၈ )**

**(လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီနေသောကြောင့် ၁၁-၂-၂၀၁၈ နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အယ်ဒီတာ့အာဘော်ကို ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။)**

# ဦးကိုကိုကြီးဦးဆောင်သော ပြည်သူ့ပါတီ၏ အလံအမှတ်တံဆိပ်အား ကန့်ကွက်နိုင်ရန် ကော်မရှင်ကြေညာ

**ရန်ကုန်၊ ဇူလိုင် ၁၂**

ဦးကိုကိုကြီးဦးဆောင်သော ပြည်သူ့ပါတီ၏ အလံနှင့်အမှတ်တံဆိပ်ကို အများပြည်သူကန့်ကွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင်လ ၁၂ ရက် ရက်စွဲဖြင့် နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ကြေညာခဲ့သည်။

ယင်းပါတီ၏အလံမှာ အဝါရောင်အောက်ခံဖြင့် အလယ်တွင် အနီရောင်ရေပြင်ညီပါရှိပြီး ထိုလိုင်းပေါ်တွင် မီးရှူးတိုင်ကို လက်တစ်စုံက ကိုင်ဆောင်ထားသည့်ပုံစံနှင့် အမှတ်တံဆိပ်တွင်မူ ပြည်သူ့ပါတီစာတန်းပါဝင်ပြီး ကန့်ကွက်လိုသူများအနေနှင့် ၇ ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်ထံ ကန့်ကွက်ရမည်ဖြစ်သည်။

“ကျွန်တော်တို့ကတော့ အကောင်းဘက်ကိုပဲ မျှော် လင့်ထားပါတယ်။ အရင်တစ်ခေါက်လို မဖြစ်လောက်ပါဘူးပေ့ါနော်။ အဆင်ပြေလာမယ်လို့ပဲ မြင်ပါတယ်” ဟု အဆိုပါပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးကျော်လင်းက ဆိုသည်။

၂၀၁၇ ခုနှစ် ဧပြီလ ၂၆ ရက်တွင် ကော်မရှင်က ဦးကိုကိုကြီးဦးဆောင်သော နိုင်ငံရေးပါတီတစ်ရပ်ဖြစ်မြောက်ရေး ကော်မတီကို ပါတီတည်ထောင်ခွင့်ပြုခဲ့သည်။

ယင်းနောက် ‘ရှစ်လေးလုံးပါတီ’ အမည်၊ ထိုမှ ‘ရှစ်လေးလုံးပြည်သူ့ပါတီ’ အမည်၊ ယခု ‘ပြည်သူ့ပါတီ’ ဟု အမည် ထပ်မံပြောင်းခဲ့သည်။

■ ဝေလင်း

The VOICE Daily CARTOON





The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe. **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung **Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com,
**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# မြဝတီ-ကော့ကရိတ်လမ်း မြေပြိုရှင်းလင်းမှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ဘားအံ၊ ဇူလိုင် ၁၂**

မြေပြိုကျမှုများဖြစ်ပေါ်ခဲ့သည့် မြဝတီ-ကော့ကရိတ်လမ်းပိုင်း၌ မြေပြိုကျမှုများကို ရှင်းလင်းမှုလုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၂ နေ့၌ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့်အတွက် ယာဉ်များသွားလာနိုင်ပြီဖြစ်ကြောင်း ကော့ကရိတ်ခရိုင်လမ်းဦးစီးဌာနထံမှ သိရသည်။

ရှင်းလင်းမှုများပြုလုပ်ရာတွင် မြေတူးမြေကော်ယာဉ် ဘက်ဟိုး ၂ စီး၊ မြေထိုးညှိသည့် ယာဉ် ဘူဒိုဇာ ၃ စီးတို့ဖြင့် ဆောင်ရွက်နေပြီး စက်ယန္တရားများဖြင့် လုပ်ဆောင်နေသည့်အတွက် ယာဉ်များကို အလှည့်ကျဖြတ်သန်းခွင့်ပြုနေကြောင်း ယင်းဌာနထံမှ သိရသည်။

"ကားတွေက သွားလို့ရပါတယ်၊ လုပ်ငန်းသုံးကားတွေကို လွှတ်ပေးလိုက်၊ အိမ်စီးကားတွေကို လွှတ်ပေးလိုက် အလှည့်ကျလုပ်ပေးနေပါတယ်။ မနက် ၈ နာရီခွဲကနေ မနက် ၁၁ နာရီကျော်လောက်အထိ မြေစာရှင်းလင်းရေးနဲ့ တောင်ကမ်းပါးလုပ်ငန်းတွေကို လုပ်ပါတယ်။ ပြီးရင်တော့ကားတွေကို အသုတ်လိုက် ပြန်လွှတ်ပေးပါတယ်"ဟု ကော့ကရိတ်ခရိုင် လမ်းဦးစီးဌာန အင်ဂျင်နီယာမှူး ဦးခွန်ထွန်းသက်အောင်က ပြောကြားသည်။

မြေပြိုကျနိုင်သည့် အနေအထားများကို စောင့်ကြည့်လုပ်ဆောင်နေကြောင်းနှင့် စိတ်ချရသည့်အခြေအနေရောက်အောင် လုပ်ငန်းများလုပ်ဆောင်နေကြောင်း ဦးခွန်ထွန်းသက်အောင်ကဆိုသည်။

ထိုသို့မြေရှင်းလင်းရေး လုပ်ငန်းများ လုပ်ဆောင်နေသည့်အတွက် ဇူလိုင် ၁၂ ရက်နေ့ နံနက်ပိုင်းက ကော့ကရိတ်ဘက်ခြမ်းတွင် ကားအစီးရေ ၂၀၀ ခန့်နှင့် မြဝတီဘက်အခြမ်းတွင် ကားအစီးရေ ၂၀၀ ကျော်ပိတ်မိခဲ့သော်လည်း နေ့လယ်ပိုင်းတွင် ပြန်လည်သွားခွင့်ရရှိခဲ့ကြောင်း ယင်းနေရာသို့ ရောက်ရှိနေသူများထံမှ သိရသည်။

ဇူလိုင်ဒုတိယပတ်အတွင်း မိုးဆက်တိုက်ရွာသွန်းခြင်းကြောင့် ဇူလိုင် ၉ ရက်နေ့က မြဝတီ-ကော့ကရိတ်လမ်းပိုင်း နတ်စင်ကွေ့တွင် ဒေါနတောင်သည် သုံးကြိမ်အထိ ပြိုကျမှုဖြစ်ပွားခဲ့ရာမှ ထပ်မံ၍ အဆိုပါနေရာတွင် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက လေးကြိမ်မြောက် မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး မြေထပ်မံပြိုကျနိုင်သည့် အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း ဒေသခံများနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ဆိုသည်။ ■ R-17

# နေပြည်တော်တွင် ကုလသမဂ္ဂအထောက်အကူပြုရုံး ဖွင့်

**ရန်ကုန်၊ ဇူလိုင် ၁၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ UMFCCI ရုံးအနီး၌ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထောက်အကူပြုရုံးကို ဇူလိုင်လ ၁၁ ရက် ညနေပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဆိုသည်။

"မူလသဘောတူထားတဲ့အတိုင်း ဖွင့်ခဲ့တာပါ။ ကုလသမဂ္ဂရုံးကတော့ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပြုလုပ်ငန်းတွေ လုပ်မှာပေါ့" ဟု ၎င်းက ဆိုသည်။

ယခုနှစ်ဇွန်လက မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်လည်ပတ်သည့် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စခရစ္စတင်းရှယန်နာဘာဂီနာ၏ ဆယ်ရက်ကြာခရီးစဉ်အပြီးတွင် ကုလသမဂ္ဂဆိုင်ရာ အထောက်အကူပြုရုံးကို နေပြည်တော်၌ ဖွင့်ခွင့်ပေးရန် မြန်မာအစိုးရက သဘောတူညီခဲ့ပြီးနောက် ဇူလိုင်လ ၁၁ ရက်က ဖွင့်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂအထောက်အကူပြုရုံး အနေနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ကူညီဆောင်ရွက်မှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါကုလသမဂ္ဂဆိုင်ရာ အခြေစိုက်ရုံး၌ ဝန်ထမ်းခန့်အပ်မှုဆိုင်ရာ အစီအစဉ်မှာ ယင်းအဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်း ၁၇ ဖွဲ့ရှိသည့်အနက် ၁၂ ဖွဲ့၏ ရုံးများကို နေပြည်တော်၌ ဖွင့်လှစ်ထားကြောင်းနှင့် အဆိုပါကုလသမဂ္ဂရုံးဖွင့်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဝင်းနှင့် ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးအပါအဝင် နိုင်ငံတကာသံရုံးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ■ J-17

# အဖျောက်တွင် ၂ လအတွင်း ဆိုင်ကယ် ၁၀ စီး အခိုးခံရ

**တိုက်ကြီး၊ ဇူလိုင် ၁၂**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် ဇွန်လနှင့် ဇူလိုင်လ ဒုတိယပတ်အထိ ထိုင်းနိုင်ငံထုတ်ဆိုင်ကယ် ၁၀စီးကျော် အခိုးခံရကြောင်း ဒေသခံများထံမှ သိရသည်။

"ဒီနေ့(ဇူလိုင်၁၂ရက်) မနက်၁နာရီမှာ ကျွန်တော့်ရဲ့ဟွန်ဒါဆိုင်ကယ်ကိုခြံသော့တွေဖျက်ပြီး ခိုးသွားတာ၊ ဒီရက်ပိုင်းထဲမြို့မှာ အခိုးခံရတာ ဆိုင်ကယ် ၅စီးကျော်ပြီ၊ အခု ကျွန်တော့်ဆိုင်ကယ်ပျောက်တာကို ရဲစခန်းမှာ အမှုဖွင့်ထားပါတယ်"ဟု အဖျောက်မြို့(၃)ရပ်ကွက် ဗန္ဓုလလမ်းနေ ဦးသောင်းတင် ကပြောသည်။

ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များ အခိုးခံရမှုနဲ့ ပတ်သက်ပြီး လိုင်စင်ရှိဆိုင်ကယ်များအခိုးခံရမှုကို ရဲစခန်းတွင် အမှုဖွင့်ပါက အဆင်ပြေသော်လည်း လိုင်စင်မရှိသောဆိုင်ကယ်အခိုးခံရပါက ရဲစခန်းတွင် အမှုဖွင့်ရန်ခက်ခဲသဖြင့် မတိုင်ကြကြောင်း ဒေသခံများထံမှသိရသည်။

ဇူလိုင် ၁၂ရက်က ပျောက်ဆုံးသောဆိုင်ကယ်နှင့်ပတ်သက်၍ အဖျောက်မြို့နယ်မြေရဲစခန်းမှတစ်ဆင့် အခြား ရဲစခန်းများထံ အကြောင်းကြားထားပြီး ရှာဖွေနေကြောင်း အဖျောက်နယ်မြေ ရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။ ■ R-19

# မိတ္ထီလာတွင် ကျောင်းသူတစ်ဦး အစာအဆိပ်သင့်

**မိတ္ထီလာ၊ ဇူလိုင် ၁၂**

မိတ္ထီလာမြို့နယ် ညောင်ကိုင်းစံပြကျေးရွာရှိ အထကကျောင်းတွင် ဇူလိုင်လ ၁၂ ရက် နေ့လယ်ပိုင်းက ဆဋ္ဌမတန်းကျောင်းသူတစ်ဦးသည် ကျောင်းရှိ မုန့်ဆိုင်တွင် အကင်စားမိရာမှ အစာအဆိပ်သင့်သကဲ့သို့ဖြစ်ကာ သတိလစ်သွား၍ ဆေးရုံတင်ပို့လိုက်ရကြောင်း ဒေသခံများထံမှ သိရသည်။

"ထမင်းစားကျောင်းဆင်းပြီး ကျောင်းပြန်တက်တဲ့အချိန်မှာ ဖြစ်သွားတယ်လို့ သိရပါတယ်။ ကလေးက သတိလစ်ပြီး ပျော့ဖတ်နေတာ။ သူ့အဖေရောက်လာပြီး ထမ်းခေါ်သွားတာကို တွေ့ရတယ်။ ကျောင်းအုပ်ကြီးက ဆေးရုံကို အမြန်သွားဖို့ ပြောနေတာကိုလည်း ကြားရပါတယ်" ဟု အဆိုပါကျောင်းမှ ဆရာမတစ်ဦးက ပြောဆိုသည်။

အဆိုပါကလေးမှာ အသက် ၁၃ နှစ်အရွယ်ဖြစ်ပြီး ၎င်းသည်ကျောင်းရှိ မုန့်ဆိုင်မှ ကိုရီးယားအကင်စားပြီး ရေခဲရေသောက်ကာ ဗိုက်အောင့်ကြောင်း ပြောဆိုပြီး ပါးစပ်မှအမြှုပ်များထွက်ကာ သတိလစ်မေ့မြောသွား၍ မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း အဆိုပါဆေးရုံထံမှ သိရသည်။ ■ R-01

The VOICE Daily CARTOON




# NEWS IN BRIEF

## Vietjet လေကြောင်းလိုင်းကောင်တာ Terminal-1 သို့ပြောင်းရွှေ့

**ရန်ကုန်၊ ဇူလိုင် ၁၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ပြည်ပလေကြောင်းလိုင်းဖြစ်သည့် Vietjet လေကြောင်းလိုင်း၏ လက်မှတ်ကောင်တာကို ဇူလိုင်လ ၁၂ ရက်က အဆိုပါလေဆိပ် Terminal-2 မှ Terminal-1 ကို ပြောင်းရွှေ့လိုက်ကြောင်း အဆိုပါလေကြောင်းလိုင်းထံမှ သိရသည်။

Vietjet လေကြောင်းလိုင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Check-in area ရှိ Rob B၊ Counter အမှတ် ၇၊ ၈၊ ၉ တို့ကို Terminal-1 သို့ ပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်။ ■ J-06

# YBS ယာဉ်မောင်း ၅၅ ဦးကို ယာဉ်လိုင်းမှ ရာသက်ပန်ထုတ်

**ရန်ကုန်၊ ဇူလိုင် ၁၂**

ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး YUPTကုမ္ပဏီအောက်ရှိ ယာဉ်လိုင်းပေါင်း ၂၀ မှ ယာဉ်မောင်း ၅၅ ဦးကို ရာသက်ပန်ထုတ်ပယ်ခဲ့ကြောင်း အဆိုပါကုမ္ပဏီမှ ယာဉ်စစ်ဆေးရေးမှူး ဦးကျော်တင့်က ပြောကြားသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ အဆိုပါယာဉ်လိုင်း ၂၀ က ယာဉ်မတော်တဆမှု ၃၅၈ ကြိမ်ဖြစ်ပြီး သုံးဦးသေဆုံးကာ ၂၆ ဦး ဒဏ်ရာရရှိကြောင်း၊ ထို့ကြောင့် ခြောက်လအတွင်း စည်းကမ်းဖောက်ဖျက်သည့်ယာဉ်လုပ်သား ၅၅ ဦးကို ရာသက်ပန်ထုတ်ပယ်ကြောင်း YUPT ကုမ္ပဏီထံမှ သိရသည်။

"ယာဉ်တိုက်မှုက အသေးစားလည်း ပါသလို လူသေတဲ့အထိလည်း ဖြစ်ခဲ့တယ်။ မဆင်မခြင်မောင်းတဲ့ ယာဉ်မောင်းတွေကို ထိုက်သင့်တဲ့ပြစ်ဒဏ် ပေးထားပါတယ်" ဟု ဦးကျော်တင့်က ဆိုသည်။

စည်းကမ်းဖောက်ဖျက်မှုများအနက် ယာဉ်လုပ်သားအချင်းချင်း ခိုက်ရန်ဖြစ်ခြင်း၊ ယာဉ်တွင် တပ်ဆင်ထားသည့် CCTV ကိုမမြင်အောင်ကွယ်၍ ယာဉ်စီးခကောက်ခံခြင်း၊ ခရီးသည်ကို ရိုင်းပျစွာဆဲဆိုခြင်းနှင့် ပြင်းထန်သည့် ယာဉ်မတော်တဆမှုဖြစ်ခြင်း စသည့်ပြစ်မှုများကျူးလွန်ပါက ရာသက်ပန်ထုတ်ပယ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

YBS ယာဉ်လိုင်းစနစ်သစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်မှ ဒီဇင်ဘာလအထိ တစ်နှစ်အတွင်း YUPT လက်အောက်၌ တာဝန်ယူပြေးဆွဲနေသည့် ယာဉ်လိုင်းပေါင်း ၂၀ မှ ယာဉ်လုပ်သား ၁၁၉ ဦးကိုလည်း ရာသက်ပန်ထုတ်ပယ်ခဲ့ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီ YUPT လက်အောက်တွင် YBS ယာဉ်လိုင်းပေါင်း ၂၀ တာဝန်ယူပြေးဆွဲနေပြီး ယာဉ်တစ်လိုင်းတွင် ယာဉ်စီးရေ ၄၀ မှ ၁၀၀ စီးကျော်အထိရှိကာ ယာဉ်စီးရေပေါင်း ၁၂၇၀ စီးကျော်ဖြင့် ခရီးသည်ပို့ဆောင်လျက် ရှိသည်။ ■ J-06



ဓာတ်ပုံ - Lotte Hotel

# Lotte ဟိုတယ်၌ Wedding Show ပြုလုပ်မည်

**ရန်ကုန်၊ ဇူလိုင် ၁၂**

မင်္ဂလာပွဲနှင့်ပတ်သက်သည့်ဝန်ဆောင်မှုအားလုံးကို တစ်နေရာတည်းတွင် ရရှိနိုင်စေရန် ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ Lotte ဟိုတယ်၌ ဇူလိုင်လ ၂၁ နှင့် ၂၂ ရက်တို့တွင် The First Wedding Show ပွဲကို ပြုလုပ်မည်ဖြစ်ကြောင်း Lotte ဟိုတယ်ရန်ကုန်ထံမှ သိရသည်။

ယခုနှစ်ရောက်ရှိမည့် သီတင်းကျွတ်ကာလ မင်္ဂလာဆောင်ရာသီ၌ မင်္ဂလာပွဲကျင်းပရည်ရွယ်ထားသည့် မင်္ဂလာမောင်နှံများနှင့် မိဘများကို ရည်ရွယ်၍ ယခုပွဲကို ကျင်းပရခြင်းဖြစ်ပြီး ယင်းပွဲ၌ နာမည်ကြီးဒီဇိုင်နာများ၏ မင်္ဂလာဆောင်ဝတ်စုံများ၊ မိတ်ကပ်ဖန်တီးရှင်များ၏ မိတ်ကပ်ပြင်ဆင်မှုများနှင့် လက်ဝတ်ရတနာဒီဇိုင်းပေါင်းများစွာကို ပါဝင်ပြသမည်ဖြစ်ကြောင်း ယင်းဟိုတယ်ထံမှ သိရသည်။ ■

## NEWS IN BRIEF

### မူလတန်းကျောင်း ၁၅ ခုကို MPT က သန့်ရှင်းရေးပစ္စည်းများလှူဒါန်း

**ရန်ကုန်၊ ဇူလိုင် ၁၂**

ဆက်သွယ်ရေးအော်ပရေတာ MPT က မန္တလေးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ မူလတန်းကျောင်း ၁၅ ခုကို လက်သန့်ရှင်းရေးအတွက် လိုအပ်သည့်အထောက်အကူပြုပစ္စည်း ကျပ်သိန်း ၈၀၀ ကျော်ဖိုး လှူဒါန်းခဲ့ကြောင်း MPT ထံမှ သိရသည်။

အဆိုပါကျောင်းများတွင် ရေလှောင်ကန်နှင့်လက်ဆေးကန်များ ဆောက်လုပ်လှူဒါန်းပေးခြင်းအပြင် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်သည့် အသိပညာများတိုးပွားစေရန် လက်ဆေးခြင်းနည်းလမ်းများကို ကျောင်းသား၊ ကျောင်းသူများကိုလည်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း MPT ထံမှ သိရသည်။ ■ J-11

### တယ်လီနောက ပြည်ပ ၁၆ နိုင်ငံသို့ ဖုန်းခေါ်ခ လျှော့ချ

**ရန်ကုန်၊ ဇူလိုင် ၁၂**

ဆက်သွယ်ရေးအော်ပရေတာ တယ်လီနောမြန်မာက ပြည်ပနိုင်ငံပေါင်း ၁၆ နိုင်ငံသို့ တိုက်ရိုက်ဖုန်းခေါ်ဆိုရာတွင် တစ်မိနစ်လျှင် ၂၇ ကျပ်ဖြင့် ခေါ်ဆိုနိုင်မည့် Call Like Home အစီအစဉ်ကို ကြေညာသည်။

တယ်လီနော၏ Prepaid နှင့် Star Postpaid အသုံးပြုသူများအားလုံးသည် ဇူလိုင်လမှ စတင်ကာ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ မက္ကဆီကို၊ ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သြစတြေးလျ၊ နယူးဇီလန်၊ နော်ဝေ၊ ဂျာမနီနှင့် အစ္စရေးနိုင်ငံတို့သို့ တစ်မိနစ် ၂၇ ကျပ်ဖြင့် ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။

အဆိုပါအစီအစဉ်ကို My Telenor App မှ တစ်ဆင့် စာရင်းသွင်းရယူနိုင်မည်ဖြစ်ပြီး 500 သို့ IW27 ဟု စာတိုပေးပို့ခြင်း၊ *979*2*5*1# သို့ ဖုန်းခေါ်ဆို၍လည်း ရယူနိုင်မည်ဖြစ်ပြီး အပတ်စဉ်သုံး ဖုန်းခေါ်ဆိုမှု အစီအစဉ်သည် ကျပ် ၄၅၀ ကျသင့်မည်ဖြစ်ပြီး လစဉ်သုံးအစီအစဉ်အတွက် ကျပ် ၁၅၀၀ ကျသင့်မည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။ ■ J-01

# အပေါင်မဲ့ချေးငွေ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်ကဏ္ဍများကို ဦးစားပေးမည်

**ရန်ကုန်၊ ဇူလိုင် ၁၂**

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMID Bank) က သွင်းကုန်အစားထိုးနှင့် ပို့ကုန်အားပေးသည့် လုပ်ငန်းများတွင် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်အတွက် အပေါင်ပစ္စည်းမဲ့ ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် ဦးစားပေးထုတ်ချေးမည်ဖြစ်ကြောင်း SMID Bank ထံမှ သိရသည်။

အာမခံအပေါင်ပစ္စည်းအပေါ်တွင် အခြေမခံသည့် ငွေသားစီးဆင်းလည်ပတ်မှုကို အကဲဖြတ်ထုတ်ချေးသည့် ချေးငွေ (SMID CFB Loan – Cash Flow-Based Loan) ကို စိုက်ပျိုးရေးကဏ္ဍရှိ စပါး၊ ပြောင်းစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးကဏ္ဍရှိ ငါး၊ ပုစွန်၊ ကဏန်း၊ ကြက်၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်သည့်ကဏ္ဍရှိ စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်လုပ်ငန်းများကို ဦးစားပေးထုတ်ချေးပေးမည် ဖြစ်ကြောင်း ယင်းဘဏ်ထံမှ သိရသည်။

"တစ်ကေကို ကျပ်လေးသိန်းချေးမယ်ဆိုရင် လေးသိန်းလုံးကို တစ်ခါတည်း ပေးလိုက်မှာမဟုတ်ဘူး။ ချေးငွေယူပြီးတဲ့အခါ လုပ်ငန်းထဲအကုန်မသုံးဘဲ တခြားနေရာတွေသုံးလိုက်တဲ့အခါ ပြန်ဆပ်တဲ့အချိန်မှာ အခက်အခဲတွေတွေ့ရတတ်တဲ့အတွက် လုပ်ငန်းပြီးစီးတဲ့ အဆင့်အလိုက်ထုတ်ပေးမှာပါ" ဟု SMID Bank အမှုဆောင်အရာရှိချုပ် ဒေါက်တာဇေယျာညွန့်က ပြောကြားသည်။

အဆိုပါလုပ်ငန်းများကို ထုတ်ချေးပေးရန်အတွက် SMID Bank အနေနှင့် ကျပ်ဘီလီယံ ၁၀၀ လျာထားပြီး ချေးငွေပမာဏကျပ်သိန်း ၅၀၀ အထိ အများဆုံးထုတ်ချေးပေးမည်ဖြစ်ကာ တစ်လလျှင် အတိုးနှုန်း ၁ ရာခိုင်နှုန်းနှင့် သုံးနှစ်အတွင်း အကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ချေးငွေလျှောက်ထားလိုသူများသည် အသက် ၂၀ နှင့် ၆၀ ကြား ရှိရမည်ဖြစ်ပြီး စီးပွားရေးနယ်ပယ်တွင် လုပ်ငန်းလုပ်သက် ၂ နှစ်နှင့်အထက် ရှိရမည်ဖြစ်ကာ တင်ပြသည့်လုပ်ငန်းသည် အနည်းဆုံး တစ်နှစ်နှင့်အထက် ဆက်တိုက်လည်ပတ်နေသည့်လုပ်ငန်းဖြစ်ရမည်ဖြစ်ပြီး SME အသင်းဝင်ကတ်နှင့် ချေးငွေလျှောက်ထားသည့် ရည်ရွယ်ချက်ကို အသေးစိတ်တင်ပြရမည်ဖြစ်ကြောင်း SMID Bank ထံမှ သိရသည်။

ချေးငွေလျှောက်လွှာများကို SME Center များတွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကာ ချေးငွေအကြောင်းအသေးစိတ်သိရှိလိုပါက SMID Bank ၏ SME Banking Department ဖုန်း ၀၁- ၂၃၀၂၃၃၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ယင်းဘဏ်ထံမှ သိရသည်။

■ J-11



ဓာတ်ပုံ - ရဲပြည့်ဇာနည်

# စက်သုံးဆီဈေး ထပ်တက်

**ရန်ကုန်၊ ဇူလိုင် ၁၂**

ဒေါ်လာဈေး ဆက်တိုက်တက်နေခြင်းကြောင့် စက်သုံးဆီဈေးနှုန်းများ ထပ်မံမြင့်တက်ကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

စက်သုံးဆီဈေးသည် ဇူလိုင်လပထမပတ်အတွင်းက လက်လီဈေးကွက်တွင် တစ်လီတာလျှင် ၁၀ ကျပ်မှ ၁၅ ကျပ်အထိ မြင့်တက်ခဲ့ရာမှ ယခုအခါ တစ်လီတာလျှင် ၁၀ ကျပ်ခန့် ဈေးထပ်တက်ကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိစက်သုံးဆီဈေးကွက်အတွင်း Mops ဈေးနှုန်းများငြိမ်သက်နေသော်လည်း ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်နေသည့်အတွက် ဆက်လက်မြင့်တက်လာခြင်းဖြစ်ပြီး လက်ရှိအခြေအနေအရ စက်သုံးဆီဈေးသည် ဒေါ်လာဈေးအပြောင်းအလဲပေါ်မူတည်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်များက ဆိုသည်။

လက်ရှိစက်သုံးဆီ လက်လီဈေးနှုန်းသည် ဒီဇယ်တစ်လီတာလျှင် ၉၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ၈၉၀ ကျပ်နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၉၄၀ ကျပ်ဈေးရှိပြီး ပြည်ပဈေးသည် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၈၊ အဆင့်မြင့်ဒီဇယ်တစ်စည်လျှင် ၈၉ ဒေါ်လာ၊ အောက်တိန်း ၉၂ တစ်စည်လျှင် ၈၃ ဒေါ်လာ၊ အောက်တိန်း ၉၅ တစ်စည်လျှင် ၈၅ ဒေါ်လာဈေးရှိကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

လတ်တလော ဒေါ်လာဈေးကွက်အတွင်း ပြင်ပဈေးသည် တစ်ဒေါ်လာလျှင် ၁၄၀၆ ကျပ်၊ ပုဂ္ဂလိကဘဏ်ဈေးသည် တစ်ဒေါ်လာလျှင် ၁၄၀၈ ကျပ်နှင့် ဗဟိုဘဏ်ဈေးသည် တစ်ဒေါ်လာလျှင် ၁၄၀၆ ကျပ်ဈေးရှိကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

■ S-04

# တရုတ်သို့ မြန်မာ့ငါးတန် စပို့

**ရန်ကုန်၊ ဇူလိုင် ၁၂**

တရုတ်နိုင်ငံသို့ ဇူလိုင်လမှစတင်၍ မြန်မာ့ရေချိုငါးတန် ကွန်တိန်နာတစ်လုံး စတင်၍တင်ပို့လိုက်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

နောက်ပိုင်းတွင်လည်း တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုက တစ်လလျှင် ငါးတန်ကွန်တိန်နာအလုံး ၃၀ ဝယ်ယူရန်ကမ်းလှမ်းထားပြီး ဇူလိုင်လပထမအပတ်က ကွန်တိန်နာတစ်လုံး စမ်းသပ်တင်ပို့လိုက်ခြင်းဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင် ဦးခန့်ဇော်အောင်က ပြောကြားသည်။

"တရုတ်ကို အခုပထမဦးဆုံး ငါးတန်ကွန်တိန်နာတစ်လုံး စပို့လိုက်ပြီဖြစ်ပါတယ်။ တစ်လကိုကွန်တိန်နာအလုံး ၃၀ ဝယ်ဖို့ အော်ဒါမှာထားတာရှိပါတယ်။ အခုဝယ်တဲ့ တရုတ်ကုမ္ပဏီက ငါးတန်ချိန်ကို သိန်းနဲ့ချီဝယ်နေတာပါ။ မြန်မာနိုင်ငံကနေ နောက်ပိုင်းပို့မယ့် လုပ်ငန်းရှင်ကြီးတွေလည်း ရှိပါသေးတယ်" ဟု ၎င်းကပြောဆိုသည်။

တရုတ်နိုင်ငံသို့ ရေချိုငါးတန် ကွန်တိန်နာတစ်လုံး စမ်းသပ်တင်ပို့လိုက်သည့်အခါ မြန်မာနိုင်ငံမှတင်ပို့သည့် ဟိုက်ပိုသားမတ်စ် ငါးတန်မျိုးစိတ်သည် တရုတ်နိုင်ငံ၏ FDA ဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် တင်ပို့ရာတွင် အခက်အခဲဖြစ်ပေါ်နေကြောင်း ယင်းလုပ်ငန်းရှင်များထံမှ သိရသည်။

"ကွန်တိန်နာတစ်လုံး အရင်ဆုံးစပို့လိုက်တာ ပြဿနာတက်တာပဲ။ ဒီကပို့တဲ့ ဟိုက်ပိုသားမတ်စ်မျိုးက တရုတ်ရဲ့ FDA အချက်အလက်ထဲမှာ မရှိဘူး။ သူတို့အချက်အလက်ထဲမှာရှိတဲ့ မြန်မာနိုင်ငံရဲ့ ငါးတန်မျိုးစိတ်က အဖြူမျိုးဖြစ်နေတယ်။ ဒီမှာမွေးတာက အဖြူမျိုး မဟုတ်ဘူး။ ဒါကြောင့် အစိုးရချင်း မြန်မာနိုင်ငံကမျိုးကို လက်ခံပေးဖို့နဲ့ စာရင်းသွင်းပေးဖို့ ပြောပေးစေချင်ပါတယ်" ဟု မွေးမြူရေးလုပ်ငန်းရှင် ဦးဇော်လင်းက ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံတွင် မွေးမြူနေသည့် ငါးတန်သည် ဟိုက်ပိုသားမတ်စ်မျိုးစိတ်ဖြစ်ပြီး ငါးတန်အဖြူမျိုးသည် ကြီးထွားချိန်ကြာမြင့်ခြင်း၊ ရောဂါဖြစ်ပွားနှုန်း များခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် ဆက်လက်မမွေးမြူတော့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဟိုက်ပိုသားမတ်စ်ငါးတန်မျိုးကိုသာ မွေးမြူသည်ဟု ငါးလုပ်ငန်းဦးစီးဌာနက ထောက်ခံပေးစေလိုကြောင်း ပို့ကုန်လုပ်ငန်းရှင် ဒေါ်တိုးနန္ဒာတင်က ပြောဆိုသည်။

"ငါးတန်အဖြူက မွေးတဲ့သက်တမ်းက ရှည်တယ်။ ရောဂါဖြစ်တာလည်း လွယ်တဲ့အတွက်မမွေးကြတာ။ ဒါကြောင့် တရုတ်နိုင်ငံရဲ့ FDA ဝက်ဘ်ဆိုက်မှာ အခုတင်ပို့မယ့် ဟိုက်ပိုသားမတ်စ်မျိုးရော၊ ငါးတန်အဖြူမျိုးရော နှစ်မျိုးလုံးရှိအောင် လုပ်ပေးရမယ်။ ငါးတန်က အခုမှပထမဆုံး စပို့တာ" ဟု ၎င်းကဆိုသည်။ ■ J-11

# လက်မှုပစ္စည်း အလုပ်ရုံငယ်များကို အခွန်ကင်းလွတ်ခွင့်ပေးရန်တင်ပြ

**ရန်ကုန်၊ ဇူလိုင် ၁၂**

မြန်မာ့လက်မှုပစ္စည်းဈေးကွက် အေးစက်နေသည့်အတွက် အလုပ်သမား ၁၀ ဦးထက်မပိုသည့် လက်မှုပစ္စည်းထုတ်လုပ်သည့် အလုပ်ရုံငယ်များကို အချိန်ကာလတစ်ခုအထိ အခွန်ကင်းလွတ်ခွင့်ပေးရန် (သို့မဟုတ်) အခွန်လျှော့ပေါ့ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း မြန်မာ့လက်မှု အနုပညာအသင်းထံမှ သိရသည်။

လက်ရှိတွင် လက်မှုပစ္စည်းလုပ်ငန်းများအနေနှင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ပြည်ပမှလိုအပ်သည့် ပစ္စည်းများ တင်သွင်းပါက အကောက်ခွန်၊ ဆိပ်ကမ်းခွန်နှင့် အခြားအခွန်အမျိုးအစားများကို ပေးဆောင်နေရခြင်းဖြစ်သည်။

လက်မှုပစ္စည်းများ ရောင်းဝယ်အားကောင်းမွန်လာပါက အခွန်ပြန်လည်ပေးဆောင်နိုင်မည်ဖြစ်ပြီး မြန်မာ့လက်မှုပစ္စည်းများကို ဥရောပဈေးကွက်၊ အမေရိကန်ဈေးကွက်များကဲ့သို့ ဈေးကွက်ကြီးများကို ထိုးဖောက်နိုင်ရန်အတွက် အစိုးရက ကူညီပံ့ပိုးပေးရန်နှင့် ကြီးမားသည့်ဈေးကွက်ရရှိမှသာ ထုတ်လုပ်မှုမြင့်တက်နိုင်မည်ဖြစ်ကြောင်း မြန်မာ့လက်မှုအနုပညာအသင်းဥက္ကဋ္ဌ ဦးသာဓုက ပြောကြား သည်။

ထို့ပြင် လက်မှုအနုပညာပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်များ၊ အခက်အခဲများတင်ပြရန် သက်ဆိုင်သည့် အစိုးရဝန်ကြီးဌာနများနှင့် တစ်နှစ်လျှင် သုံးကြိမ်၊ လေးကြိမ် တွေ့ဆုံဆွေးနွေးခွင့်ပြုရန်၊ လက်မှုအနုပညာပစ္စည်းများအနေနှင့် ပစ္စည်းမှန်၊ ဈေးမှန်ရရှိစေရန် အစိုးရအနေနှင့် လက်မှုအနုပညာစင်တာတစ်ခု တည်ထောင်ပေးရန်နှင့် အချို့အလုပ်ရုံများမှာ စရိတ်ဖိစီးမှု ကြုံတွေ့နေရသဖြင့် လက်မှုအလုပ်ရုံများကိုစုစည်း၍ လက်မှုရွာတစ်ခု စုစည်းတည်ထောင်ပေးရန် စသည့်အချက်များကို ထည့်သွင်းတင်ပြထားကြောင်း မြန်မာ့လက်မှု အနုပညာအသင်းထံမှ သိရသည်။ ■ J-11

# သီလဝါတွင် သုံးလအတွင်း ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရှိ

**ရန်ကုန်၊ ဇူလိုင် ၁၂**

သီလဝါအထူးစီးပွားရေးဇုန်တွင် ယခုဘဏ္ဍာနှစ် ကြားကာလ သုံးလအတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်အထိရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၈ ခုနှစ် ဧပြီလမှ ဇူလိုင်လပထမသီတင်းပတ်အထိ ပြည်တွင်းပြည်ပကုမ္ပဏီများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၈၄၂ ဒသမ ၀၀၈ သန်းဖြစ်ကြောင်း ယင်းဌာနအကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)ကို တည်ဆောက်ပြီးစီးနေပြီဖြစ်၍ အပိုင်း(ခ) မြေကွက်များကိုလည်း ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းများကို စတင်ရောင်းချပေးနေပြီဖြစ်ကြောင်း အဆိုပါအထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်တည်ဆောက်နေသည့် MJTD ကုမ္ပဏီထံမှ သိရသည်။

လတ်တလောတွင် သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၁၇ ခုမှ စီးပွားရေးလုပ်ငန်းပေါင်း ၉၄ ခုခန့်က ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ယင်းလုပ်ငန်းထက်ဝက်ခန့်မှာ လုပ်ငန်းများ စတင်လည်ပတ်နေပြီဖြစ်ကာ အလုပ်အကိုင် အခွင့်အလမ်းပေါင်း တစ်သောင်းကျော်အထိ ဖန်တီးပေးထားနိုင်ကြောင်း MJTD ထံမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံလျက်ရှိသောလုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်း၊ သံမဏိအဆောက်အအုံပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဘိလပ်မြေစက်ရုံ၊ ဆောက်လုပ်ရေးနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သောစက်ရုံများ၊ စားသောက်ကုန်စက်ရုံများ၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများအပါအဝင် လယ်ယာစိုက်ပျိုးရေး ဆက်စပ်လုပ်ငန်းများ၊ မော်တော်ယာဉ်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်အပိုပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်း ထုတ်လုပ်သည့်စက်ရုံတို့ဖြစ်သည်။

■ J-01

## ဇူလိုင် ၁၂ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 10(AM) Price | 11(AM) Price | 12(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|---|---|
| FMI | 12000 | 11500 | 12000 | 12000 | 12000 | - | 2214 | 26,535,000 |
| MTSH | 3250 | 3200 | 3250 | 3250 | 3250 | - | 5005 | 16,263,250 |
| MCB | 7500 | 7500 | 7500 | 7500 | 7500 | - | 0 | 0 |
| FPB | 23500 | 23500 | 23500 | 23000 | 23500 | - | 300 | 7,001,500 |
| TMH | 2900 | 2900 | 2900 | 2900 | 2950 | - | 100 | 295,000 |

# ကုမ္ပဏီမီတာခ ပြန်ညှိပေးရန် ရေးဒေသခံများတောင်းဆို

**မော်လမြိုင်၊ ဇူလိုင် ၁၂**

မွန်ပြည်နယ် ရေးမြို့နယ် မြောက်ပိုင်း ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းလုပ်ဆောင်နေသည့် Southern Myanmar Development ကုမ္ပဏီမှ လျှပ်စစ်မီး မီတာခ ကောက်ယူသည့်အပေါ် ဈေးနှုန်း ပြန်လည် ညှိနှိုင်းပေးရန် ဒေသခံများက ဇူလိုင်လ ၁၂ရက်တွင် မွန်ပြည်နယ်လွှတ်တော်မှတစ်ဆင့် တောင်းဆိုသည်။

ရေးမြို့နယ် မြောက်ပိုင်းတွင် ပုဂ္ဂလိကပိုင် လျှပ်စစ်ကုမ္ပဏီမှ လျှပ်စစ်မီးဖြန့်ဖြူးရန်အတွက် ကျေးရွာပေါင်း ၉ ရွာကို လျှပ်စစ်မီးကြိုးများ သွယ်တန်းထားကြောင်း၊ ကျေးရွာအချို့မှာ မီးလင်းနေပြီး မီတာခ ကောက်ခံရာတွင် ယခင်သတ်မှတ်ထားသည့် ဈေးနှုန်းထက် ၂၀၀ ကျပ်ခန့်ပိုနေသည့်အတွက် ယခုကဲ့သို့ ပြန်လည် ညှိနှိုင်းပေးရန် တောင်းဆိုရခြင်းဖြစ်ကြောင်း တောင်ပြင်ကျေးရွာမှ နိုင်အောက်စား က ပြောသည်။

"ပထမ သူတို့ပြောတုန်းက တစ်ယူနစ်ကို ၂၈၅ ကျပ်နဲ့ ကောက်မယ်၊ ဈေးနှုန်းအတက်အကျကိုတော့ ဆီဈေးပေါ်မူတည်ပြီး ၂၀ ရာခိုင်နှုန်း ဈေးတိုးဖို့တော့ပြောထားတယ်၊ အခုလက်ရှိမှာ မီးလင်းတဲ့ရွာတချို့မှာ ကောက်တဲ့ဈေးနှုန်းတွေကြောင့် ကျွန်တော်တို့ဘက်မှာတော့ ခဏရပ်ထားဖို့ ပြောထားပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ကျေးရွာတွင် မီးလင်းသည်မှာ ၃လခန့်ရှိနေပြီး ယခင်က လမ်းမီးကို ဒေသခံများပေးရန်မလိုဟုဆိုသော်လည်း ယခုအခါ လမ်းမီးအတွက် တစ်အိမ်ကို တစ်ထောင်ကျပ်ပေးဖို့ပြောကြောင်း၊ လူတိုင်းအတွက် အရေးပါနေသော လျှပ်စစ်မီးကိုဖြတ်တောက်ရန်မဖြစ်နိုင်သဖြင့် ပြန်လည်ညှိနှိုင်းရန်လိုအပ်ကြောင်း နှစ်ကရင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ပြောသည်။

ကျေးရွာလမ်းများတွင် ထွန်းထားသည့် လမ်းမီးအတွက်ကို တစ်အိမ်လျှင် ၅၉၅၀ ကျပ် ပေးရကြောင်း၊ အိမ်သုံး လျှပ်စစ်မီးအတွက် တစ်ယူနစ်လျှင် ၄၂၅ ကျပ် ပေးဆောင်ရကြောင်း၊ အချို့အိမ်မှာ မီတာခ ၁ သိန်းကျော်အထိ ပေးဆောင်ရကြောင်း၊ ယင်းအပြင် မီတာထိန်းသိမ်းခကို တစ်လလျှင် ၅၀၀ ကျပ် ထပ်မံ ပေးဆောင်ရကြောင်း ၎င်းက ရှင်းပြသည်။

ဇွန်လ ၁၂ ရက်က မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက လျှပ်စစ်မီးကိစ္စရပ်နှင့် ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံခဲ့ရာ ဒေသခံများမှာ အချက် (၅) ချက်ကို လွှတ်တော်မှတစ်ဆင့် ကုမ္ပဏီနှင့် ညှိနှိုင်းပေးရန် တောင်းဆိုခဲ့သည်။

တောင်းဆိုချက်များမှာ မီတာခ နှုန်းထားတွက်ရာတွင် ဆီပေါက်ဈေးနှင့် တွက်ချက်သဖြင့် ရန်ကုန် ဆီပေါက်ဈေးနှင့် တွက်ချက်ပေးရန်၊ ဆီတစ်ဂါလန်ကို ၁၂ ယူနစ်သတ်မှတ်ပေးရန်၊ ဆီဈေး၏ လစဉ် ၁၅ ရက်နေ့ ပေါက်ဈေးအတိုင်း တွက်ချက်ပေးရန်၊ ဆီဈေးအတက်အကျကြောင့် မီတာခ ဈေးနှုန်း ၂၀ ရာခိုင်နှုန်း အတက်အကျအတွက် မီးလင်းရေးကော်မတီနှင့် ညှိနှိုင်းပြီးမှသာ ဈေးနှုန်းတင်ရန်၊ ကျေးရွာလမ်းများတွင် ထွန်းထားသည့် လမ်းမီးအတွက် တစ်အိမ်လျှင် ကျပ် ၁ ထောင်သာ သတ်မှတ်ပေးသွင်းရန် စသည့် အချက်တို့ကို တောင်းဆိုခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းကိစ္စရပ်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးကာ ရလာသည့်အချက်အလက်များကို စုစည်းပြီး လွှတ်တော်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေး၍ အစိုးရ သော်လည်းကောင်း၊ ကုမ္ပဏီကို သော်လည်းကောင်း ခေါ်ယူ၍ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပြည်နယ် လွှတ်တော်ဒုဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။ ■ **R-21**


ဓာတ်ပုံ-ခတ္တာနွန်

---

# နေပြည်တော်မှ ကားငှားပြီး ခိုးပြေးသူငါးဦးကို မင်းတုန်းတွင် ဖမ်းမိ

**ပြည်၊ ဇူလိုင် ၁၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ အငှားကား ငှားလာပြီး ပြည်မြို့ ရွှေတံခါးဘုတာအနီး၌ သွားရောက်လိုသည့်အိမ်ကို ရှာဖွေရန် ခေတ္တရပ်ခိုင်းပြီးနောက် ကားကို ခိုးယူသွားခဲ့သူငါးဦးကို မင်းတုန်းမြို့နယ်တွင် ဇူလိုင်လ ၁၂ ရက်နေ့မွန်းလွဲ ၃ နာရီကျော်က ဖမ်းဆီးရမိခဲ့ကြောင်း မဲဇလီနယ်မြေရဲစခန်းထံမှ သိရသည်။

ဇူလိုင်လ ၁၁ ရက်နေ့က နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်မှ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးနှင့် တစ်နှစ်အရွယ် ကလေးငယ်တစ်ဦးတို့သည် ဇူလိုင်လ ၁၁ ရက်နေ့တွင် ကားငှားစီးလာပြီး ဇူလိုင်လ ၁၂ ရက်နေ့၌ ပြည်မြို့ ရွှေတံခါးဘူတာသို့အရောက် နံနက် ၅ နာရီကျော်တွင် ငှားရမ်းလာသူများက သွားရောက်မည့်လိပ်စာရှာဖွေရန်ကားကို ခေတ္တရပ်ခိုင်းခဲ့ပြီး ကားမောင်းနှင်လာသူ အပေါ့သွားစဉ် ခိုးယူမောင်းနှင်သွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါစခန်းထံမှ သိရသည်။

"ခိုးယူခံရတဲ့သတင်းရတော့ လမ်းတွေမှာ ပိတ်ဆို့ရှာဖွေမှုတွေလုပ်တဲ့အခါ ကားကို အနောက်လှည့်ပြီးပြန်ပြေးကြတာနဲ့ လိုက်ဖမ်းတယ်။ ပုသိမ်-မုံရွာကားလမ်းအနီးမှာ ကားကိုလမ်းဘေးထိုးရပ်ပြီး ထွက်ပြေးသွားကြတာပါ။ အခုညနေမှာ အားလုံးကိုဖမ်းဆီးရမိပါပြီ" ဟု မဲဇလီနယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လက်ရှိ ဖမ်းဆီးရမိထားသည့် ကားခိုးယူလာသူငါးဦးကို မကွေးတိုင်း မင်းတုန်းမြို့နယ် မဲဇလီနယ်မြေရဲစခန်းက ပြည်မြို့ အမှတ် (၃) ရဲစခန်းသို့ လွှဲပြောင်းနေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ရဲတွေရော မီးသတ်တွေရောက လမ်းမှာစောင့်ဖမ်းနေကြတော့ ကားကပြန်လှည့်ပြေးသွားတာနဲ့ နောက်ကနေဆိုင်ကယ်တွေနဲ့ လိုက်ကြရတာ၊ လမ်းဘေးမှာကားထိုးရပ်ပြီးဆင်းပြေးတော့ ရွာသားတွေဝိုင်းဖမ်းပေးကြတာ"ဟု မဲဇလီဒေသခံ ဦးနေမျိုးလူက ပြောဆိုသည်။

အဆိုပါ ကားခိုးယူထွက်ပြေးသူ အသက် ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၂၅ နှစ်နှင့် ၂၇ နှစ်အရွယ် အမျိုးသားနှစ်ဦး၊ အသက်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦးတို့ကို ပြည်မြို့ အမှတ် ၃ ရဲစခန်းက ပ ၂၄၇/၂၀၁၈ ရာဇသတ်ကြီး ပုဒ်မ ၃၇၉အရ အမှုဖွင့်အရေးယူထားကြောင်း ပြည်မြို့အမှတ် ၃ နယ်မြေရဲစခန်းထံမှ စုံစမ်းသိရှိရသည်။ ■

**M-06**

---

# ဖျာပုံတွင် စိတ်ကြွမူးယစ်ဆေးပြား ၂၆၀၀ ကျော် ဖမ်းမိ

**ပုသိမ်၊ ဇူလိုင် ၁၂**

ဧရာဝတီတိုင်း ဖျာပုံမြို့တွင် ဇူလိုင် ၁၁ ရက်နေ့က WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား ၂၆၀၀ ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း ဖျာပုံမြို့မရဲစခန်းထံမှ သိရသည်။

သတင်းအရ ဦးသူရအောင်(ခေါ်) သူရ(၂၅ နှစ်)နေထိုင်သည့် ဘုရင့်နောင်လမ်း၊ အမှတ် ၉ ရပ်ကွက်ရှိနေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ WY ဆေးပြားနှင့် ဆေးခြောက်အစေ့များ ဖမ်းမိခဲ့ပြီးနောက် ဆက်လက်၍ အမှတ် ၄ ရပ်ကွက် မဓာဝီလမ်းတွင်နေထိုင်သူ ဦးဟိန်းမင်းအောင် (ခေါ်)ဟိန်းမင်း(၂၇ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ကျပ်သိန်း ၂၀ နှင့်အတူ WY ဆေးပြားများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဦးသူရအောင်(ခေါ်)သူရကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ပုဒ်မ ၁၆ (ဂ)၊ ၂၀(က)၊ ၂၁ တို့ဖြင့်လည်းကောင်း၊ ဦးဟိန်းမင်းအောင်(ခေါ်)ဟိန်းမင်းနှင့် ဦးဝင်းနိုင်(ခေါ်)ဖိုးတုတ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ပုဒ်မ ၁၉ (က)၊ ၂၀(က)၊ ၂၁ တို့ဖြင့်လည်းကောင်း ဖျာပုံမြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။ ■

**R-12**

## ကုသိုလ်လမ်းညွှန်



တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ အသစ်တည်ထောင်တာ နှစ်လပဲရှိသေးတဲ့ ဘိုးဘွားရိပ်သာကို ကုသိုလ်ပြုနိုင်ဖို့ပါ။ ရန်ကုန်ဒဂုံဆိပ်ကမ်းမြို့နယ်မှာ YGW က အသစ်ဖွင့်လိုက်တဲ့ ဘိုးဘွားရိပ်သာမှာ စွန့်ပစ်ခံ အဘိုးအဘွား ၁၂ ယောက် ရှိပါတယ်။ အဘိုးအဘွားတွေက ကျန်းမာရေးမကောင်းတာမို့ ခက်ခက်ခဲခဲ ရုန်းကန်နေရတာဖြစ်ပြီး တတ်အားသရွေ့ပါဝင်လှူဒါန်းမယ့် အလှူရှင်တွေ လိုအပ်နေပါတယ်။ အသေးစိတ် သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် အရှင်ဝိဇယ ဖုန်း ၀၉ ၄၅၉၀၀၀၁၄၄၊ ၀၉ ၇၉၆၈၀၉၇၅၇ ကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



# ရန်ကုန်၊ မွန်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးမည်

**ရန်ကုန်၊ ဇူလိုင် ၁၂**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် မုတ်သုံလေအားကောင်းလာနိုင်ရာ မြန်မာနိုင်ငံတစ်ဝန်း နေရာအနှံ့အပြားမိုးရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

ဇူလိုင်လ ၁၃ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာနိုင်ပြီး ဇူလိုင်လ ၁၅ ရက်နေ့ဝန်းကျင်၌ အိန္ဒိယနိုင်ငံဘက်သို့ ရွေ့လျားဝင်ရောက်နိုင်ကြောင်း၊ ယင်းအရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဒေသအလိုက် မိုးများနိုင်သဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို သတိပြုသင့်ကြောင်း ၎င်းက ပြောဆိုသည်။

“ကမ်းရိုးတန်းတွေမှာ မိုးများမယ်။ လေဖိအားနည်းရပ်ဝန်းဖြစ်လာရင်လည်း အလယ်ပိုင်းတွေမှာလည်း မိုးအနည်းငယ်ရမယ်။ ရန်ကုန်မှာလည်း မိုးများနိုင်တယ်” ဟု ဒေါက်တာကျော်မိုးဦးက ဆိုသည်။

မုတ်သုံလေအားအလွန်ကောင်းနေသည့်အချိန်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မိုးသက်လေပြင်းတိုက်ခတ်ခြင်းတို့လည်း ဒေသအလိုက်ဖြစ်ပေါ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းသို့မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသ၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအမြင့်မှာ ၁၀ ပေမှ ၁၂ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့် ရှိနိုင်ကြောင်း သတိပေးထားသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဇူလိုင်လ ၁၃ ရက်နေ့အတွက် ခန့်မှန်းချက်ထုတ်ပြန်ထားသည်။ ■E-03

# မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ ငလျင်လှုပ်

**ရန်ကုန်၊ ဇူလိုင် ၁၂**

မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ ဇူလိုင်လ ၁၂ ရက်နေ့ နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲထံမှ သိရသည်။

အဆိုပါမြေငလျင်သည် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၆၁ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် အနက် ၁၁၈ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အင်အားရစ်ခ်တာစကေး ၅ အဆင့်ရှိကြောင်း အဆိုပါဌာနထံမှ သိရသည်။

ပြီးခဲ့သည့်ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းကလည်း မြန်မာ့ပင်လယ်ပြင် အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ခ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့သည်။ ■E-03

## ဈေးဝယ်လမ်းညွှန်

### ဖုန်းနဲ့ ဂိမ်းကစားသူတွေ အဆင်ပြေစေမယ့် Shooter ပါ တစ်ပါတည်းတွဲပါတဲ့ Game Handle

စမတ်ဖုန်းနဲ့ ဂိမ်းကစားလေ့ရှိသူတွေအတွက် Handle နဲ့ Shooter တွဲလျက်ပါတဲ့ Game Handle လေးကို ညွှန်ပေးချင်ပါတယ်။ ခုနောက်ပိုင်း ကစားများတဲ့ PUBG နဲ့ FREE FIRE ဂိမ်းကစားသူတွေနဲ့ သင့်တော်တဲ့ Game Handle လေးဖြစ်ပြီး လက်ကိုင်တစ်ပါတည်းပါတဲ့ အားသာချက်ရှိသလို ခလုတ်အမျိုးအစားကောင်းလို့ နှိပ်တဲ့အခါ အဆင်ပြေတယ်လို့ ရောင်းချသူက အာမခံစကားဆိုထားပါတယ်။ လိုချင်တဲ့ပစ်မှတ်ကို ပိုပြီး တိကျစွာပစ်နိုင်မှာဖြစ်ပြီး ဖုန်းမျက်နှာပြင် ထိခိုက်တာကို ကာကွယ်ပေးနိုင်မှာပါ။ ဈေးနှုန်းက ဘယ်ညာတစ်စုံကို ၁၀,၀၀၀ ကျပ်ကျသင့်မှာဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် M1 Myanmar အမှတ် ၅၄/၅၆၊ ၄၃ လမ်း(ကမ်းနားဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉ ၉၆၃၂၁၀၄၆၀၊ ၀၉ ၄၅၂၂၂၁၈၃၈ မှာ သွားဝယ်နိုင်မှာပါ။ ■



The VOICE Daily CARTOON




**The Voice Daily**

လစပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များအဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ရန်ကုန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၂၅၉ ၂၃၅ ၁၈၆

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ဖျော်ဖြေပွဲတွေ၊ ပြပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## NUAC Orchestar Music Showcase 2018

နှစ်စဉ် အမြဲကျင်းပတဲ့ NUAC Orchestar Music Showcase 2018 ဖျော်ဖြေရေးပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ် (NUAC) က ဌာနမှူး အကယ်ဒမီ ခီရာမိုရ်က Music Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်က ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်တို့ရဲ့ဖျော်ဖြေတင်ဆက်မှုတွေကိုလည်း ကြည့်ရှုသွားရမှာဖြစ်ပါတယ်။ ဒ့ါအပြင် တေးသံရှင် R-ဇာနည်၊ ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်၊ အောင်ထက်၊ အိမ့်ချစ်နဲ့ DJ Wine တို့ရဲ့ဖျော်ဖြေမှုတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ NUAC Orchestar Music Showcase 2018 ဖျော်ဖြေရေးပွဲကို ဇူလိုင် ၁၃ ရက်နေ့၊ ည ၇ နာရီ အမျိုးသားကဇာတ်ရုံမှာပြုလုပ်သွားမှာဖြစ်ပါတယ်။ လက်မှတ်ဈေးနှုန်းတွေက ၁၀,၀၀၀ ကျပ်၊ ၁၅,၀၀၀ ကျပ်၊ ၂၀,၀၀၀ကျပ်၊ ၃၀,၀၀၀ ကျပ်၊ ၃၅,၀၀၀ ကျပ်၊ ၄၀,၀၀၀ ကျပ်နဲ့ ၅၀,၀၀၀ ကျပ်တို့ဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉-၉၅၃၄၇၂၂၆၇ ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■



## ခေတ်စုံအလှစုံ ပန်းချီပြပွဲ



ပန်းချီပြပွဲတွေ သွားချင်တယ်ဆိုရင် ပန်းချီဦးမာလာရဲ့ခေတ်စုံအလှစုံ ပန်းချီပြပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ ပန်းချီဦးမာလာရဲ့ လက်ရာမြောက်တဲ့ ပန်းချီကားချပ်တွေကို ကြည့်ရှုခံစားရမှာဖြစ်ပြီး ဇူလိုင်လ ၁၆ ရက်နေ့ကနေ ဇူလိုင်လ ၁၈ ရက်နေ့ နံနက် ၁၀ နာရီကနေ ညနေ ၄ နာရီအထိ အမျိုးသားပြတိုက်မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

## Young New Generation Leaders of Tomorrow ပွဲ

လူငယ်လူရွယ်တွေ စိတ်ခာတ်ခွန်အားတွေရရှိစေဖို့နဲ့ အောင်မြင်မှုတွေရရှိဖို့အတွက် သိသင့်တဲ့ အချက်အလက်တွေကို ဝေမျှပေးမယ့် Young New Generation Leaders of Tomorrow ပွဲလေးကို ညွှန်းချင်တယ်။ ဒီပွဲမှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နိုင်ဖို့အတွက် အဓိကလိုအပ်ချက်တွေ၊ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ရှိသင့်တဲ့ ပေါင်းသင်းဆက်ဆံရေးအတတ်ပညာတွေနဲ့ ကိုယ့်အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် သူတို့ရဲ့ကြိုးပမ်းမှု စတဲ့ သိသင့်တဲ့အချက်အလက်တွေကို ဝေမျှသွားမှာဖြစ်ပါတယ်။ Young New Generation Leaders of Tomorrow ပွဲမှာ ဆွေးနွေးပေးမယ့်သူတွေကတော့ လုလုဝင်း (Founder & CEO of 360ed)၊ ဒေါက်တာစိုးညီညီထွန်း(Doctor & Television Personality)၊ ချစ်အိမ်သူ (Managing Director of CCEducare) နဲ့ နှင်းသွေးယုအောင် (Miss Universe Myanmar 2018 ) တို့က ဆွေးနွေးပေးသွားမှာဖြစ်ပြီး တက်ရောက်လာတဲ့သူတွေအတွက် သိချင်တဲ့အချက်အလက်တွေကို မေးမြန်းနိုင်ဖို့ Workshop Activities ကိုလည်း ထည့်သွင်းထားပါ တယ်။ ဒီပွဲကို ဇူလိုင်လ ၁၅ ရက်နေ့ မွန်းတည့် ၁၂ နာရီခွဲ ကနေ ညနေ ၃ နာရီခွဲအထိ Nanyeng International College မှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ဝင်ကြေးကို ၃၀၀၀ ကျပ် သတ်မှတ်ထားပြီး ကြိုတင်နာမည်စာရင်း ပေးသွင်းထားတဲ့သူတွေအတွက် ၂၀၀၀ ကျပ် ဖြစ်ကာ https://goo.gl/ucd9DT ပေးသွင်းနိုင်မှာဖြစ်ပါတယ်။ ■



## အစားအစာတွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေပါ ထည့်သွင်းထားတဲ့ Junction Night Bazaar ပွဲ




အစားအစာတွေကို တစ်နေရာတည်းမှာ စုစည်းရောင်းချသွားမယ့်အပြင် ဖျော်ဖြေရေးအစီအစဉ်တွေ ပါဝင်ထားတဲ့ Junction Night Bazaar ပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ ဒင်းဆမ်း၊ KFC၊ CP ကြက်ကြော်၊ Titu's India အစားအစာတွေ၊ ယိုးဒယားအကင်မျိုးစုံ၊ ပေါ့ပေါ့ပါးပါးစားနိုင်မယ့် အစားအစာတွေနဲ့ သောက်စရာတွေက ကော်ဖီ၊ အအေးနဲ့ တခြားအစားအစာတွေကို ဆိုင်ခန်းတွေနဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်။ Junction Square မှာ ၂၀,၀၀၀ ကျပ်ဖိုး ဈေးဝယ်ယူလိုက်တာနဲ့ adidas အင်္ကျီ၊ ဦးထုပ်၊ ဘောလုံးစတဲ့ ဆုလက်ဆောင်တွေကို ကံစမ်းနိုင်မယ့် Shopping at Junction Square Lucky Draw Promotion အစီအစဉ်တွေမှာလည်း ကံစမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဇူလိုင်လ ၁၅ ရက်နေ့မှာကျင်းပမယ့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့Final ပွဲစဉ်ကိုလည်း LED နဲ့ Live ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး အဲဒီနေ့မှာပဲ တေးသံရှင် ဟဲလေးနဲ့ မေခလာတို့ရဲ့ဖျော်ဖြေရေး အစီအစဉ်တွေ၊ တခြားဂိမ်းအစီအစဉ်တွေ ပျော်ပျော်ရွှင်ရွှင်ဆော့ကစားနိုင်အောင် ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ Junction Night Bazaar ပွဲကိုဇူလိုင်လ ၁၃ ရက်နေ့ကနေ ဇူလိုင်လ ၁၅ ရက်နေ့ ညနေ ၃ နာရီက နေ ည ၁၁ နာရီအထိ Junction Square မှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်





မကြာခင် ဇူလိုင်လ ၁၉ ရောက်တော့မှာဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အလည်အပတ်သွားချင်သူတွေအတွက် ညွှန်ပေးလိုက်ပါတယ်။ လတ်တလောမှာတော့ ဇူလိုင်လ ၁၉ ရက်နေ့ကနေစပြီး ဇူလိုင်လ ၂၁ ရက်နေ့အထိ ပုံမှန်ဖွင့်ချိန်တွေထက် နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။ အဲဒီရက်တွေမှာတော့ အဆောက်အအုံရဲ့ ခံနိုင်ဝန်ကြံ့ခိုင်မှုအရ မြေညီထပ်ကိုသာ ဝင်ထွက်ကြည့်ရှုနိုင်မှာဖြစ်ပြီး ပြခန်းတွေမှာ ခင်းကျင်းထားတဲ့ပုံတွေကို LED Board နဲ့ ခြံဝင်းအတွင်းမှာ ကြည့်ရှုနိုင်အောင် စီစဉ်ထားမှာဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ၂၀၁၂ ခုနှစ် မတ်လမှာ ပြန်လည်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ပျက်စီးယိုယွင်းနေတဲ့ အဆောက်အအုံအစိတ်အပိုင်းတွေကို ပြင်ဆင်ပြီးနောက်မှာ အများပြည်သူ လေ့လာနိုင်ရန် ဖွင့်လှစ်ခဲ့တာပါ။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဟာ ၂ ဒသမ ၅ ဧကလောက်ကျယ်ဝန်းတဲ့ပြတိုက်ဝင်းအတွင်းကို စတင်ဝင်သွားပြီး တောင်ကုန်းလမ်းလေးအတိုင်း တက်သွားလိုက်တာနဲ့ တောင်ကုန်းထိပ်လေးမှာ တည်ဆောက်ထားတဲ့ ရှေးခေတ်ကိုလိုနီလက်ရာ နှစ်ထပ်သစ်သားအိမ်လေးကို မြင်တွေ့ရမှာပဲဖြစ်ပါတယ်။

ပြတိုက်ရဲ့အောက်ထပ်မှာတော့ လေသာဆောင်၊ ထမင်းစားခန်းနဲ့ ဧည့်ခန်းတို့ရှိပြီး ဗိုလ်ချုပ်ငယ်စဉ်ဘဝ နတ်မောက်မှာ နေထိုင်စဉ်အချိန်က ခာတ်ပုံမှတ်တမ်းတွေ၊ ဗိုလ်ချုပ်ငယ်စဉ်က ပညာသင်ယူခဲ့တဲ့ ဘုန်းကြီးကျောင်း စတာတွေအပြင် ဗိုလ်ချုပ်ရဲ့နိုင်ငံရေးလှုပ်ရှားမှုသမိုင်းခာတ်ပုံတွေ၊ မိသားစုခာတ်ပုံတွေနဲ့ သမိုင်းဝင်ထင်ရှားတဲ့ မိန့်ခွန်းတွေကိုလည်း ခင်းကျင်းပြသထားပါတယ်။ ထမင်းစားခန်းမှာတော့ ဗိုလ်ချုပ်ရဲ့လက်ရေးမှုနဲ့ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ကို ရေးသားထားတဲ့စာကို တွေ့ရပါတယ်။ ပြတိုက်ရဲ့အောက်ထပ်ကို လေ့လာပြီးချိန်မှာတော့ ဗိုလ်ချုပ်နဲ့ ဇနီးဖြစ်သူ အိပ်ခန်း၊ စာကြည့်ခန်း၊ အထူးအစည်းအဝေးခန်းနဲ့ ဗိုလ်ချုပ်ရဲ့သားသမီးသုံးဦးအိပ်ခန်းတို့ကို အပေါ်ထပ်မှာ လေ့လာရမှာပါ။ လှေကားကနေတက်သွားပြီး ညာဘက်ခြမ်းမှာ အထူးအစည်းအဝေးခန်းရှိပြီး ဗိုလ်ချုပ်နဲ့ နိုင်ငံရေးခေါင်းဆောင်တွေ တွေ့ဆုံရာ၊ မြန်မာနိုင်ငံအရေးအတွက် အရေးကြီးဆုံးဖြတ်ချက်တွေ တိုင်ပင်ဆွေးနွေး ချမှတ်ရာ အခန်းဖြစ်ပါတယ်။ အထူးအစည်းအဝေးရဲ့ခြေရင်းမှာတော့ ဗိုလ်ချုပ်ရဲ့သားသမီးသုံးဦးအိပ်ခန်းရှိပြီး ခုတင်သုံးခုကို စီတန်းပြသထားပါတယ်။

လှေကားရဲ့ဘယ်ဘက်ခြမ်းမှာတော့ ဗိုလ်ချုပ်အိပ်ခန်းရှိပြီး ဗိုလ်ချုပ်အသုံးပြုခဲ့တဲ့ ပစ္စည်းအနည်းငယ်၊ အဝတ်ဗီရိုနဲ့ အပေါ်ထပ် ဘုရားခန်းသို့ တက်နိုင်တဲ့လှေကားတို့ကို တွေ့ရပါတယ်။ မြန်မာ့လွတ်လပ်ရေးအတွက် လန်ဒန်ကိုသွားရောက် အရေးဆိုစဉ်က အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူးကိုယ်တိုင် လက်ဆောင်ပေးခဲ့တဲ့ ကုတ်အင်္ကျီအရှည်နဲ့ ဗိုလ်ချုပ်ဝတ်ဆင်လေ့ရှိတဲ့ အဝတ်အစား အနည်းငယ်ကို တွေ့ရပြီး အိပ်ခန်းရဲ့ တစ်ဖက်ခြမ်းမှာတော့ ဗိုလ်ချုပ်ရဲ့စာဖတ်ခန်းကို လေ့လာနိုင်ပါတယ်။

ပြတိုက်တစ်ခုလုံးကို လေ့လာပြီးသွားပြီဆိုရင်တော့ ပြတိုက်ရဲ့အနောက်ဘက်မှာရှိတဲ့ ပန်းဥယျာဉ်ဘက်ကို လမ်းလျှောက်ထွက်ကြည့်တဲ့အခါ ပန်းဥယျာဉ်အလယ်မှာ မြက်နုတ်ပေါင်းသင်နေတဲ့ကြေးရုပ်တုတစ်ခု စိုက်ထူထားတာ တွေ့ရပြီး ပန်းဥယျာဉ် လျှောက်လမ်းအတိုင်း လှေကားထစ်တွေကနေ ဆင်းသွားရင် ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ပျိုးခဲ့တဲ့ စိုက်ခင်းလေးကို တွေ့ရမှာပါ။ အဲဒီကတစ်ဆင့် အရှေ့ဘက်ကို လျှောက်ကြည့်မယ်ဆိုရင် ပြတိုက်ဝင်းကြီးတစ်ခုလုံးကို အုပ်ဆိုင်းထားတဲ့ သက်တမ်းရင့် နှစ်ချို့ သစ်ပင်ကြီးတချို့ကို တွေ့ရပြီး ဆက်လျှောက်သွားတဲ့အခါ ရေကန်ငယ်လေးကိုလည်း မြင်တွေ့ရပါတယ်။ ဒီရေကန်ငယ်ဟာ ဗိုလ်ချုပ်ရဲ့ ဒုတိယသား အောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့ရတဲ့ ရေကန်ငယ်ပဲ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို တနင်္လာနေ့နဲ့ ပြန်တမ်းဝင်ရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် မနက် ၉နာရီခွဲကနေ ညနေ ၄ နာရီခွဲအထိ အမှတ် ၁၅၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗဟန်းမြို့နယ်မှာ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ■

## အထူး အိမ်ရာ အရောင်း ပြပွဲ




အိမ်ရာတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားတယ်ဆိုရင် iGreen ကနေပြုလုပ်မယ့် အထူးအိမ်ရာအရောင်းပြပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ လှိုင်၊ ရန်ကင်း၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အင်းစိန်နဲ့ သဃ်န်းကျွန်းမြို့နယ်မှာရှိတဲ့ ဆောက်လုပ်နေဆဲဖြစ်တဲ့ တိုက်ခန်းတွေနဲ့ ကွန်ဒိုတွေကိုဝယ်ယူပါက ၂၀ ရာခိုင်နှုန်း လျှော့ပေးသွားမှာ ဖြစ်ပါတယ်။ အထူးအိမ်ရာအရောင်း ပြပွဲကို ဇူလိုင် ၁၄ ရက်နေ့ကနေ ဇူလိုင်လ ၁၅ ရက်နေ့ နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ Myanmar Culture Valley ရွှေတိဂုံဘုရားအနောက်ဘက်မုခ်အနီး၊ ပြည်သူ့ရင်ပြင်ဝင်ပေါက်နားမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

# ဘော်ဘော်ကထော်



ပရော်ဖက်ဆာကြီး ဒေါက်တာတိုက်ဂါးက ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့မှာ အခြေချနေထိုင်ပြီး သုတေသနလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ မြန်မာလူမျိုးတစ်ယောက်ပါ။ ဒေါက်တာတိုက်ဂါးက နှစ်ပေါင်းရာနဲ့ချီ ပျောက်ဆုံးနေတဲ့ ဘော်ဘော်ကထော်လို့ခေါ်တဲ့ လူမျိုးစုတစ်စုအကြောင်းကို ရှာဖွေဖို့ စိတ်အားထက်သန်နေပါတယ်။ သူ့ရဲ့သမီးတွေဖြစ်တဲ့ဆောင်းဝေ၊ မိုးစွေ၊ နွေဝါတို့က ဖခင်ကို ကူညီချင်တဲ့အတွက် ဘော်ဘော်ကထော်လူမျိုးစုတွေ ရှိနိုင်တယ်လို့ တစ်ကမ္ဘာလုံးက ခန့်မှန်းထားတဲ့ ကျွန်းစုဆီကို ဖခင်မသိအောင် ထွက်လာခဲ့ကြပါတယ်။

ကု၊ ပိ နဲ့ ကော်တို့က ကျွန်းတစ်ကျွန်းပေါ်မှာ နေထိုင်ကြတဲ့ သူငယ်ချင်းသုံးယောက်ပါ။ သူတို့နေတဲ့ရွာမှာ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ရင် ပါးရိုက်ပြီးတော့ နှုတ်ဆက်လေ့ရှိကြပါတယ်။ ကုက ရွာလူကြီးရဲ့သမီးကို စိတ်ဝင်စားတဲ့အတွက် လက်ဆက်ပေးဖို့ သွားရောက်တောင်းရမ်းတဲ့အခါမှာတော့ သူနဲ့အပြိုင် တောင်းရမ်းမယ့်သူတစ်ယောက် ရှိနေတာကို သိခဲ့ရပါတယ်။ ရွာလူကြီးက ကျွန်းပေါ်မှာမရှိတဲ့ ပစ္စည်းတစ်မျိုးနဲ့ တင်တောင်းတဲ့သူကို သမီးနဲ့ ပေးစားမယ်လို့ ပြောတဲ့အတွက် ကုကသူငယ်ချင်း ပိနဲ့ ကော်တို့ကို ခေါ်ပြီး ထူးဆန်းတဲ့ပစ္စည်းတစ်မျိုးကို ရှာဖို့ ကျွန်းကနေ ထွက်ခွာလာခဲ့ပါတယ်။

ဘော်ဘော်ကထော် လူမျိုးစုကို ရှာဖွေဖို့ ထွက်လာတဲ့ ညီအစ်မသုံးယောက်နဲ့ ကု၊ ပိ၊ ကော်တို့ သူငယ်ချင်း သုံးယောက် လမ်းခရီးမှာ မမျှော်လင့်ဘဲ ဆုံစည်းမိကြပါတယ်။ ညီအစ်မသုံးယောက်စီးလာတဲ့ သင်္ဘောပေါ်ကို ကု၊ ပိ၊ ကော်တို့က တက်ရောက် စူးစမ်းရင်းနဲ့ တွေ့ခဲ့ကြတာပါ။ ရုတ်တရက် သင်္ဘောပေါ်က မတော်တဆ ပြုတ်ကျသွားခဲ့တဲ့ ဆောင်းဝေကို ကု၊ ပိ၊ ကော်တို့က ကယ်တင်ပေးခဲ့ပြီး နောက်မှာတော့ သူတို့တွေပိုပြီး ရင်းနှီးသွားကြပါတယ်။ စကား စမြည်ပြောကြရင်းနဲ့ ကု၊ ပိ၊ ကော်တို့ က ဘော်ဘော် ကထော်လူမျိုးစုတွေလို့ ထင်မှတ်သွားတဲ့ ညီအစ်မသုံးယောက်က သူတို့နဲ့အတူမြို့ကို လိုက်ခဲ့ဖို့ ခေါ်ဆောင်သွားပါတယ်။

ဆောင်းဝေ၊ မိုးဆွေ၊ နွေဝါတို့ ညီအစ်မသုံးယောက်က မွေးနေ့မှာ မြန်မာနိုင်ငံကို ပြန်ရောက်လာမယ့် ဖခင်ဖြစ်သူကို အမှတ်တရလက်ဆောင်တစ်ခု အနေနဲ့ ပေးဖို့အတွက် ဘော်ဘော်ကထော်လူမျိုးစုတွေလို့ သူတို့ထင်နေတဲ့ ကု၊ ပိ၊ ကော်တို့ကို ရှာတွေ့တဲ့အကြောင်းကို လျှို့ဝှက်ထားပါတယ်။ ကျွန်းပေါ်မှာ နေခဲ့တဲ့ ကု၊ ပိ၊ ကော်တို့ကလည်း မြို့မှာနေရတာကို အသားမကျဖြစ်ပြီး အလွဲလွဲ အချော်ချော်တွေလည်း ကြုံရပါတယ်။ ပရော်ဖက်ဆာတိုက်ဂါးနဲ့ အတိတ်က ရန်ငြိုးရှိခဲ့တဲ့ Mr. Lion ကလည်း ဘော်ဘော်ကထော် လူမျိုးစုကို ရှာဖွေလာရာမှာတော့ ဘာတွေဆက်ဖြစ်လာမလဲ ဆိုတာ ဆက်လက်ရှုစားရမှာပါ။ ■

# စကားတစ်ခွန်း

ဒီတစ်ပတ်တော့ အချစ်ဇာတ်ကားကြည့်ချင်သူတွေအတွက် စကားတစ်ခွန်းဇာတ်ကားကို ညွှန်းချင်ပါတယ်။ ဒီဇာတ်ကားမှာ မင်းညို(ပြေတီဦး) က အမေဆုံးသွားတာကြောင့် အညာမှာ ဆက်မနေချင်တာနဲ့ အိမ်တွေ၊ ဆိုင်တွေရောင်းပြီး ရန်ကုန်မှာအလုပ်လာလုပ်နေတဲ့သူငယ်ချင်းတွေဆီ ထွက်လာခဲ့တာပါ။ ရန်ကုန်ရောက်ရောက်ချင်း ဘာစီးပွားရေးလုပ်ရမလဲ မသိဖြစ်နေတဲ့ မင်းညိုဟာ သူငယ်ချင်းရဲ့အကူအညီနဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ အဖျော်ဆရာဝင်လုပ်ခဲ့တယ်။ အညာမှာကတည်းက လက်ဖက်ရည်ဆိုင်ဖွင့်ထားတဲ့ မင်းညိုရဲ့လက်ရာတွေကို အနီးအနားပတ်ဝန်းကျင်က တော်တော်များများ လာသောက်ကြတယ်။ အဲဒီဆိုင်ကို အမြဲလာသောက်ဖြစ်တဲ့ ဝတ်မှုံ (နန်းဆုဦး)ကလည်း မင်းညိုရဲ့လက်ဖက်ရည်အရသာကို သဘောကျနှစ်သက်နေခဲ့တယ်။ ညီမကို အချစ်လွန်တဲ့ ဝတ်မှုံရဲ့အစ်ကိုတွေကြောင့် သူမကိုသဘောကျတဲ့သူတွေက ဝတ်မှုံအနားကို မကပ်ရဲကြပြန်ဘူး။ မင်းညိုကတော့ ဆိုင်မှာအမြဲလာသောက်တဲ့ဝတ်မှုံကို မြင်မြင်ချင်းချစ်ခင်သွားပြန်တယ်။ ဝတ်မှုံက သူ့အစ်ကိုမရှိချိန်တွေမှာလည်း သူမတစ်ယောက်တည်း ဆိုင်ကိုလာသောက်တတ်တာကြောင့် သူတို့နှစ်ယောက် ခင်မင်သွားကြတယ်။ ကြိုးစားချင်တဲ့မင်းညိုအတွက် ဆိုင်ကိုလာတိုင်း ဝတ်မှုံက သူ့အတွက် စာအုပ်တွေအမြဲဝယ်လာတတ်ပြီး အမြဲအားပေးနေခဲ့တယ်။ ဒီလိုနဲ့ မင်းညိုရဲ့မွေးနေ့မှာလည်း ဝတ်မှုံက ဘုရားတွေလိုက်ပို့ပေးပြီး တစ်နေလုံး မုန့်တွေလျှောက်စားကြတယ်။ သူတို့နှစ်ယောက်သွားနေတာကို ဝတ်မှုံရဲ့အစ်ကိုတွေက သိသွားတာကြောင့် ကြောက်ကြောက်လန့်လန့်နဲ့ သူတို့နှစ်ယောက် ထွက်ပြေးကြတယ်။ နောက်ဆုံးမှာတော့ မင်းညိုနဲ့ ဝတ်မှုံ ဘာတွေဆက်ဖြစ်မလဲဆိုတာ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာဇော်မိုးထွေးက ရိုက်ကူးထားတာဖြစ်ပြီး သရုပ်ဆောင်ပြေတီဦးနဲ့ နန်းဆုဦးတို့က အဓိကပါဝင် သရုပ်ဆောင်ထားပါတယ်။ ■




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၃၃၃၃၇၇၂

# Charlie Puth ရဲ့ The Way I Am

ဒီတစ်ပတ်တော့ Charlie Puth သီဆိုထားတဲ့ 'The Way I Am'လို့ အမည်ရတဲ့ အချစ်သီချင်းလေးတစ်ပုဒ်ကို ညွှန်းပေးချင်ပါတယ်။ စိတ်ဝင်စားနေတဲ့ မိန်းကလေး တစ်ယောက်ကို ဖွင့်ပြောဖို့ မဝံ့မရဲဖြစ်နေတဲ့ ကောင်လေးတစ်ယောက်ရဲ့ ခံစားချက်တွေကို ရေးဖွဲ့ထားတဲ့ သီချင်းလေးပါ။ "ငါစိုးရိမ်ပူပန်နေတာလည်း ဖြစ်နိုင်သလို၊ ရှက်နေတာလည်း ဖြစ်နိုင်ပါတယ်။ လူတွေအားလုံးက နာမည်ကျော်ကြားဖို့ ကြိုးစားနေကြတဲ့ အချိန် မှာ ငါကတော့ ပုန်းခိုစရာနေရာတစ်ခုကို ရှာဖွေနေတယ်၊ ငါလုပ်ချင်တာ တစ်ခုကတော့ တစ်စုံတစ်ယောက်ကို ထွေးပွေ့ ထား ချင်တာပါပဲ"ဆိုတဲ့ စာသားတွေက ကိုယ်ချစ်နေတဲ့ ကောင်မလေးကို ချစ်ရေးဆိုဖို့ အားယူနေရတဲ့ ကောင်လေးတစ်ယောက်ရဲ့ခံစားမှုတွေပါ။ ဂီတဗီဒီယိုမှာတော့ Charlie Puth က ပါတီပွဲတစ်ခုမှာ မိန်းမလှလေးတစ်ယောက်ကို တွေ့ပြီးစွဲလမ်းသွားတဲ့အကြောင်းကို ပုံဖော်ရိုက်ကူးထားပါတယ်။ အချစ်သီချင်း မြူးမြူးလေး တစ်ပုဒ်လောက် နားဆင်ချင်ရင်တော့ Charlie Puth ရဲ့'The Way I Am' သီချင်းကို You Tube မှာ အခုပဲ ဖွင့်ကြည့်လိုက်ပါ။ ■



YANMAKHA Technology
CCTV တပ်ဆင်ခြင်းဖြင့် သင်တန်ဖိုးထားသောအရာများကို ကာကွယ်ပါ
အခမဲ့ လာရောက်၍ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပေးပါသည်။
ကုန်ကျစရိတ်အနည်းဆုံးနှင့် ထိရောက်သောမြင်ကွင်းရရှိစေရန် စနစ်တကျတပ်ဆင်ပေးပါသည်။
အရည်အသွေးကောင်း၍ အာမခံရှိသော CCTV Camera များ၊ ဆက်စပ်ပစ္စည်းများ ကို လက်လီ၊ လက်ကား ရောင်းချပါသည်။
အိမ်သုံး၊ ရုံးသုံး၊ စက်ရုံသုံး နှင့် တကိုယ်ရေသုံး CCTV Camera များ အမျိုးအစားစုံလင်စွာ ရရှိနိုင်ပါသည်။
alhua
မိုးရာသီ အထူးလျှော့ဈေး
Phone : 09 - 45 33 666 77, 09 - 45 33 666 88, 09 - 45 33 666 99


The Voice Daily ရဲ့ ကမ္ဘာ့ဖလားခန့်မှန်းပြိုင်ပွဲကြီး စနေပါပြီ...
မေးခွန်းသုံးခု ဖြေဆိုနိုင်ရုံနဲ့ ဆုငွေကျပ် ( တစ်သိန်း ) ကို ရယူလိုက်ပါ...
Sponsored by
bellaMEN CARE


RUSSIA 2018
ကမ္ဘာ့ဖလား၏နောက်ဆုံးရသတင်းဗီဒီယို
Sponsored by
Vitabiotics wellman
One-a-day supplement for men


FIFA WORLD CUP RUSSIA 2018
ဆရာဇင်ယော်နီ၏ ကမ္ဘာ့ဖလားခန့်မှန်းချက်များ
Like
https://www.facebook.com/thevoicemyanmar.mm/
https://www.facebook.com/thevoicesport/ တွင်
ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
Umami




**အစိုးရသက်တမ်းအားဖြင့် တစ်နှစ်ကျော်သာ ကျန်ပါတော့မယ်။ ကျန်ရှိတဲ့သက်တမ်းကာလအတွင်းမှာ ဘယ်လောက်အတိုင်းအတာအထိ ခရီးပေါက်နိုင်သလဲ၊ နောက်တစ်ကြိမ် ပင်လုံညီလာခံအတွက် ယခုတတိယပင်လုံအစည်းအဝေးက မည်မျှအထိ ပံ့ပိုးပေးနိုင်မလဲဆိုတာ အချိန်ကာလရရှိမှု၊ လုပ်ငန်းပမာဏ၊ ညှိနှိုင်းနိုင်မှုအခြေအနေ၊ ပါဝင်နေသူအားလုံးရဲ့ဆန္ဒ သဘောထားများနဲ့သာ တိုက်ရိုက်အချိုးကျနေပါလိမ့်မယ်။**

## ပြည်တွင်းစစ် ဇာစ်မြစ်

မြန်မာနိုင်ငံ ပြည်တွင်းစစ်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ပွားခြင်းဖြစ်သဖြင့် ယနေ့ချိန်ဆိုလျှင် နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ ကျော်အတွင်း ပျောက်ကွယ်သွားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ ရှိခဲ့သလို အသစ်ထွက်ပေါ်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများလည်း ရှိခဲ့ပါတယ်။ ယနေ့ဆိုရင် နိုင်ငံတော်အနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး အဖွဲ့များနဲ့ ဆွေးနွေးမှုများရှိနေသလို လက်မှတ်မထိုးရသေးတဲ့အဖွဲ့များနဲ့လည်း ဆွေးနွေးလျက်ရှိပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ယခင် အစိုးရအဆက်ဆက်ကလည်း ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း ပြည်တွင်းစစ်ဖြစ်ပွားရခြင်းရဲ့ ဇာစ်မြစ်တွေဖြစ်တဲ့ တိုင်းရင်းသားအရေး၊ နိုင်ငံရေးအယူအဆ၊ ပုဂ္ဂိုလ်ရေး အကွဲအပြဲ စတဲ့ အခြေခံအကြောင်းတရားတွေကို ထိထိရောက်ရောက် မဖြေရှင်းနိုင်ခဲ့ဘဲ လက်နက်ကိုင်တိုက်ခိုက်မှုရပ်စဲရေးကိုသာ ဦးတည်ဖြေရှင်းခဲ့တာ တွေ့ရပါတယ်။ ဒီလိုဖြေရှင်းနည်းအားဖြင့် ပြဿနာအချို့ကိုဖြေရှင်းနိုင်ခဲ့ပေမယ့် ပြဿနာအားလုံးကို လွှမ်းခြုံဖြေရှင်းရန်အတွက်တော့ လိုအပ်ချက်တွေ များစွာရှိနေခဲ့ပါတယ်။ ဖြေရှင်းမှုကြာမြင့်လာတာနဲ့အမျှ တိုင်းရင်းသားများအကြား ယုံကြည်မှုပျောက်ဆုံးလာခြင်းနဲ့အတူ ဖြေရှင်းဖို့လည်း တဖြည်းဖြည်းခက်ခဲလာတာ တွေ့ရပါတယ်။ ဒ့ါအပြင် ပြင်ပရဲ့စွက်ဖက်မှု၊ သွေးထိုးမှု၊ ကြိုးကိုင်မှုတွေကိုလည်း မြင်တွေ့လာရပါတယ်။ ငြိမ်းချမ်းရေးကို ဝှက်ဖဲတစ်ချပ်သဖွယ် အသုံးချခံလာရပါတယ်။ ငြိမ်းချမ်းရေးကို အကြောင်းပြုပြီး နိုင်ငံရဲ့အကျိုးစီးပွားနဲ့ အလဲအထပ် ပြုလုပ်ကြရတော့မှာပါ။ ပြည်သူများအတွက်တော့ မိအေးနှစ်ခါနာရပါတယ်။

ပြည်တွင်းစစ် ရှည်ကြာလာတဲ့အကျိုးဆက်အနေနဲ့ အဓိကအားဖြင့် ပြည်တွင်းစစ်ဖြစ်ပွားရာဒေသတွေမှာရှိတဲ့ ပြည်သူများရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အတွေးအခေါ် စတဲ့ဘက်စုံနိမ့်ကျလာသလို နိုင်ငံရဲ့အခြေအနေတွေလည်း နိမ့်ကျလာခဲ့ရာမှာ ဒေသတွင်းနိုင်ငံများ အဆင့်မှာပင် အနိမ့်ဆုံးကို ရောက်ခဲ့ရပါပြီ။ လက်ရှိအခြေအနေအထိလည်း ပြည်တွင်းစစ်ရဲ့ဒဏ်တွေကို ခံစားနေရဆဲပဲ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်သူများအတွက် ငြိမ်းချမ်းရေး တည်ဆောက်ကြမှာလား မိမိတို့လိုလားချက်အတွက် ငြိမ်းချမ်းရေးတည်ဆောက်ကြမှာလား ဆိုတာ ဦးစားပေးစဉ်းစားရမယ့်အချက်လို့ ယူဆပါတယ်။ ယနေ့အချိန်မှာတော့ ဖြေရှင်းရမယ့်ပြဿနာရဲ့ဇာစ်မြစ်ကိုသိပြီး ဖြစ်နေသလို၊ သူ့ဘက်ကိုယ့်ဘက် လိုလားချက်၊ ပြည်သူများအတွက် ဘုံလိုလားချက်တွေကို သိနေပြီဖြစ်တဲ့အတွက် ဖြေရှင်းနည်းမှန်ကန်ဖို့၊ စိတ်သဘောထား ရိုးသားကြဖို့သာ လိုအပ်မယ်လို့ မြင်ပါတယ်။

## ငြိမ်းချမ်းရေးခရီးစဉ်

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတို့အတွက် ငြိမ်းချမ်းရေးရဲ့ပြဿနာဇာစ်မြစ်တွေကို ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုအသစ်နဲ့ စတင်ခဲ့ပါတယ်။ ဒီကြိုးပမ်းမှုကိုလက်ခံတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ပြည်နယ်အဆင့်သဘောတူညီချက်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံတော်အစိုးရတို့အကြား ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကတိကဝတ်ပြုထားတဲ့ သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ သမိုင်းဝင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့တို့အကြား ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။

အစိုးရသစ်လက်ထက်မှာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ပထမအစည်းအဝေးနဲ့ ဒုတိယအစည်းအဝေးများကို အောင်မြင်စွာ ကျင်းပလုပ်ဆောင်ပေးခဲ့ပါတယ်။ ယင်းအကျိုးဆက်အနေနဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ (NCA) စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ UPDJC အတွင်းရေးမှူးအဖွဲ့ကတင်ပြခဲ့တဲ့ အချက်ပေါင်း ၄၅ ချက်အနက် ၃၇ ချက်ကို သဘောတူညီမှု ရယူနိုင်ခဲ့ပါတယ်။ ဒီသဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းအနေနဲ့ ပြည်ထောင်စုလွှတ်တော်မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က သဘောတူညီခဲ့ပါတယ်။

သို့သော်လည်းပဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ထိုးဖို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကျန်ရှိနေပါသေးတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနဲ့ ပစ်ခတ်တိုက်ခိုက်မှုများကို လျှော့ချနိုင်ခဲ့တာကို တွေ့ရသလို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်မရေးထိုးရသေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများရှိနေတဲ့ ဒေသများမှာတော့ တိုက်ပွဲများ ရှိနေဆဲပဲ ဖြစ်ပါတယ်။ ဒီဒေသတွေက ပြည်သူများဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်ကို မခံစားရသေးပါဘူး။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေမှာလည်း နိမ့်ကျနေဆဲပဲဖြစ်သလို စစ်ဘေးဒဏ်ကိုလည်း ခါးစည်းခံနေရဆဲပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးအနေနဲ့ကြည့်ရင်လည်း တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သေးတဲ့အတွက် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အဟန့်အတားဖြစ်နေတာ မြင်တွေ့ရပါတယ်။

## ငြိမ်းချမ်းရေးမျှော်လင့်ချက်

၂၀၁၈ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု တတိယပင်လုံအစည်းအဝေးကို ကျင်းပနေပါပြီ။ အစည်းအဝေးဖွင့်ပွဲမှာ သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက အဖွင့်မိန့်ခွန်း ပြောကြားခဲ့ကြတာ နားထောင်ရပါတယ်။ မိန့်ခွန်းများတွေမှာ ကိုယ်စီကိုယ်စီရဲ့ သဘောထား၊ ရပ်တည်ချက်၊ အမြင်အယူအဆတွေကို နားထောင်ရပါတယ်။ (အဖွင့်မိန့်ခွန်းပြောကြားချက် အသေးစိတ်အား မဖော်ပြတော့ပါ။) အဖွင့်မိန့်ခွန်းတွေအရ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ရည်ရွယ်ချက် တစ်နည်းအားဖြင့် ဘုံသဘောတူညီချက်တွေ တူညီပေမယ့် လုပ်နည်းလုပ်ဟန်နဲ့ မိန့်ခွန်းများနောက်ကွယ်က အခြေအနေတွေကိုလည်း ခန့်မှန်းမိပါတယ်။ ဒီနေရာမှာ အဖွင့်မိန့်ခွန်းအားလုံးထဲက ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးရဲ့မိန့်ခွန်းနောက်ဆုံးပိတ် ပြောကြားချက်ကို ဖော်ပြလိုပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ ချောတိုင်တက်သည်နှင့်တူကြောင်း၊ လက်ရှိရောက်နေသည့်နေရာမှ နိမ့်ကျမသွားရန်လိုအပ်ပါကြောင်း၊ ထို့အတူ ဆွဲမချဖို့လည်း လိုအပ်ပါကြောင်း ပြောကြားခဲ့ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ကြိုးစားနေချိန်မှာ ဆွဲမချဖို့လိုအပ်ကြောင်း စကားရပ်ဟာ ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုအတွက် သတိပေးခေါင်းလောင်းသံလို့ ယူဆရပါတယ်။

ငြိမ်းချမ်းရေးခရီးဆက်လက်ဖို့အတွက် ဆွေးနွေးရမယ့်ကဏ္ဍတွေ၊ အကြောင်းအရာတွေ၊ မြေပြင်မှာ လိုက်နာစောင့်စည်းရမှာတွေ၊ ကတိကဝတ်တွေလုပ်ဆောင်ရန် များစွာကျန်ရှိနေပါသေးတယ်။ လုပ်ငန်းပမာဏ ကြီးမားမှု၊ များပြားမှု၊ ရှုပ်ထွေးမှုတွေရှိနေပေမယ့် **အခြေခံအုတ်မြစ်ချတဲ့** အဖွဲ့အသီးသီးက တာဝန်ရှိသူများရဲ့ ရိုးသားမှုနဲ့ ဖြစ်မြောက်စေလိုတဲ့ဆန္ဒသာ အရေးကြီးဆုံးလို့ မြင်ပါတယ်။ ရိုးသားမှုနဲ့ဆန္ဒသာ မှန်ကန်ကြမယ်ဆိုရင် ပြေလည်အောင် ညှိနှိုင်းနိုင်ကြပါလိမ့်မယ်။ ဒီအဖြေကို ယခုကျင်းပနေတဲ့ တတိယပင်လုံအစည်းအဝေးရလဒ်တွေနဲ့ ချိန်ထိုးသုံးသပ်နိုင်ပါလိမ့်မယ်။ လက်ရှိအစိုးရလက်ထက်မှာ တတိယအကြိမ် ပင်လုံညီလာခံကျင်းပပြီးရင် အစိုးရသက်တမ်းအားဖြင့် တစ်နှစ်ကျော်သာကျန်ပါတော့မယ်။ ကျန်ရှိတဲ့သက်တမ်းကာလအတွင်းမှာ ဘယ်လောက်အတိုင်းအတာအထိ ခရီးပေါက်နိုင်သလဲ၊ နောက်တစ်ကြိမ် ပင်လုံညီလာခံအတွက် ယခုတတိယပင်လုံအစည်းအဝေးက မည်မျှအထိ ပံ့ပိုးပေးနိုင်မလဲဆိုတာ အချိန်ကာလရရှိမှု၊ လုပ်ငန်းပမာဏ၊ ညှိနှိုင်းနိုင်မှုအခြေအနေ၊ ပါဝင်နေသူအားလုံးရဲ့ ဆန္ဒသဘောထားများ နဲ့သာ တိုက်ရိုက်အချိုးကျနေပါလိမ့်မယ်။

ယခုကျင်းပနေဆဲ တတိယပင်လုံအစည်းအဝေးမှာ NCA လက်မှတ်ထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်သလို လက်မှတ်မထိုးရသေးတဲ့အဖွဲ့များလည်း ပါဝင်တက်ရောက်နေပါတယ်။ အားလုံးစုံစုံညီညီ တက်ရောက်လာကြတာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို အမိအရ အသုံးချနိုင်မယ်ဆိုရင် အားလုံးအတွက် မမျှော်မှန်းနိုင်တဲ့အကျိုးရလဒ်တွေ ရရှိနိုင်မှာပါ။ ဒီအခွင့်အရေးကိုလည်း ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်တစ်ရပ်အဖြစ် ရှုမြင်ပါတယ်။

## စစ်တုရင်ခုံပေါ်က ငြိမ်းချမ်းရေး

စစ်တုရင်ထိုးရာမှာ တစ်ဖက်ရဲ့လှုပ်ရှားမှုကိုကြည့်ပြီး၊ သုံးသပ်ပြီးမှ မိမိအကွက်ကို ရွှေ့ကြတာပါ။ ဒီလိုရွှေ့တဲ့အခါမှလည်း မိမိလိုလားချက်ကို ရရှိဖို့ ကြိုတင်အကွက်ဆင်ရသလို တစ်ဖက်ကလည်း ကွက်ကျော်ကြိုတင်ပြင်ဆင်ကြပါတယ်။ လက်ရှိရွှေ့နေတဲ့အကွက်ကိုသုံးသပ်ပြီး တစ်ဖက်ရဲ့နောက်ကွယ်က ရည်မှန်းချက်အစစ်အမှန်ကို သုံးသပ်ကစားကြရတာပါ။ နိုင်ငံရေးမှာလည်း အလားတူပါပဲ။

သို့သော်လည်း နိုင်ငံရေးရည်မှန်းချက်အတွက် ငြိမ်းချမ်းရေးကို လုပ်ဆောင်နေကြပေမယ့် ငြိမ်းချမ်းရေးကိုတော့ စစ်တုရင်ကစားသလို နိုင်ငံရေးစစ်တုရင်ခုံပေါ်မှာ မကစားသင့်ပါဘူး။ ငြိမ်းချမ်းရေးဟာ နိုင်ငံအတွက်၊ ပြည်သူအတွက် ဘုံရည်မှန်းချက်ဖြစ်ပါတယ်။ ပြည်သူတွေရဲ့အသက်တွေ၊ ဘဝတွေ၊ အနာဂတ်တွေနဲ့ ရင်းထားရတာပါ။ ယခင်ကလည်း ပြည်သူတွေရဲ့ဘဝတွေ ရင်းခဲ့ကြရပြီးပါပြီ၊ ယခုလည်း ရင်းနေကြရဆဲပါ။ နောင်အနာဂတ်မှာရော ပြည်သူတွေရဲ့ဘဝတွေကို အရင်းပြုကြဦးမှာလားဆိုတာ ယနေ့လုပ်ဆောင်ချက်များနဲ့ သက်သေပြပါလိမ့်မယ်။ သေချာတာကတော့ ပြည်သူများဟာ စစ်တုရင်ခုံပုံပေါ်က နယ်ရုပ်လေးများဖြစ်နေဆဲပါပဲ။ တစ်ဦးတစ်ယောက်အတွက်၊ အဖွဲ့တစ်ဖွဲ့အတွက် ထိုးကျွေးခံရသလို အသုံးချလည်းခံနေကြရဆဲဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်ထိဆိုရင် ၆၃ နှစ်၊ ၂၀၁၁ ခုနှစ်က ၂၀၁၈ ခုနှစ်ဆိုရင် ၇ နှစ် နောင်နှစ်မည်မျှစောင့်ရဦးမယ် မသိသေး။ လက်ရှိအချိန်အထိတော့ ငြိမ်းချမ်းရေးသည် စစ်တုရင်ခုံပေါ်တွင် ရှိနေသေးတယ်လို့ မြင်မိပါတယ်။

■ **သိန်းထွန်း (IR)**

နှစ်တွေ ဘယ်လိုပဲပြောင်းပြောင်း မပြောင်းနိုင်တဲ့ အတိတ်သမိုင်းကြောင်းက နှောင်းနှောင်းမြေမြေ ရှိဆဲရှိနေကြဆဲပါ။ ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တာ ၇၁ နှစ်ပင် ပြည့်ခဲ့ပါပြီ။ ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ မျှော်မှန်းခဲ့တဲ့နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြပြီလား။ အသက်သွေးနဲ့စတေးပြီး ရယူခဲ့တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ကမ္ဘာမှာ မော်ကြွားနိုင်ကြပြီလား။

အတိတ်သမိုင်းကိုရေးရေးလေးမျှ တွေးဆကြည့်ချင်မိတယ်။ ဗိုလ်ချုပ်နိုင်ငံကို ဘယ်လိုအုပ်ချုပ်သွားခဲ့သလဲ။ ဗိုလ်ချုပ်တို့ အုပ်ချုပ်စဉ်က နိုင်ငံရေးအခြေအနေ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံကို ဦးဆောင်နေကြသူတွေရဲ့ စိတ်နေစိတ်ထား ခံယူချက် ဘာကြောင့်ဗိုလ်ချုပ်တို့ရဲ့ဦးဆောင်မှုအောက်မှာ **တစ်စိတ်တစ်ဝမ်းတစ်လက်ညီခဲ့ကြတာလဲ။ ဘာကြောင့်** ပြည်သူတွေရဲ့ ကြည်ညိုလေးစားမှု ဂုဏ်ပြုမှုခံကြရတာပဲ။

ဗိုလ်ချုပ်က ကိုယ်တိုင်အဆင်းရဲခံတယ်။ ဗိုလ်ချုပ်ရုံးတက်ရုံးဆင်းလုပ်တဲ့ကား ဒီကနေ့ထိ ပြတိုက်ထဲမှာရှိတယ်။ အမြဲတမ်းပျက်နေလေ့ရှိတဲ့ကား၊ ကားကောင်းကောင်းစီးဖို့ စိတ်ကူးမရှိဘူး။ ဝတ်တဲ့အဝတ်အစား သိကြတဲ့အတိုင်းပါပဲ သုံးလေးစုံ။ လန်ဒန်မှာ အက်တလီနဲ့ သွားတွေ့တုန်းက အိန္ဒိယခေါင်းဆောင်ကြီး နေရူးက အမြင်မတော်လို့ ချုပ်ပေးလိုက်တဲ့ လောင်းကုတ်တစ်ထည်။ ကန်တော်ကြီးစောင်းမှာ နံနက်စောစော အနွေးထည်မပါတဲ့ အကြော်သည်လင်မယားကို ဝတ်ထားတဲ့အကျႌကို ချွတ်ပေးခဲ့တဲ့ဗိုလ်ချုပ်။ ပါးစပ်ကလည်း ပြောသွားသေးတယ်။ ဒီလိုပြည်သူတွေဆင်းရဲနေတာ တို့အစိုးရတာဝန်ကွ ထွန်းလှရ။ ဖဆပလ လူကြီးမင်းတွေ ဗိုလ်ချုပ်အိမ်သွားတော့ ဗိုလ်ချုပ်နဲ့ ဒေါ်ခင်ကြည်စားနေတဲ့ ထမင်း ဟင်းက ခြံဝမှာစောင့်နေတဲ့ ရဲဘော်တွေစားနေတဲ့ ထမင်းဟင်းနဲ့အတူတူပဲတဲ့။ သြော် ပြည်သူနဲ့အတူဆိုတာ ဒါမျိုးပေါ့လို့ တွေးမိလိုက်တယ်။

ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်က ပြတ်သားတယ်။ ရဲရင့်တယ်၊ လုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲတယ်။ အမှန်တရားဟာ ဗိုလ်ချုပ်ရဲ့ ယုံကြည်မှုသစ္စာတရားပါပဲ။ ဒါကြောင့် ပြောစရာရှိရင် သက်သက်ညှာညှာ ပြောလေ့မရှိဘူး။ လူမျိုးရေးနဲ့ ပတ်သက်ရင် "လူမျိုးရေးတရားဆိုတာဘာလဲ။ ကိုယ့်အမျိုးသားချစ်ပြီး ဒီပြင်လူမျိုးတွေကို မုန်းထားတာ လူမျိုးရေးတရားပဲလား။ မဟုတ်ဘူး ကိုယ့်အမျိုးချစ်ရုံနဲ့ ဒီပြင်လူမျိုးကိုလည်း မုန်းဖို့မလိုဘူး။ ဒါပေမဲ့ ကိုယ့်အမျိုးကို လာထိတဲ့လူတွေကိုတော့ အတွင်းကလူဖြစ်ဖြစ်၊ အပြင်ကလူဖြစ်ဖြစ် တိုက်ခိုက်နှိမ်နင်းရမှာပေါ့၊ ဒါက ငါတို့အမျိုးရဲ့ရန်သူအဖြစ်သာ နှိမ်နင်းခြင်းဖြစ်တယ်" တဲ့။

ဒါ့အပြင် "လူမျိုးဆိုတာနဲ့ ဒုက္ခသုခ အတူခံစားကြပြီး နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီး နှစ်ပရိစ္ဆေဒ်ကြာရှည်စွာ တစ်မျိုးတစ်စားတည်းလို့ စိတ်ထဲရှိသူတွေကို တစ်စုတစ်စည်းတည်း ပေါင်းပြီးခေါ်ဝေါ်ခြင်းသာ ဖြစ်တယ်။ အမျိုးအနွယ်ကိုးကွယ်တဲ့ဘာသာတရား ပြောဆိုတဲ့စကားတွေကို အလေးထားရမှာဖြစ်ပေမယ့် တကယ်တော့ အေးတူပူမျှ ကောင်းတူဆိုးဖက် ပေါင်းဖက်လျက် နေလိုတဲ့ အစဉ်အလာ ဆန္ဒအပေါ်မှာသာ ဝံသာနုရက္ခိတတရားဆိုတာ တည်နေတာပါ" လို့ ပွင့်ပွင့်လင်းလင်းပြောကြားခဲ့တာပါ။

ဘာသာတရားနဲ့ပတ်သက်လို့လည်း "သံဃာတော်အရှင်မြတ်တို့ ဘုရား၊ ဗုဒ္ဓဘာသာကို သန့်ရှင်းအောင်ဆောင်ရွက်ပြီး ကမ္ဘာ့အရပ်ရပ်သို့ သာသနာပြုပြီး ဗုဒ္ဓရဲ့မေတ္တာ၊ စေတနာတရားတွေကို လူသားမျိုးနွယ် တစ်ရပ်လုံးအား ဟောကြားတော်မူပါ။ တပည့်တော်တို့ကလည်း အရှင်ဘုရားတို့ကို အစွမ်းကုန် ကူညီထောက်ပံ့ပါမည်။ ပြည်သူများအတွင်းလှည့်လည်ပြီး ညီညွတ်ရေး၊ မေတ္တာတရားလွတ်လပ်မှုနဲ့ ပတ်သက်တဲ့ အကြောင်းတရားများ၊ ဘာသာရေးလွတ်လပ်မှု၊ ဆင်ခြင်ဉာဏ်ကင်းမဲ့ရခြင်းက လွတ်လပ်မှုတရားတွေကို ပြည်သူအများ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ထူထောင်လာအောင် ဟောကြားတော်မူကြပါ" လို့ ရိုသေလေးမြတ်စွာ လျှောက်ထားခဲ့တာကို တွေ့ရပါတယ်။

> **ဒါပေမဲ့ သတ္တိဗျတ္တိရှိသူကို အရမ်းမဲ့ ဘုရားတစ်ဆူ ဂူတစ်လုံးလုပ်ပြီး အားထားလေးစား ကိုးကွယ်မြှောက်စားတဲ့ အဖြစ် ရောက်စေခဲ့ရင်တော့ ဘုရားအတုတွေ ပေါ်ပေါက်စေတတ်တယ်လို့ ဆိုခဲ့တယ်။**




ဗိုလ်ချုပ်က ခေါင်းဆောင်လုပ်မယ့်သူတွေကိုလည်း မိမိရဲ့သဘောထားအမှန်ကို လူတစ်ဦးတစ်ယောက်ဟာ မိမိရဲ့ သတ္တိဗျတ္တိကိုပဲဖြစ်ဖြစ်၊ သူတစ်ပါးရဲ့သတ္တိဗျတ္တိကိုပဲဖြစ်ဖြစ် ယုံကြည်အားကိုးမှု ကြီးကျယ်ခမ်းနားတဲ့ အကျိုးများအောင် ဆောင်ရွက်နိုင်တယ်။ ဒါပေမဲ့ သတ္တိ ဗျတ္တိရှိသူကို အရမ်းမဲ့ ဘုရားတစ်ဆူ ဂူတစ်လုံးလုပ်ပြီး အားထားလေးစားကိုးကွယ် မြှောက်စားတဲ့အဖြစ် ရောက်စေခဲ့ရင်တော့ ဘုရားအတုတွေ ပေါ်ပေါက်စေတတ်တယ်လို့ဆိုခဲ့တယ်။ ဒါ့အပြင် လူတစ်ဦးတစ်ယောက်ဟာ ဘယ်လောက်ပဲစွမ်းအားရှိစေကာမူ လူထုရဲ့အားပေး ရိုင်းပင်းမှုမရှိဘဲ ရာဇဝင်တွင်လောက်တဲ့ လုပ်ငန်းမျိုးဖြစ်အောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်တယ်။ ကမ္ဘာ့ရာဇဝင်မှာ အလွန်ထက်မြက်တဲ့ပုဂ္ဂိုလ်တွေ ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ အနည်းငယ်သောလူတစ်စုက ရာဇဝင်ကိုမပြောင်းလဲ မပြုပြင်နိုင်ပါချေလို့ အတိအလင်း ဖွင့်ဟခဲ့ပါတယ်။

ဗိုလ်ချုပ်ဟာ ဗမာ့တပ်မတော်ရဲ့စစ်သေနာပတိချုပ်ဖြစ်ခဲ့ဖူးတယ်။ ရဲဘော်တွေနဲ့လည်း အများကြီးဆက်ဆံဖူးတယ်။ ဗမာ့တပ်မတော် ဗိုလ်သင်တန်းကျောင်းဆင်းပွဲနဲ့ ဘွဲ့နှင်းသဘင်ပေးအပ်ပွဲ အခမ်းအနား (၁၉၄၄-မတ်လ ၁၃ ရက်နေ့) မှာ "ငါတို့စစ်တပ်ဟာ နိုင်ငံသူနိုင်ငံသားတွေကို ညှဉ်းဖို့မဟုတ် လက်နက်အားကိုး တန်ခိုးပြဖို့မဟုတ် စစ်တပ်ဟာ နိုင်ငံရဲ့ အစေခံဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့ အစေခံမဖြစ်ရဘူးလို့တစ်မျိုး၊ မှတ်ထား၊ ငါ့တပ်ထဲမှာ အခွင့်အရေးယူချင်တဲ့အကောင် တစ်ကောင်မှ မရှိရဘူး၊ မပါစေရဘူး၊ လူထုငတ်ရင် အားလုံးငတ်မယ်၊ လူထုဆင်းရဲရင် တို့ရဲဘော်အားလုံး ဆင်းရဲရမယ်၊ ငါလည်းဆင်းရဲရမယ်၊ ငါတို့တွေတည်ထောင်ခဲ့တဲ့ တပ်မတော်ကြီးဟာ ဒီဝါဒနဲ့ ချီတက်ဖို့ အရေးကြီးတယ်" လို့ မိန့်ခွန်းတစ်ရပ်အဖြစ် မှတ်သားခဲ့ရပါတယ်။

၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှာ ဦးအောင်ဆန်းအမည်နဲ့ တင်သွင်းတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ပတ်သက်ပြီး လမ်းညွှန်မှုပေးရာမှာ နိုင်ငံသားတိုင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံရေးမှာ မျှတမှုရှိပြီး အဆင့်အတန်း၊ အခွင့်အရေးနဲ့ ဥပဒေသက်ရောက်မှုတွေမှာ ဆုံကြုံနိမ့်မြင့် မရှိ ပကတိတူညီစေရမယ့်အပြင် တရားဥပဒေနဲ့ အကျင့်သိက္ခာနဲ့ မဆန့်ကျင်ရင် လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသန ရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့် ရရှိတည်မြဲစေဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခိုင်အလုံသတ်မှတ်ထားရှိစေရမယ်လို့ လမ်းညွှန်ခဲ့တယ်။ ဒါ့အပြင် အခွင့်အရေး (Equality of Opportunity) တူရမယ်၊ ဥပဒေသက်ရောက်မှု (Before the law) တူရမယ် စတဲ့အချက်တွေကို အသားပေးဖော်ပြခဲ့တယ်။

> **ဗိုလ်ချုပ်အောင်ဆန်းဟာ ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးခဲ့ရသူ ဖြစ်တယ်။ ဒါပေမဲ့ အရွယ်နဲ့မလိုက်အောင် ကြီးလေးတဲ့ နိုင်ငံ့တာဝန်တွေကို ထမ်းပိုးခဲ့သူ ဖြစ်တယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ရဲ့အတွင်းစိတ် ကတော့ "ခေါင်းဆောင်ဆိုတာ တာဝန်ကိုပဲ ယူတယ် နေရာကို မယူဘူး" ဆိုတဲ့ စိတ် အမြဲရှိခဲ့တယ်။**

ဗိုလ်ချုပ်အောင်ဆန်းဟာ ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးခဲ့ရသူဖြစ်တယ်။ ဒါပေမဲ့ အရွယ်နဲ့မလိုက်အောင် ကြီးလေးတဲ့ နိုင်ငံ့တာဝန်တွေကို ထမ်းပိုးခဲ့သူဖြစ်တယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ရဲ့ အတွင်းစိတ်ကတော့ "ခေါင်းဆောင်ဆိုတာ တာဝန်ကိုပဲယူတယ် နေရာကိုမယူဘူး" ဆိုတဲ့ စိတ်အမြဲရှိခဲ့တယ်။ ဗိုလ်ချုပ်ဟာ တာဝန်ကျေပွန်သူတစ်ဦးဖြစ်တယ်။ တာဝန်ယူရဲသူတစ်ဦးလည်းဖြစ်တယ်။ အလုပ်နဲ့ပတ်သက်ပြီး အချိန်ပြည့် စိတ်နှစ်ထားသူဖြစ်တယ်။ ဗိုလ်ချုပ်ပြောကြားခဲ့တဲ့စကားတွေက ဗိုလ်ချုပ်ဘယ်လောက် အလုပ်လုပ်ခဲ့သလဲ၊ ဘယ်လောက် မနားမနေ ကြိုးပမ်းခဲ့သလဲဆိုတာ ဖော်ပြနေတယ်။ ဒါကြောင့်လည်း ဗိုလ်ချုပ်ရဲ့ဦးဆောင်မှုအုပ်ချုပ်မှုအောက်မှာ တစ်နိုင်ငံလုံးရဲ့ညီညွတ်မှုအားကိုရယူနိုင်ခဲ့ပြီး တစ်နှစ်အတွင်း ပြည်သူတွေမျှော်လင့်ခဲ့တဲ့ လွတ်လပ်ရေးကြီးကို အရယူနိုင်ခဲ့တာပါပဲ။

ဗိုလ်ချုပ်ဟာ ဖဆပလအဖွဲ့ကြီးနဲ့ပတ်သက်တာ ညီလာခံတွေ အစည်းအဝေးတွေမှာ အကြိမ်ကြိမ်တက်ရောက် ဟောပြောခဲ့တယ်။ စစ်တက္ကသိုလ်မှာ ပြောခဲ့တယ်။ ဆိုရှန်တိုဗီလာအဆောက်အအုံမှာ မြန်မာပြည် ပြန်လည်တည်ဆောက်ရေး ပြောခဲ့တယ်။ မြို့တော်ခန်းမမှာပြောတယ်၊ ရေဒီယိုက အသံလွှင့်ဟောပြောတယ်။ စစ်သေနာပတိချုပ်အနေနဲ့ပြောတယ်။ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးမှာ ပြောတယ်။ ဗိုလ်ချုပ်ဟာ **နိုင်ငံ့ရှေ့ရေးနဲ့** ပတ်သက်ပြီး များစွာကြိုမြင်ပြီး များစွာပြောကြားခဲ့ခြင်းပါ။ ဒီကနေ့ လွတ်လပ်ရေးရပြီး ဆယ်စုနှစ်များစွာ ဖြတ်ကျော်ခဲ့ကြပါပြီ။ ဘယ်ရွှေ့ဘယ်မျှ ခရီးပေါက်ကြလေပြီလဲ။ ဘယ်ရွှေ့ဘယ်မျှအဆင့်အထိ မြင့်မားနေကြပြီလဲ။ ခရီးပေါက်နေကြပြီလဲ။

အဓိကအကျဆုံး မေးခွန်းတစ်ခုက ဗိုလ်ချုပ်စကားကို ဘယ်ရွှေ့ဘယ်မျှ နားထောင်ကြပါသလဲ။ ဘယ်ရွှေ့ဘယ်မျှ လိုက်နာကျင့်ကြံဆောင်ရွက်ကြပါသလဲ။ ဗိုလ်ချုပ်ကတော့ ဟောရင်းပြောရင်းနဲ့ပဲ ကွယ်လွန်ခဲ့ရပါပြီ။ အနယ်နယ်အရပ်ရပ်က ဗိုလ်ချုပ်ကို တမ်းတမှန်းဆပြီး ရုပ်တုတွေ အစီအရီ အပြိုင်အဆိုင် သွန်းလုပ်ဂုဏ်ပြုနေကြပါတယ်။ အမှန်ပဲ ဗိုလ်ချုပ်ကို ချစ်ကြ ခင်ကြ မြတ်နိုးကြတယ်ဆိုရင်တော့ ဗိုလ်ချုပ်စကားနားထောင် ဗိုလ်ချုပ်ဖြစ်စေချင်တဲ့နိုင်ငံမျိုး တည်ဆောက်ဖို့ပဲ မဟုတ်ပါလား။ ဗိုလ်ချုပ်ရစေချင်တဲ့ စည်းလုံးညီညွတ်မှုမျိုး ငြိမ်းချမ်းမှုမျိုး ရဖို့ပဲ မဟုတ်ပါလား။

■ ခင်မောင်ဌေး (ပညာရေး)

Ref : ဗိုလ်ချုပ်မိန့်ခွန်းများ

# စင်ကာပူနိုင်ငံ ICT နှင့် STEM ပညာရပ်များ တိုးတက်စေရန် IBM အကူအညီပေး

**စင်ကာပူ၊ ဇူလိုင် ၁၂**



Asia Times

စင်ကာပူနိုင်ငံတွင် ICT နှင့် STEM ဟုခေါ်သည့် (သိပ္ပံ နည်းပညာ၊ အင်ဂျင်နီယာနှင့်သင်္ချာ) ပညာရပ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ္ဘာကျော် ကွန်ပျူတာနှင့် နည်းပညာကုမ္ပဏီကြီး IBM က အထောက်အကူပေးရန် စီစဉ်လျက်ရှိကြောင်း Singapore Business Review သတင်းတွင် ဖော်ပြထားသည်။

Pathways in Technology Early College High-Schools (P-TECH) ဟုခေါ်သည့် ကျောင်းများကို စင်ကာပူနိုင်ငံတွင် IBM ကုမ္ပဏီက လာရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကာ Institute of Technical Education (ITE), Nanyang Polytechnic, Ngee Ann Polytechnic, Republic Polytechnic, Singapore Polytechnic, Temasek Polytechnic ကျောင်းများနှင့် ပူးပေါင်းပြီး ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ပေးသွားရန် စီစဉ်နေကြောင်း ယင်းသတင်းကဆိုသည်။

စင်ကာပူနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း ပထမဆုံး P-TECH ကျောင်းများကို ဖွင့်လှစ်ခွင့်ရသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ ပဥ္စမမြောက်ကျောင်းအဖြစ် လာရောက်ထူထောင်ပေးခြင်း ခံရသော နိုင်ငံဖြစ်လာသည်။

IBM ကုမ္ပဏီသည် P-TECH ကျောင်းများကို အမေရိကန်ပြည်ထောင်စု၊ မော်ရိုကို၊ ဩစတြေးလျနှင့် ထိုင်ဝမ် တို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

P-TECH ကျောင်းများတွင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပညာရပ်များအပြင် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာဘာသာရပ်များကို စနစ်တကျဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ကာ ICT ဆိုင်ရာ ဒစ်ပလိုမာဘွဲ့များကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ထိုကျောင်းတွင် ဘွဲ့ရပြီးသည့် ကျောင်းသားများအနေနှင့်လည်း ကုမ္ပဏီများ၊ လုပ်ငန်းခွင်များတွင် တိုက်ရိုက် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခွင့်ရခဲ့သဖြင့် ကျွမ်းကျင်လုပ်သားများအဖြစ် (ကော်လာသစ်) မွေးထုတ် ပေးနိုင်သည့်အနေအထားကို ရောက်ရှိလာမည်ဟု IBM မှတာဝန်ရှိသူများကပြောကြားသည်။

P-TECH ကျောင်းသည် စင်ကာပူအစိုးရကို တိုက်ရိုက်အထောက်အကူဖြစ်စေမည့် သင်တန်းများကို ပို့ချပေးမည်ဖြစ်ကာ စာတွေ့ထက် လက်တွေ့ကျွမ်းကျင်သူများကို မွေးထုတ်ပေးရန် ရည်ရွယ်ထားကြောင်း၊ စင်ကာပူ နိုင်ငံ၏ အနာဂတ်တွင် လိုအပ်မည့် လုပ်သားများကိုဖြည့်ဆည်းပေးနိုင်ရန် တာဝန်ယူကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

IBM ကုမ္ပဏီသည် P-TECH ကျောင်းများကို ၂၀၁၁ ခုနှစ်ကတည်းက နယူးယောက်မြို့ ဘရွတ်ကလင်းအရပ် တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကမ္ဘာပေါ်တွင် ကျောင်းခွဲပေါင်း ၉၀ ကျော်ဖွင့်လှစ်နိုင်ကာ၊ ကုမ္ပဏီ လုပ်ငန်းပေါင်း ၄၅၀ ကျော်က အသိအမှတ်ပြုပေါင်းကူးဆက်သွယ်ခြင်းခံထားရကြောင်း Singapore Business Review တွင်ရေးသားထားသည်။ ■

# လူလိုက်ပါခြင်းမရှိသည့် လဆင်းယာဉ် အစ္စရေးစေလွှတ်ရန် ပြင်ဆင်

**ယီဟတ်၊ ဇူလိုင် ၁၂**

အစ္စရေးနိုင်ငံမှ NGO အဖွဲ့အစည်းတစ်ခုသည် လူလိုက်ပါခြင်းမရှိသည့် အာကာသ ယာဉ်တစ်စီးကို လပေါ်သို့ လွှတ်ရန် စီစဉ် လျက်ရှိရာ၊ လာမည့် ဒီဇင်ဘာလတွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါ၊ Cape Canaveral မှတစ်ဆင့် SpaceX Falcon 9 ဒုံးပျံဖြင့် စေလွှတ်မည်ဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။



EPA

အစ္စရေး လဆင်းအာကာသယာဉ်ကို SpaceIL ဆိုသည့် NGO အဖွဲ့အစည်းတစ်ခုက ဦးဆောင်ကာ စီစဉ်နေခြင်းဖြစ်ပြီး အမေရိကန်၊ ရုရှားနှင့် တရုတ်ပြီးလျှင် လပေါ်သို့ဆင်းသက်စူးစမ်းမည့် စတုတ္ထမြောက် နိုင်ငံဖြစ်လာနိုင်ကြောင်း ယင်းသတင်းကဆိုသည်။

ဒီဇင်ဘာလတွင် စေလွှတ်မည့် လဆင်းယာဉ်အစီအစဉ်အား အစ္စရေးအာကာသအဖွဲ့ IAI (Israel Aerospace Industries) နှင့် SpaceIL တို့ပူးပေါင်းပြီး ပုဂ္ဂလိက အလှူရှင်များ၏ ထောက်ပံ့ကြေး ဒေါ်လာ ၈၈ သန်းဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်။

အစ္စရေးတို့တည်ဆောက်ထားသည့် လဆင်းယာဉ်သည် ငါးပေအမြင့်ရှိပြီး အလေးချိန် ၁၃၂၂ ပေါင်သာ လေးကြောင်း၊ လပေါ်သို့ရောက်ရန် နှစ်လခန့်ကြာမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံထူထောင်သည့် နှစ် ၇၀ မြောက် အထိမ်းအမှတ်အဖြစ် စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

အစ္စရေးနိုင်ငံမှ SpaceIL အဖွဲ့သည် Google က ကြီးမှူးကျင်းပသည့် Lunar Xprize အာကာသယာဉ် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လပေါ်သို့ဆင်းသက်နိုင်သည့် ယာဉ်ကို တည်ဆောက်နိုင်ပါက ဒေါ်လာ သန်း ၂၀ ကို ဆုကြေးအဖြစ်ရမည်ဟု ၂၀၁၄ ခုနှစ်ကတည်းက ကတိကဝတ်ဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

အစ္စရေးတို့၏ SpaceIL အဖွဲ့က လုပ်ဆောင်နေသည့် ယင်းပရောဂျက်ကို တောင်အာဖရိက-အစ္စရေး ဘီလျံနာ တစ်ဦးဖြစ်သူ မောရစ်ခန်းက ဒေါ်လာ ၉၅ သန်း လှူဒါန်းမတည်ပေးခဲ့ကြောင်း Daily Mail သတင်းတွင် ရေးသားထားသည်။

SpaceIL အဖွဲ့သည် အစ္စရေးနိုင်ငံ၊ တဲလ်အဗစ်တွင် အခြေစိုက်ပြီး၊ ၂၀၁၁ ခုနှစ်ကတည်းက ဖွဲ့စည်းထားသော အင်ဂျင်နီယာ သုံးဦး ပါဝင်သည့် NGO အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း Digital Trends တွင်ဖော်ပြထားသည်။ ■

## NEWS IN BRIEF

### အော်တိုကားသော့များကို ငွေပြားစက္ကူများဖြင့် ပတ်ထားခြင်းဖြင့် ပုံတူခိုးကူးခြင်းမှကာကွယ်နိုင်ဟုဆို

ကားပိုင်ရှင်များအနေနှင့် အော်တိုကားသော့များကို ငွေပြားစက္ကူပြားများဖြင့်ပတ်ပြီး သိမ်းဆည်းထားလျှင် ဟက်ကာများက ကားသော့ကို ပုံတူကူးပြီး ခိုးယူသွားခြင်းမှ ကင်းဝေးနိုင်ကြောင်း ယခင် အက်ဖ်ဘီအိုင် ထောက်လှမ်းရေးအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဟော်လီ ဟူးဘတ်၏ပြောကြားချက်ကို Detroit Free Press သတင်း တွင် ဖော်ပြထားသည်။

ဟူးဘတ်သည် ယခုအခါ Global Security IQ ကုမ္ပဏီတွင် CEO အဖြစ် တာဝန်ထမ်းဆောင်နေပြီး ကားခိုးမှုမှ ဈေးအသက်သာဆုံး ကင်းဝေးအောင်ပြုလုပ်နည်းဖြစ်ကြောင်း ယင်းကဆိုသည်။

ငွေပြားစက္ကူများဖြင့် ကားသော့ကို ပတ်ထားလိုက်လျှင် signal များကို ခိုးဖောက်နိုင်ခြင်း မရှိသဖြင့်၊ ကားသော့မဲ့ အော်တိုသော့ခေတ်တွင် မိမိတို့ကားများကို အကာအကွယ်ပေးရန်အကောင်းဆုံးဖြစ်ကြောင်း၊ အင်္ဂလန်တွင် ယမန်နှစ်က ကားပေါင်း ၈၉၀၀၀ ခန့်အခိုးခံခဲ့ရကြောင်း ဟူးဘတ်ကပြောကြားသည်။ ■

### တရုတ်နိုင်ငံတွင် iPhone ကိုင်ဆောင်သူများ ထူးဆန်းသည့် ဗိုင်းရပ်စ်ဝင်

Apple ကုမ္ပဏီထုတ် iPhone များသည့် ဗိုင်းရပ်စ်ဘေးမှ အကင်းဝေးဆုံး ဖုန်းများဖြစ်သည်ဆိုသော်လည်း ယခုအခါ အချို့သော iPhone များထဲတွင် ထိုင်ဝမ်အလံပုံများ လာပေါ်စေရန် ဗိုင်းရပ်စ်ဖြင့် တိုက်ခိုက်ခြင်း ခံနေရကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

iPhone များတွင် တရုတ်အစိုးရက အသိအမှတ်ပြုမထားသော ထိုင်ဝမ် ကျွန်းနိုင်ငံအဖြစ် ယခင်က အသုံးပြုခဲ့ သည့် အလံပုံလေးပေါ်လာရုံမက မေ့နေပြီလား ဆိုသည့် စာတန်းလေးပါပေါ်လာတတ်ကြောင်း ယင်းသတင်းက ဆိုသည်။

Apple ကုမ္ပဏီမှ တာဝန်ရှိသူများက ယင်းသို့ အလံပုံနှင့် စာတန်းများ ပေါ်လာပါက iOS ဆော့ဖ်ဝဲကို update လုပ်လိုက်ရန် နှိုးဆော်ထားကြောင်း AFP တွင် ရေးသားထားသည်။ ■

### အပူချိန်က လုပ်အားကို ဆုံးရှုံးစေသဖြင့် အဲကွန်းဖြင့် အလုပ်လုပ်သင့်ဟုဆို

ရုံးဝန်ထမ်းများတွင် ပူလောင်သည့်ဒဏ်ကို ခံစားရပါက ဦးနှောက်အလုပ်များတွင် ပို၍ခက်ခဲစေနိုင်သဖြင့် အဲကွန်းခေါ် လေအေးပေးစက်များဖြင့် အလုပ်လုပ်ရသူများသည် လုပ်ငန်းပိုတွင်ကျယ်ပြီး ခရီးရောက်နိုင် ကြောင်း Bloomberg သတင်းတွင် ဖော်ပြထားသည်။

ပူလောင်သည့် ရုံးခန်းများထဲတွင် ဦးနှောက်ကိုသုံးရသည့် လုပ်ငန်းများကို လုပ်ဆောင်ရသူတို့အား ထားပြီး လက်တွေ့စမ်းသပ်ခဲ့ရာတွင် လေအေးစက်ခန်း၌ လုပ်ကိုင်ရသူများထက် လုပ်ဆောင်နိုင်စွမ်း ၁၃ ရာခိုင်နှုန်း ပိုပြီး ကျဆင်းခဲ့ကြောင်း ဟားဗတ် တီအိပ်ချ် ချန်းကောလိပ် သုတေသနအဖွဲ့ကပြောကြားသည်။

ဒေါက်တာ ဂျိုစ့် ဂူလီယာမို ဦးဆောင်သည့်အဖွဲ့သည် ကျောင်းသား ၄၄ ဦးဖြင့် သုတေသနပြုလုပ်ခဲ့ပြီး ပူလောင်သည့်အခန်းက လူကို ပိုပြီးအိပ်ငိုက်စေကာ၊ ဦးနှောက်ကိုလည်း စဉ်းစားနိုင်စွမ်းများ လျော့ကျစေ ကြောင်း လက်တွေ့ပြသခဲ့ကြသည်။ ■

### စက်ရုပ်အင်ဂျင်နီယာက အခန်းလေးခန်းပါအိမ်တစ်လုံးကို ၅၄ နာရီနှင့် အပြီးဆောက်

ပြင်သစ်နိုင်ငံမှ သိပ္ပံနှင့် အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ ပူးပေါင်းတီထွင်ထားသော စက်ရုပ်လက်တံသည် မိသားစု ငါးယောက်နေထိုင်နိုင်သည့် အခန်းလေးခန်းပါ အိမ်တစ်လုံးကို ၅၄ နာရီအတွင်း အပြီးဆောက်လုပ်နိုင်ခဲ့ကြောင်း BBC သတင်း တွင် ဖော်ပြထားသည်။

၁၀၂၂ စတုရန်းပေပတ်လည်အိမ်တစ်လုံးကို ပြင်သစ်နိုင်ငံအနောက်မြောက်ပိုင်း Nantes မြို့တွင် သရုပ်ပြတည်ဆောက်ခဲ့ရာ 3D ပရင်တာပုံစံဖြင့် စက်ရုပ်လက်တံက နှစ်ရက်ခန့်အတွင်းအပြီးတည်ဆောက်ပြခဲ့သည်။

တစ်ထပ်တိုက်အိမ်လေးတွင် အခန်း လေးခန်းအပြင် ရေချိုးခန်းတစ်ခန်းပါပြီး Yhnova ဟုမည်ပေးထားသည့် ယင်းပရောဂျက်က အိမ်တစ်လုံးကို ဒေါ်လာ ၂၀၇၀၀၀ ဖြင့်အပြီးဆောက်ပေးနိုင်ကာ ပုံမှန်ဈေးထက် ၂၀ ရာခိုင်နှုန်းသက်သာပြီး၊ အချိန်ကုန်လည်းသက်သာကြောင်း ယင်းသတင်းကဆိုသည်။ ■

### Apple တွင်ဝန်ထမ်းလုပ်ခဲ့ဖူးသူအား မောင်းသူမဲ့ကား အချက်အလက်များ ခိုးယူမှုဖြင့် အရေးယူ

ယခင် Apple ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည် ဝန်ထမ်းတစ်ဦး၏ လက်ပ်တော့အတွင်း ကုမ္ပဏီက ထုတ်မည့် မောင်းသူမဲ့ကား ပုံကြမ်းစာရွက်များကို ထည့်သွင်းထားပြီး တရုတ်နိုင်ငံသို့ မထွက်ခွာမီ ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

Apple တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းဟောင်း ရှောင်လန်းကျန်ဆိုသူသည် တရုတ်နိုင်ငံ၏ မောင်းသူမဲ့ ကားထုတ်လုပ်ရေး လုပ်ငန်းတွင် သွားရောက်လုပ်ကိုင်ရန် မထွက်ခွာမီလေးတွင် ကုမ္ပဏီက ခိုးယူသွားသည့် ပုံစံများနှင့်အတူ လေဆိပ်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိကြောင်း ယင်းသတင်းကဆိုသည်။

ကျန်သည် Apple ကုမ္ပဏီမှ ပုံကြမ်းစာရွက်ပေါင်း ၂၅ မျက်နှာကို ကွန်ပျူတာထဲတွင် ခိုးထည့်ထားခြင်းဖြစ်ပြီး ဇူလိုင်လ ၇ ရက်နေ့က ဖမ်းဆီးခဲ့ကြောင်း Reuters တွင်ရေးသားထားသည်။ ■

# ဘော်ဘော်ကထော်

သန့်ဇင်ဦး

လာဗင်ဒါ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဇော်မင်း( မြောက်ဒဂုံ ) ရဲ့ ဇာတ်လမ်းကို ဒါရိုက်တာကိုပေါက် ရိုက်ကူးပြီး သရုပ်ဆောင် မြင့်မြတ်၊ ခင်လှိုင်၊ ဂျိုကာ၊ ရွှေသမီး၊ ဆုအိမ့်စံ၊ မုဏ်းတို့ပါဝင်တဲ့ 'ဘော်ဘော်ကထော်' ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လ ၁၃ ရက်နေ့ ကနေစပြီး ရုံတင်ပြသသွားတော့မှာပါ။ ယင်းဇာတ်ကားမှာ ပါဝင်ထားတဲ့ အနုပညာရှင်တွေရဲ့ရင်တွင်းစကားသံတွေကို The Voice ကမေးမြန်းဖော်ပြထားပါတယ်။

## ကိုပေါက်

ဒီဇာတ်ကားက ကိုဇော်မင်း ( မြောက်ဒဂုံ ) ရေးထားတဲ့ ဇာတ်လမ်းလေးကို အခြေခံပြီး ရိုက်တာပါ။ ဒီဇာတ်လမ်းလေးကို ဖတ်ကြည့်တဲ့ အချိန်မှာ လူတစ်ယောက်နဲ့ တစ်ယောက် ပါးရိုက်ပြီး နှုတ်ဆက်ကြတဲ့ Plot လေးကို ကျွန်တော်က ကြိုက်တယ်။ ရုပ်ရှင် ရိုက်မယ်ဆိုရင်တော့ ပြင်ရမယ့်ဟာလေးတွေတော့ ရှိတာပေါ့ နော်။ ဒီဇာတ်လေးကို ရိုက်ဖို့ ကုမ္ပဏီတစ်ခုကို ကျွန်တော်ပြကြည့် တော့ ငြင်းလိုက်တယ်။ သိပ်မကြိုက်ဘူးပေါ့။ ကျွန်တော်က တကယ်တမ်းရိုက်မယ်ဆိုရင် ထပ်ဖြည့်မယ့်၊ ပြင်မယ့်ဟာတွေ ရှိ သေးတယ်လို့ ပြောပေမယ့် မကြိုက်ဘူးပေါ့။ လာဗင်ဒါထုတ်လုပ် ရေးကို ပြောတော့ သူတို့က ကြိုက်တဲ့အတွက် ရိုက်ဖြစ်သွားတယ်။ ဒီကားထဲမှာ ကျွန်းပေါ်မှာ ရိုက်ရမယ့် ဇာတ်ဝင်ခန်းတွေလည်းပါတော့ ရိုက်ဖူးနေကျ ချောင်းသာတို့၊ ငွေဆောင်တို့မှာလည်း မရိုက်ချင်ဘူး။ အဲဒါကြောင့် ဇာတ်ကားတွေ သိပ်မရိုက်ဖူးသေးတဲ့ ကဗျာဝကမ်းခြေ ဘက်မှာ သွားရိုက်ခဲ့တာပါ။ အဓိက,ကတော့ ပရိသတ်တွေ ဘဝ အမောပြေဖို့အတွက်ပဲ ရည်ရွယ်ပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ခင်လှိုင်


ဓာတ်ပုံ- သန့်ဇင်ဦး

ဒီဇာတ်ကားထဲမှာ ကျွန်တော့် ကာရိုက်တာကတော့ ကျွန်းတစ်ကျွန်းပေါ်မှာနေတဲ့ လူမျိုးစုတစ်စုထဲက ဘော်ဘော်ပိ ဆိုတဲ့ လူတစ်ယောက်နေရာ က သရုပ်ဆောင်ထားပါတယ်။ ဇာတ်လမ်းကတော့ ဟာသ လေးပါပဲ။ ဒါပေမဲ့ ထူးဆန်းတဲ့ ကာရိုက်တာတစ်ခု၊ ကျွန်တော် မလုပ်ဖူးသေးတဲ့ ကာရိုက်တာ တစ်ခုကို ဒီဇာတ်ကားမှာ လုပ်ခွင့်ရခဲ့ပါတယ်။ ဒီကား ရိုက်တုန်းက ပျော်စရာလည်း ကောင်းသလို၊ ပင်လည်း ပင်ပန်းခဲ့ပါတယ်။ တက်တူး တွေ ဖျောက်ဖို့တစ်ကိုယ်လုံးကို ဆေးတွေ မှုတ်ပြီး သရုပ်ဆောင်ခဲ့ရတာဆိုတော့ လူက တင်းတင်းကျပ်ကျပ်ကြီးဖြစ်ပြီး အက်တင်လုပ်ရတာ သက်သောင့်သက်သာ မရှိဘူး။ ပုဆိုးကို ခါးတောင်းကျိုက် ထားရတော့ တစ်ချိန်လုံး တင်ပါးကြီးက ပေါ်နေတဲ့အတွက် လူတွေကြားထဲမှာ နေရလည်း ခက်တယ်။ ပရိသတ်တွေကြားမှာ ရိုက်ရတာဆိုတော့ ရှိုးတိုးရှန့်တန့် ဖြစ်တာပေါ့။ နောက်ပြီး စကားပြောရင်လည်း အော်ပြောရတာဆိုတော့ နည်းနည်း တော့ ပင်ပန်းပါ တယ်။ ဒီကားလေးကို လာရောက်အားပေးကြဖို့ ပရိသတ်တွေကို ဖိတ်ခေါ်ချင်ပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

## ဂျိုကာ

ဒီဇာတ်ကားလေးက ဟာသကားဆိုတော့ ပရိသတ်တွေ ရယ်ရမှာတော့ သေချာပါတယ်။ နောက် တစ်ခုက လူရိုင်းပုံစံလေးတွေဆိုတော့ အမြင်လည်း ဆန်းသွားမယ်လို့ ထင်ပါတယ်။ ကျွန်တော့်ကာရိုက်တာ ကတော့ဘော်ဘော်ကထော်သုံးယောက်ထဲက တစ်ယောက် ပေါ့။ ရိုက်ကွင်းပေါ်မှာတော့ ကိုမြင့်မြတ်တို့၊ ဦးခင်လှိုင် တို့ နဲ့က ပျော်ပျော်ရွှင်ရွှင်၊ သိုက်သိုက်ဝန်းဝန်းနဲ့ သရုပ်ဆောင် ခဲ့ကြပါတယ်။ ရှူတင်မှာဆို နေ့တိုင်းကို ရယ်နေရတယ်။ ဇာတ်ကားရိုက်တုန်းက အမှတ်တရကတော လူစည်ကား တဲ့နေရာတွေမှာ ဖင်ပြောင်ကြီးတွေနဲ့ ရိုက်ခဲ့ရတာပေါ့။ ပရိသတ်တွေကလည်း ကိုယ်တွေကို ဝိုင်းကြည့်နေတော့ ရှက်တာပေါ့နော်။ ဒီဇာတ်ကားကို ပြန်ကြည့်တဲ့အချိန် မှာတော့ ကျေလည်း ကျေနပ်တယ်၊ အားလည်းအားရပါ တယ်။ ဇာတ်လမ်း တင်ပြပုံလေးကလည်း ဆန်းသလို၊ ဟာသ Plot တွေလည်း အများကြီးပါတဲ့အတွက် ပရိသတ် တွေ သဘောကျကြမှာပါ။

## ဆုအိမ့်စံ

ဒီဇာတ်ကားလေးက ဟာသကားကောင်းကောင်း ကြည့် ချင်တဲ့ ပရိသတ်တွေ သဘောကျမယ့် ဇာတ်ကားမျိုးပါ။ ဇာတ်လမ်း လေးကလည်း ထူးခြားပါတယ်။ ညီမရဲ့ ကာရိုက်တာကတော့ ဦးအရိုင်းရဲ့သမီးသုံးယောက်ထဲက တစ်ယောက်ပေါ့နော်။ အဖေ က ဘော်ဘော်ကထော် လူမျိုးစုတွေကို ရှာဖို့လုပ်နေတာကို သမီးသုံးယောက်က ဝင်ကူညီပေးရင်းနဲ့ အလွဲတွေ ကြုံရတာ ပေါ့နော်။ ရိုက်ကွင်းအမှတ်တရတွေကတော့ အများကြီးပါပဲ။ ကဗျာဝကမ်းခြေမှာ သွားရိုက်ခဲ့ရတယ်။ သင်္ဘောစီးပြီး ရိုက်ရ တာဆိုတော့ မိုးအရမ်းရွာတဲ့အချိန်မှာဆို ရိုက်မရလို့ ရိုက်ကွင်း နားရတာတွေလည်းရှိတယ်။ ပင်လယ်ဘက်မှာ သွားရိုက်တာ ဆိုတော့ ပင်လယ်စာတွေလည်း အားရပါးရစားခဲ့ရတယ်။ ကိုမြင့်မြတ်တို့၊ ဦးခင်လှိုင်တို့ကလည်း ဟာသလုပ်တာ အရမ်း တော်တော့ ရိုက်နေရင်းနဲ့လည်း ရယ်နေရတယ်။ ဒီကားလေးက ပရိသတ်တွေ ပျော်ပျော်ရွှင်ရွှင်ကြည့်ရမယ့် ဇာတ်ကားလေး တစ်ကားပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

## ရွှေသမီး


ဓာတ်ပုံ- သန့်ဇင်ဦး

ဒီဇာတ်ကားလေး ရိုက်ဖို့ ဒါရိုက်တာကိုပေါက် က လာပြောတဲ့အချိန်မှာ မင်းသားတွေရဲ့ကာရိုက်တာ တွေကို မသိသေးဘူး။ ဒီကား ထဲမှာပါတဲ့ ဘော်ဘော်ကထော် တွေဆိုတာ ဘယ်လိုပုံစံမျိုး လဲဆိုတာ မျက်စိထဲမှာ ပုံဖော်လို့လည်း မရဘူး။

ကျွန်းတစ်ကျွန်းမှာ နေတဲ့ လူသုံးယောက်က ကိုယ်တွေနေတဲ့ မြို့ပေါ်ကို ရောက်လာမယ်ပေါ့နော်။ ဒီလောက်ပဲ သိထားတယ်။ တကယ်တမ်း ရှူတင်ကို ရောက်သွားတဲ့နေ့ မှာ သူတို့ ကို ကြည့်ပြီး အံ့ သြသွား တယ်။ ကာရိုက်တာနဲ့ လိုက်အောင် သူတို့ ပြင်ဆင်ထားတာလေးတွေ အရမ်းမိုက် တယ်။ ညီမရဲ့ ကာရိုက်တာကတော့ သုတေသနပညာရှင်တစ်ယောက်ရဲ့ သမီး သုံးယောက်ထဲက တစ်ယောက်ပါ။ ဒီကားရိုက်တုန်းကလည်း ပျော်စရာကောင်းခဲ့တယ်။ အခုပြန်ကြည့်တဲ့အချိန်မှာလည်း ရိုက်ခဲ့တုန်းက အချိန်တွေကို ပြန်သတိရပါတယ်။ ဒီကားရိုက်တုန်းကဆို ကိုမြင့်မြတ်၊ ဦးခင်လှိုင်၊ ကိုဂျိုကာတို့ သရုပ်ဆောင်တာကို ကြည့်ပြီး ရယ်ချင်တာ ဘယ်လိုမှ ထိန်းလို့ မရဘူး။ ခဏခဏ ပြန်ရိုက်ရတာတွေလည်း ရှိခဲ့ပါတယ်။ ဒီကားလေးက ပရိသတ်တွေ ဘဝအမောပြေမယ့် ဇာတ်ကားတစ်ကားပါ။

# “သားလေးရတော့မှာဆိုတော့ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး အရမ်းကို ပျော်နေပါတယ်”

## မြင့်မြတ်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

နာမည်ကျော် သရုပ်ဆောင် မြင့်မြတ်နဲ့ တွေ့ဆုံပြီး လက်ရှိရိုက်ကူးနေတဲ့ ‘အချစ်ဆုံး’ ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်စရိုက်အကြောင်း၊ ဇူလိုင်လ ၁၃ ရက်နေ့ မှာရုံတင်ပြသတော့မယ့် ‘ဘော်ဘော်ကထော်’ ရုပ်ရှင်ဇာတ်ကားအကြောင်း၊ သားဦးလေးရတော့မယ့်အပေါ် ခံစားမှုတို့ ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: မြင့်မြတ် လက်ရှိရိုက်ကူးနေတဲ့ ‘အချစ်ဆုံး’ ရုပ်ရှင်ဇာတ်ကားအကြောင်းကနေစပြီး ပြောပြပေးပါဦး။**

**MM:** ဒီဇာတ်ကားကို ဒါရိုက်တာ ကိုအောင်ဇော်လင်းရိုက်ကူးပြီး သရုပ်ဆောင်တွေက ကျွန်တော်ရယ်၊ သင်ဇာဝင့်ကျော်၊ အိချောပို၊ မေမြင့်မိုရ်တို့ ပါပါတယ်။ ဇာတ်လမ်းလေးကတော့ အချစ်၊ ဟာသအပျော်ဇာတ် လေးပါပဲ။ ကျွန်တော့်ကာရိုက်တာကတော့ စော်ပတ်ရှုပ်တဲ့ လူငယ်တစ်ယောက်ပေါ့နော်။ မေမြင့်မိုရ်ကို ကျ တော့ နိုင်တယ်၊ အိချောပိုကိုကျတော့ နည်းနည်းလန့်တယ်၊ သင်ဇာက ကျတော့ ကျွန်တော့်ကို တစ်ဖက်သတ် ကြိုက်တယ်။ စော်ကြည်ဘဲပေါ့ဗျာ။

**Voice: မြင့်မြတ်ကို ဒီလိုအချစ်ဇာတ်လမ်းအနေအထားတွေမှာ မတွေ့ရတာကြာပြီနော်။**

**MM:** အမှန်အတိုင်းပြောရရင် ဒီလိုဇာတ်လမ်းမျိုးက ကျွန်တော်နဲ့ သိပ်မလိုက်ပါဘူးဗျာ။ ကျွန်တော်က ဒရာမာဇာတ်လမ်းနဲ့ ဟာသဇာတ်လမ်းတွေ ရိုက်တာများတာဆိုတော့လေ။ ကျွန်တော် ရိုက်လေ့ရိုက်ထလည်း သိပ်မရှိဘူး။ ပရိသတ်အမြင်မှာတော့ မတူညီတဲ့ ပုံစံတစ်ခုတော့ ထွက်မှာပေါ့လေ။ ကျွန်တော် ရိုက်ခဲ့တဲ့ ဇာတ်လမ်းမျိုးဆိုတော့လေ။ စော်တွေနဲ့ ပတ်ရှုပ်နေတဲ့ ပုံစံမျိုးဆိုတော့၊ အမြင်တစ်မျိုးတော့ ပြောင်းသွားမှာပါ။

**Voice: ဒီတစ်ပတ်ထဲမှာ ရုံတင်မယ့် ‘ဘော်ဘော်ကထော် ’ ရုပ်ရှင်ကတော့ မြင့်မြတ်ပရိသတ်တွေ ကြိုက်တဲ့ ဟာသဇာတ်ကားပဲပေါ့။ သရုပ်ဆောင်ထားတဲ့ ကာရိုက်တာနဲ့ ရိုက်ကွင်းနောက်ကွယ်က အမှတ်တရတွေကို ပြောပြပေးပါဦး။**

**MM:** ဒီဇာတ်ကားထဲက ကာရိုက်တာအတွက် ကျွန်တော့် ကိုယ်ပေါ်မှာရှိတဲ့ တက်တူးတွေကိုဖျောက်ပြီး ရိုက်ခဲ့ရပါတယ်။ ပထမတော့ မိတ်ကပ်ကို ဆီဆေးနဲ့ လိမ်းပြီး တက်တူးတွေ ဖျောက်တာပေါ့နော်။ အဲ့ဒီလို လုပ်တာက သုံးရက်လောက်တော့ ခံတယ်။ ဒါပေမဲ့ အဆင်မပြေဘူး။ နေအရမ်းပူတဲ့အချိန်မှာ ချွေးတစ်စက်မှ မထွက်ဘူး။ ချွေးပေါက်တွေ အကုန်ပိတ်လာတာပေါ့။ နှစ်ရက်၊ သုံးရက်လောက် ရိုက်ပြီးတဲ့အချိန်မှာ လူလည်း ဖျားချင်သလိုတွေဖြစ်ပြီး အဆင်မပြေတော့ဘူး။ ကိုခင်လှိုင်ဆို ဖျားတောင်ဖျားတယ်။ နောက်ပိုင်းမှာ ရေဆေးမိတ်ကပ်နဲ့ လုပ်လိုက်မှ အဆင်ပြေသွားတယ်။

**Voice: ဒီဇာတ်ကားထဲမှာ တင်ပါးပေါ်အောင် ခါးတောင်းကျိုက်ပြီးပြေးရတဲ့ ဇာတ်ဝင်ခန်းတွေလည်းပါတယ်နော်။ လူတွေကြားထဲမှာ ရိုက်ရတာ ဆိုတော့ ဘယ်လိုခံစားမှုရှိလဲ။**

**MM:** ဒီကားရိုက်တဲ့အခါမှာ ဇာတ်လမ်းရဲ့ လိုအပ်ချက်အရ အဲ့ဒီဇာတ်ဝင်ခန်းတွေက ပါနေတယ်ပေါ့နော်။ ဖင်တုံးလုံးနဲ့ လူတွေကြားထဲမှာ လျှောက်ပြေးရတဲ့ အခန်းမှာတော့ ရှက်လည်းရှက်ပါတယ်။ ပရိသတ်တွေ ကြည့်နေတဲ့ ကြားထဲမှာ ရိုက်ရတာဆိုတော့ မျက်နှာပူတယ်လေ။ အရမ်းလည်းရှက်တယ်။ ကိုယ့်အဖွဲ့သားတွေချည်းပဲ Indoor မှာ ရိုက်ရရင်တော့ ကိစ္စမရှိဘူးပေါ့နော်။ Outdoor လည်းဖြစ်တယ်၊ တကယ့် စည်ကားတဲ့ ရပ်ကွက်ဈေးလိုနေရာမျိုးမှာ ရိုက်ခဲ့ရတော့ တော်တော်ရှက်ပါတယ်။

**Voice: အခုတစ်လော မြင့်မြတ်ပါတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဆက်တိုက်ရုံတင် ဖြစ်နေတယ်နော်။ တစ်လောက ရုံတင်တဲ့ ‘ငဒူ ’ကတော့ မြင့်မြတ်အတွက် အကယ်ဒမီ နောက်တစ်ဆုမျှော်လင့်လို့ ရမယ့်ကားလို့ ပြောနေကြတယ်။**

**MM:** ငဒူရုပ်ရှင်မှာ ကျွန်တော်သရုပ်ဆောင်ရတဲ့ ကာရိုက်တာလေးကတော့ ဆန်းတာပေါ့ နော်။ ဒါပေမဲ့ အကယ် ဒမီကတော့ မသေချာပါဘူး။ ရရမရရအေးဆေးပါပဲ။ ငဒူရုပ်ရှင်ဇာတ်ကား အောင်မြင်သွားတဲ့ အတွက်တော့ အရမ်းဝမ်းသာပါတယ်။ ကြည်လည်းကြည်နူးတယ်။ ဒီကားက ဟာသသီးသန့်မဟုတ်ဘဲ နောက်ပိုင်းမှာ ဒရာမာချိုးထားတာလေးတွေလည်း ပါတယ်။ ဒရာမာဇာတ်ကို အားပေးတဲ့အတွက် ပိုပြီးတော့ ဝမ်းသာပါတယ်။

**Voice: နောက်လထဲမှာ ကိုယ့်အတွက် သားဦးလေးလည်းရတော့မှာဆိုတော့ ဖခင်လောင်းတစ်ယောက် ရဲ့ ခံစားချက်က ဘယ်လိုရှိလဲ။**

**MM:** နောက်လထဲမှာ သားလေးရတော့မှာဆိုတော့ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး အရမ်းကို ပျော်နေပါတယ်။ ကြည်လည်းကြည်နူးပါတယ်။ သားလေးရဲ့ ဘဝတစ်လျှောက်လုံးမှာလည်း အကောင်းဆုံးဖြစ်အောင် အစစအရာရာ ပံ့ပိုးပေးသွားမှာပါ။ ကျွန်တော်တို့ ဖြစ်ချင်တာဆိုတာထက်ကို သူဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲဆိုတဲ့ အပေါ်မှာပဲ အကောင်းဆုံးပံ့ပိုးပေးသွားမှာပါ။ သားလေးဖြစ်တဲ့အတွက် ကျွန်တော်နဲ့အတူ ဘယ်နေရာမဆို လိုက်လို့ရမှာပေါ့။ ကျွန်တော်နဲ့ အဖော်ရမှာပါ။

---

# ‘ကြွေ’ ရုပ်ရှင်ဇာတ်ကားမှာ အလှမာန်အပြည့်ရှိတဲ့ ‘ခင်ရင်တင်’ အဖြစ် မြင်တွေ့ရမယ့် အိချောပို

ရန်ကုန်၊ ဇူလိုင် ၁၂

တက္ကသိုလ်ကျောင်းသားကျောင်းသူတွေရဲ့ ပျော်စရာ၊ လွမ်းစရာလေးတွေကို ကြည့် ရှုခံစားရမယ့် ‘ကြွေ’ ရုပ်ရှင်ဇာတ်ကားမှာ အလှမာန်အပြည့် ရှိတဲ့ ‘ခင်ရင်တင်’ ဆိုတဲ့ တက္ကသိုလ် ကျောင်းသူတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်လို့ သရုပ်ဆောင် အိချောပိုကThe Voice ကို ပြောကြားပါတယ်။

“ဒီကားလေးရိုက်တုန်းက အခက်အခဲလေးတွေမျိုးစုံပဲ ရှိတယ်။ အချိန်လည်းတော်တော်ပေးပြီးတော့ ရိုက်ခဲ့ရတယ်။ အိချော ရဲ့ ကာရိုက်တာကတော့ ခင်ရင်တင်ဆိုတဲ့ ကောင်မလေးနေရာက သရုပ်ဆောင်တယ်။ ကျောင်းမှာဆို ကြိုက်တဲ့သူများပြီးတော့ မာန်တက်နေတဲ့ ပုံစံမျိုးလေးပါ” လို့ ၎င်းက ထပ်လောင်းပြောကြားခဲ့ပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

စာရေးဆရာမင်းလူရဲ့ ‘ပြောတိုင်းယုံတဲ့ ပုတ်သင်ညို’ ဝတ္ထုကို အခြေခံကာ ဒါရိုက်တာ သားညီရိုက်ကူးတဲ့ ‘ကြွေ’ ရုပ်ရှင်ဇာတ်ကားမှာတော့ အဓိကသရုပ်ဆောင်များအဖြစ် လွှမ်းပိုင်၊ တိုင်ရွှန်နဲ့ အိချောပိုတို့ ပါဝင် သရုပ်ဆောင် ထားပြီး ဇူလိုင်လ ၂၀ ရက်နေ့ကစပြီး ရုံတင် ပြသသွားတော့မှာ ဖြစ်ပါတယ်။

“ဒီကားလေးကတော့ လူငယ်ဖန်စီကားလေးပါ။ တက္ကသိုလ်ကျောင်းသားကျောင်းသူ တွေရဲ့ အပျော်ဘဝလေးတွေကို ခံစားရမယ့် ကားလေးပါ။ ကိုလွှမ်းပိုင်နဲ့ တွဲဖက်သရုပ်ဆောင်ရတာလည်း အဆင်ပြေပါတယ်။ သူကလည်း နဂိုကတည်းက ဒီဇာတ်လမ်းကိုရိုက်ဖို့ ရူးသွပ်ထားတဲ့သူတစ်ယောက်ဆိုတော့ သူ့ဘာသာသူ အကောင်းဆုံးသရုပ်ဆောင်နိုင်ပါတယ်။ အိချောဘက်က လက်တွဲခေါ်ရတာမျိုး မရှိပါဘူး” လို့ အိချောပိုက ပြောကြားပါတယ်။

# ‘ဇာတိမြေ’ ရုပ်ရှင်က ဘဝမှာ အပင်ပန်းဆုံး ဇာတ်ကားတစ်ကားပါဆိုတဲ့ ဝတ်မှုန်ရွှေရည်

ရန်ကုန်၊ ဇူလိုင် ၁၂

ဂေ အရေးအခင်းအကြောင်းကို အခြေခံပြီးရိုက်ကူးထားတဲ့ ‘ဇာတိမြေ’ရုပ်ရှင် ဇာတ်ကားက ဘဝမှာ အပင်ပန်းဆုံးနဲ့ တကယ်ကို အားစိုက်ထုတ်ပြီး ရိုက်ခဲ့ရတဲ့ ဇာတ်ကားတစ်ကားအဖြစ် အမြဲ အမှတ်ရနေမှာ ဖြစ်ကြောင်းသရုပ်ဆောင် ဝတ်မှုန်ရွှေရည်က The Voice ကိုပြောကြားပါတယ်။

“ဒီဇာတ်ကားက ကစ်ဘဝမှာ အရမ်းကိုအပင်ပန်းဆုံးဇာတ်ကားလို့တောင် ပြောလို့ရတယ်။ကိုယ့်နိုင်ငံမှာ ရိုက်တာလည်းမဟုတ်ဘူး။ သူများနိုင်ငံမှာ သွားရိုက်ရတာဆိုတော့ တချို့နေ့တွေ မှာဆို မနက်ကနေ ရိုက်လိုက်တာ၊ ည ဆယ့်နှစ်နာရီလောက်မှ ပြီးတာမျိုးတွေရှိတယ်။ နောက်နေ့ မနက် ငါးနာရီထပြီး ရှူတင်သွားဖို့ ပြင်ရပြန်ရော။ တစ်လလောက်အထိ အချိန်ပေးပြီး ရိုက်ခဲ့ရတယ်” လို့ ၎င်းက ထပ်လောင်းပြောကြားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

ဂျပန်- မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ရည်ရွယ် ရိုက်ကူးတဲ့ ‘ဇာတိမြေ’ ရုပ်ရှင် ဇာတ်ကားကို ဒါရိုက်တာ ကြည်ဖြူသျှင်က ရိုက်ကူးထားတာဖြစ်ပြီး အဓိကသရုပ်ဆောင် တွေကတော့ ရန်အောင်၊ အောင်ရဲလင်း ၊ ဝတ်မှုန်ရွှေရည်တို့ နဲ့အတူ ဂျပန်နိုင်ငံမှာ အခြေချနေထိုင်နေတဲ့ မြန်မာလူမျိုး အဆိုတော် မိုရီဆာကီဝင်းတို့ ပါဝင်သရုပ်ဆောင် ထားပါတယ်။

“ဒီကားရိုက်ကူးမှု အမှတ်တရကတော့ ပင်ပန်း တယ်ပေါ့နော်။ ဒါပေမဲ့လည်း ကစ် ပျော်ပါ တယ်။ ဂျပန်နိုင်ငံမှာ သွားရိုက်တာဆိုတော့ အတွေ့အကြုံသစ်တွေလည်း အများကြီး ရခဲ့ပါတယ်။ ပရိသတ်တွေချစ်ကြတဲ့ အဝင်းနဲ့ သရုပ်ဆောင် ရတာကလည်း ကစ်ပြောခဲ့ဖူးသလိုပဲ အရမ်းကိုအဆင်ပြေ ပါတယ်။ အလုပ်လုပ်လို့လည်း ကောင်းတယ်။ သူ သရုပ်ဆောင်တာလည်း တော်ပါတယ်” လို့ ဝတ်မှုန်ရွှေရည်က ပြောကြား ပါတယ်။

# မန္တလေးမြို့ဝင်ဂိတ်များတွင် ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် ငွေကောက်ရန်စီစဉ်

**မန္တလေး၊ ဇူလိုင် ၁၂**

မန္တလေးမြို့တော်ရှိ ဘီးခွန်ဂိတ်များတွင် ကွန်ပျူတာထိန်းချုပ်စနစ် Check Point System ဖြင့် ငွေကောက်ခံရန် စီစဉ်နေကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က ပြောကြားသည်။

မြို့ဝင်ဘီးခွန် ကောက်ခံသည့် အလုပ်သမားများ၏ ဆက်ဆံရေးအဆင်မပြေခြင်း၊ ငွေကြေးကောက်ခံခွင့်ရသည့် လုပ်ငန်းရှင်များကို တိုင်ကြားမှုများရှိခြင်းတို့ကြောင့် ယခုကဲ့သို့ပြောင်းလဲကောက်ခံရခြင်းဖြစ်ကြောင်း၊ ယခုစနစ်ကို အသုံးပြုပါက မန္တလေးမြို့တွင်းသို့ အဝင်အထွက်ပြုလုပ်သည့် စာရင်းများလည်းရရှိမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"ဒီစနစ်က တိုးလ်ဂိတ်ကိုဝင်လာတဲ့ ကားအရောင်၊ ပုံစံ၊ နံပါတ်ကိုစကန်ဖတ်ထားမယ်။ ဓာတ်ပုံရိုက်ပြီး နှစ်လစာအထိ သိမ်းထားနိုင်တယ်။ ကင်မရာတွေ ကွန်ပျူတာတွေနဲ့ ချိတ်ဆက်လုပ်ဆောင်ရမယ်" ဟုဦးကျော်ဇောအောင်က ရှင်းပြသည်။

မန္တလေးမြို့၌ ရွှေကျင်၊ အောင်ပင်လယ်၊ ရွှေကြက်ယက်၊ ထုံးဘိုတိုးလ်ဂိတ်များရှိပြီး အဆိုပါတိုးလ်ဂိတ်များသည် အမြင်မလှခြင်းကြောင့် လမ်းခင်းခြင်း၊ မီးတပ်ဆင်ခြင်းလုပ်ငန်းတို့ကို အရင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းဘက်တွင် တိုးလ်ဂိတ်တစ်ခု လိုအပ်သောကြောင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါတိုးလ်ဂိတ်များအားလုံး ပြုပြင်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးမှသာ ယခုစနစ်ကို တပ်ဆင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

လက်ရှိတွင် မြို့ဝင်ဘီးခွန်ကောက်ခံနေသည့်လုပ်ငန်းရှင်များကို ၂၀၁၉ ခုနှစ်၊ မတ်လနောက်ပိုင်းမှစတင်ကာ လုပ်ခွင့်ပေးတော့မည်မဟုတ်ကြောင်း မန္တလေးမြို့တော်စည်ပင်ထံမှ ထပ်မံသိရသည်။ ■ **M-07**

# မိတ္ထီလာတွင် လက်ကျန်နှမ်းညို ဈေးတက်

**မိတ္ထီလာ၊ ဇူလိုင် ၁၂**

မိတ္ထီလာဆီထွက်သီးနှံဈေးကွက်တွင် ဒေသထွက်နှမ်း အသစ်မပေါ်သေး၍ လက်ကျန်နှမ်း (အညို) ဈေးတက်လာကြောင်း မြို့ခံနှမ်းကုန်သည်ကြီးများ၊ ပွဲရုံများနှင့် ဆီကြိတ်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

"ပြီးခဲ့သည့်ဇွန်လလယ်ပိုင်းက ဒေသထွက်နှမ်းအညိုတစ်တင်းလျှင်အရည်အသွေးကိုလိုက်၍ ၃၅,၀၀၀ မှ ၃၆,၀၀၀ ကျပ်အထိပေါက်ဈေးရှိခဲ့ရာမှ တဖြည်းဖြည်းဈေးတက်လာရာ ဇွန်လအကုန်ပိုင်းတွင် ၃၉,၀၀၀ မှ ၄၀,၀၀၀ ကျပ်အထိဖြစ်လာခဲ့ပြီး ဇူလိုင် ၁၂ ရက်နေ့ ပေါက်ဈေးမှာ ကျပ် ၄၁,၀၀၀ မှ ၄၁,၅၀၀ အထိရှိလာကြောင်း မိတ္ထီလာကုန်စည်ဒိုင်ထံမှလည်း သိရသည်။

"တရုတ်ဘက်က ခပ်စိပ်စိပ်လေး အဝယ်လိုက်နေတယ်။ နှမ်းသစ်က ဇူလိုင်လကုန်လောက်မှပေါ်မယ်။ မိတ္ထီလာမှာ လှောင်ကုန်လက်ကျန်မရှိဘူး။ အရည်အသွေးကောင်းတာလေးကို စားဖို့ချန်ထားတဲ့ တောင်သူက နှမ်းဈေးကောင်းလို့ထုတ်ရောင်းတာလောက်ပဲရှိတယ်။ တစ်မြို့လုံးပေါင်းလို့ အိတ် ၅၀ တောင်မပြည့်တော့ပါဘူး" ဟု မိတ္ထီလာမြို့ မိသားစုဆီစက်နှင့် ပွဲရုံလုပ်ငန်းရှင် ဦးလွင်က ပြောကြားသည်။

မိတ္ထီလာမြို့နယ် အရှေ့ဘက်ပိုင်းတွင် ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးသောယာခင်းများ၌ ယခုနှစ် နှမ်းအထွက်ကောင်းနိုင်သော်လည်း လယ်မြေများတွင် စိုက်သောနှမ်းများမှာ ရေနစ်ပျက်စီးမှုများကြောင်း မိတ္ထီလာမြို့နယ်တွင် နှမ်းစိုက်ပျိုးထုတ်လုပ်မှုများသော မောက်လောက်ကျေးရွာမှ တောင်သူ ဒေါ်အမာတင်က ပြောဆိုသည်။

"သာစည်ဘက်မှာ နည်းနည်းပါးပါးလောက်တော့ နှမ်းအသစ် ပေါ်စပြုနေပြီ။ ဒါပေမဲ့ ဈေးကွက်ထဲကို မရောက်သေးဘူး" ဟု သာစည်မြို့တွင် ပွဲရုံလုပ်ငန်းလုပ်ကိုင်သော ဦးကျော်နိုင်က ပြောကြားသည်။

■ **R-01**



ဓာတ်ပုံ-ဘုန်းနေ

# ပဲတီစိမ်းဈေး ဆက်တိုက်ကျ

**မန္တလေး၊ ဇူလိုင် ၁၂**

မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်းဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာခဲ့ကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

မေလနောက်ဆုံးပတ်က ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် (ရှယ်-၁) သည် ကျပ် ၁၃၀,၀၀၀ အထိဈေးရှိခဲ့ရာမှ ဇူလိုင် ၁၁ ရက်နေ့တွင် ၉၈,၀၀၀ ကျပ်သာရရှိသဖြင့် တစ်လကျော်ကာလအတွင်း ကျပ် ၃၂,၀၀၀ ဈေးလျော့သွားကြောင်း ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း မန္တလေးကုန်စည်ဒိုင်မှတ်တမ်းများအရလည်း သိရသည်။

တရုတ်နိုင်ငံတွင် မြန်မာကုန်သည်များ၏ ဘဏ်အကောင့်များအား ပိတ်ထားသောကြောင့် တရုတ်ငွေနှင့် (Transition) အကူးအပြောင်းလုပ်ရာတွင် အခက်အခဲဖြစ်စေခြင်းက ဈေးကွက်ကို သက်ရောက်စေကြောင်း စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

"ဈေးကွက်မှာ ဝယ်လိုအားကတော့ ရှိနေတယ်။ တရုတ်က ဈေးချဝယ်တာလည်း ပါတယ်" ဟု ၎င်းကပြောဆိုသည်။

ပဲတီစိမ်းသည် ဈေးကွက်အတွင်း ဝင်ရောက်မှုအားကောင်းနေဆဲဖြစ်သည့်အတွက် ဈေးဆက်ကျဆင်းနိုင်ကြောင်း ကုန်သည်အချို့က ခန့်မှန်းထားသည်။

ပြည်တွင်းထွက် ပဲတီစိမ်း ၉၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံ ယူနယ်ပြည်နယ်က အဓိကဝယ်ယူကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ■

**M-08**

# NEWS PHOTO



ဓာတ်ပုံ - မောင်သန့်

ပြည်ကြီးတံခွန်မြို့နယ် ဒုတိယတရားသူကြီး ချမှတ်သောအမိန့်ကို မကျေနပ်သောကြောင့် တရားလိုဖြစ်သူများက ဇူလိုင်လ ၁၂ ရက်နေ့တွင် ဆန္ဒထုတ်ဖော်နေစဉ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဆဲဆိုကြိမ်းမောင်းခဲ့သည့်ဆိုသော စည်ပင်ဝန်ထမ်း၏ဇနီးနှင့် စည်ပင်ဝန်ထမ်းတို့ကို ယင်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး-၂ ဒေါ်ဝေဖြိုးဟန်က ဇူလိုင်လ ၅ ရက်နေ့က ချမှတ်ခဲ့သောအမိန့်နှင့်ပတ်သက်၍ လူတစ်ဒါဇင်ခန့်က ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃

# မန္တလေးတက္ကသိုလ် လုံခြုံရေးတိုးမြှင့်

**မန္တလေး၊ ဇူလိုင် ၁၂**

လုံခြုံရေးစနစ်အားနည်းသည်ဟု ဆိုကာ ဆန္ဒထုတ်ဖော်မှုဖြစ်ပေါ်ခဲ့ပြီးနောက် မန္တလေးတက္ကသိုလ်၏လုံခြုံရေးကို တိုးမြှင့်သည့်အနေနှင့် ဇူလိုင်လ ၁၁ ရက်နေ့မှစတင်ကာ တက္ကသိုလ်နှင့်မသက်ဆိုင်သူများနေထိုင်မှုကို တားမြစ်ခဲ့ပြီး တက္ကသိုလ်အနောက်ဘက် ဝင်ပေါက်ကိုလည်း ယာယီပိတ်ထားလိုက်သည်။

မန္တလေးတက္ကသိုလ်သည် မြို့၏ ပုံရိပ်ဖြစ်သောကြောင့် တက္ကသိုလ်၏ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံမှုရှိရန်ရည်ရွယ်ကာ ယခုကဲ့သို့ စီမံရခြင်းဖြစ်ကြောင်း အဆိုပါတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ပြောကြားသည်။

တက္ကသိုလ်ဝင်းအတွင်း၌တက္ကသိုလ်ဝန်ထမ်းများသာမက ကျောက်ဆည်၊ စစ်ကိုင်းပညာရေး၊ မန္တလေးအဝေးသင်၊ မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် မန္တလာဒီဂရီကောလိပ်မှဝန်ထမ်းများပါလာရောက်နေထိုင်ခြင်းကြောင့် မန္တလေးတက္ကသိုလ်နှင့် မသက်ဆိုင်သူများ နေထိုင်ခြင်းကို တားမြစ်ရခြင်းဖြစ်ကြောင်း၊ ကြိုတင်အသိပေးသည့်အနေနှင့် တက္ကသိုလ်တွင် နေထိုင်ခွင့်ရသူများကို အကြောင်းကြားစာ ပေးပို့ထားကြောင်း၊ ဝန်ထမ်းများနေရာချထားပေးသည့်အချိန်က ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ မန္တလေးတက္ကသိုလ်သည် ဝင်ပေါက် နှစ်ခုရှိသည့် အနက် တစ်ခုမှာခြောက်လမ်းသွားလမ်းမကြီးအနီးတွင် ရှိသောကြောင့် ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"ပထမအဆင့်အနေနဲ့ နေခွင့်ပြုထားတဲ့ ကျွန်တော်တို့တက္ကသိုလ်က ဆရာ၊ ဆရာမတွေ၊ ဝန်ထမ်းတွေအားလုံးကို အသိပေးတားမြစ်ပါတယ်။ ဒါကိုလည်း အားလုံးကိုကြိုတင်အသိပေးပါတယ်" ဟု ဒေါက်တာတင်ထွန်းအောင်က ဆက်လက်ပြောဆိုသည်။

တက္ကသိုလ်လုံခြုံရေးသည် ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသား၊ ဝန်ထမ်းအားလုံးနှင့်သက်ဆိုင်ရာ လက်ရှိအချိန်တွင် ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းကာ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"အနောက်ဘက်အပေါက်ပိတ်တယ်ဆိုတာ လုံခြုံရေးအရမှန်တယ်ဗျ။ အချိန်အတိုင်းအတာတစ်ခုထိ ယာယီပါ။ အမြဲပိတ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့သမဂ္ဂက တောင်းဆိုထားတဲ့အချက်တော့ မဟုတ်ပါဘူး။ တက္ကသိုလ်နဲ့ မသက်ဆိုင်တဲ့သူတွေ မနေရဘူးဆိုတာကလည်း လုံခြုံရေးအရ ထွက်လာတာလို့မြင်ပါတယ်။ စာထုတ်ဖို့လောက်အထိ တောင်းဆိုထားတာမဟုတ်ပေမယ့် ကျောင်းသားကျောင်းသူတွေ လုံခြုံသွားရင် ပိုကောင်းတယ်" ဟု မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၊ ဒုဥက္ကဋ္ဌ (၁) ကိုစံမြတ်ထွန်းက ပြောဆိုသည်။

မန္တလေးတက္ကသိုလ် လုံခြုံရေးနှင့်ပတ်သက်၍ ဇူလိုင်လ ၉ ရက်က အဆိုပါတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ အလုပ်အမှုဆောင်အဖွဲ့ဝင်သုံးဦးက ဆန္ဒဖော်ထုတ်တောင်းဆိုခဲ့ကြသေးသည်။ ■ M-07



ဓာတ်ပုံ-ဦးစိုးစိုးလင်း

မြောင်ကန်ကျေးရွာ၌ တွေ့ရှိခဲ့သော ၁၃ ရာစုလက်ရာ ရှေးဟောင်းအဆောက်အအုံများ

# ညောင်ဦးတွင် ၁၃ ရာစုလက်ရာ ရှေးဟောင်းအဆောက်အအုံများတွေ့

**မန္တလေး၊ ဇူလိုင် ၁၂**

ညောင်ဦးမြို့နယ် မြောင်ကန်ကျေးရွာတွင် ၁၃ ရာစုလက်ရာ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိထားကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ပြောကြားသည်။

ယင်းတွေ့ရှိခဲ့သည့်နေရာကို ဇူလိုင်လ ၁၁ ရက်နေ့က ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ တံတိုင်းပတ်လည်ပါ ရှေးဟောင်းအဆောက်အအုံ ၁၈ ခုခန့်တွေ့ရှိရကြောင်း၊ ၁၃ ရာစုလက်ရာများဟု ခန့်မှန်းထားပြီး အကျယ်အဝန်း နှစ်ဧကခန့်ရှိကြောင်း ၎င်းကရှင်းပြသည်။

"ကျွန်တော်တို့အနေနဲ့က စနစ်တကျစီမံပြီးတော့ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ဆောင်သွားပါမယ်။ ဒေသကျေးရွာဆိုက်တစ်ခုအနေနဲ့ ဆောင်ရွက်သွားရမယ်။ ရှေးမူလက်ရာမပျက် ထိန်းသိမ်းမှုတွေ ဆောင်ရွက်ရမယ်။ သုတေသနတွေလည်း လုပ်ဖို့လိုမယ်" ဟု ဦးစိုးစိုးလင်းက ဆက်လက်ပြောဆိုသည်။

ရှေးဟောင်း အဆောက်အအုံများကို မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးမြို့နယ် ကြအိုအုပ်စု မြောင်ကန်ကျေးရွာ၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ■

M-05

# မတ္တရာတွင် အခြေခံငါးမွေးမြူရေး သင်တန်းဖွင့်

**မန္တလေး၊ ဇူလိုင် ၁၂**

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက မတ္တရာမြို့နယ်၊ ရေနံ့သာငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသင်တန်းကို ဇူလိုင်လ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းသည် ဒေသတွင်း ငါးရိက္ခာဖူလုံစေရန်နှင့် ငါးသား ပေါက် နည်းပညာ ပြန့်ပွားသိရှိစေနိုင်ရန်နှင့် တစ်ပိုင်တစ်နိုင်ငါးမွေးမြူမှု ဖွံ့ဖြိုးရေး အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောဝဏ္ဏက ပြောကြားသည်။

ယင်းငါးဆေးထိုးသားဖောက်သင်တန်းသို့ မြို့နယ်အတွင်းမှ သင်တန်းသား ၂၂ ဦးတက်ရောက်လျက်ရှိပြီး ငါးကြင်းဖြူမျိုးငါးများရွေးချယ်၍ ဆေးထိုးသားဖောက်ခြင်းနည်းများ သင်ကြားပေးလျက်ရှိကြောင်း၊ ပထမနေ့တွင် ငါးကြင်းဖြူ အထီးအမငါးစုံကို ဆေးထိုးသားဖောက်ခဲ့ပြီး ကျေးရွာရှိ ငါးမွေးမြူသူများနှင့် ရေလုပ်သားများအား လက်တွေ့သင်ကြားပြသခဲ့ကြောင်း၎င်းကရှင်းပြသည်။

ယင်းသင်တန်းသို့ မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးမှူး ဦးပေါ်လွင်၊ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောဝဏ္ဏ၊ မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ခိုင်နှင့် မြို့နယ်ရုံးဝန်ထမ်းများ၊ ရေနံ့သာငါးလုပ်ငန်း စခန်းတာဝန်ခံတို့က ကူညီပေးခဲ့သည်။ ■

M-01

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃ (ရန်ကုန်)၊ ၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)


ဓာတ်ပုံ - နေနိုင်(ချောက်)

# ကျောက်ပန်းတောင်း၌ ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်မှုကိုမကျေနပ်၍ ဆန္ဒထုတ်ဖော်

**ချောက်၊ ဇူလိုင် ၁၂**

မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ် တောင်ပေါ်(တောင်)ကျေးရွာ အုပ်စု ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကော်မရှင်အဖွဲ့မှ ရွေးချယ်သည်ကို မကျေနပ်၍ ဒေသခံ ၁၀၀ ခန့်က ဇူလိုင် ၁၂ ရက်နေ့က ဆန္ဒဖော်ထုတ်ခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ရွေးချယ်ရေးကော်မရှင်အဖွဲ့က မဲလိမ်လည်သည်ဟုဆိုကာ ကော်မရှင်အဖွဲ့ဝင် ငါးဦးကို အရေးယူပေးရေးနှင့် မဲစာရင်း ပြန်လည် စိစစ်ပေးရေးတို့အတွက် ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်ကြောင်း အဆိုပါ ဆန္ဒပြပွဲဦးဆောင်သူများထံမှ သိရသည်။

"ဒါကို တိုင်းဒေသကြီး အထက်ကို တင်တဲ့အထဲမှာ ကိုအောင်ကျော်မြင့်နှင့် ကိုကျော်ဆွေဝင်း နှစ်မဲသာ တင်ပြပါတယ်။ ဒါကို ကျွန်တော်က မဲလိမ်လည်မှုလို့ ယူဆပါတယ်။ ဒီ ၁၇၉ ဦးအိမ်ထောင်စုရဲ့နောက်ကွယ်က လူထုရဲ့လူ့အခွင့်အရေး အရမ်းကို နစ်နာပါတယ်။ နောက်တစ်ခုက ကော်မရှင် ကော်မတီအဖွဲ့ရဲ့ဥပဒေ စည်းကမ်းတွေကို ချိုးဖောက်ပြီးတော့ ဒါလိမ်လည်မှုပြုလုပ်တာ။ မကျေနပ်လို့ ဆန္ဒဖော်ထုတ်တာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ အရေးယူမှုမရှိခဲ့ရင် ကော်မရှင် ၅ ဦးကို တရားစွဲဖို့ အစီအစဉ်ရှိပါတယ်"ဟု ယင်းဆန္ဒဖော်ထုတ်ပွဲဦးဆောင်သူ ဦးဖိုးဌေးက ပြောဆိုသည်။

တောင်ပေါ်ကျေးရွာသည် အိမ်ခြေ ၃၆၀ တွင် အိမ်ထောင်စု ၃၅၅ စု၌ လူဦးရေ ၁၇၉၉ ဦးခန့်နေထိုင်ရာမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့က ပြုလုပ်သည့် ယင်းကျေးရွာအုပ်ချုပ်ရေးမှူးရွေးပွဲသို့ မဲပေးပိုင်ခွင့်ရှိသူ ၃၂၀ ဦး လာရောက်မဲပေးခဲ့ရာ ဦးအောင်ကျော်မြင့်က ၁၂၃ မဲ၊ ဦးကျော်ဆွေဝင်းက ၁ မဲနှင့် ဦးဖိုးဌေးက ၁၇၉ မဲရရှိပြီး အနိုင်ရရှိခဲ့သော်လည်း ဦးအောင်ကျော်မြင့်ကို ကော်မရှင်အဖွဲ့များက အုပ်ချုပ်ရေးမှူးအဖြစ်ခန့်အပ်လိုက်ခြင်း ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းဆန္ဒထုတ်ဖော်ပွဲကို ကျောက်ပန်းတောင်းမြို့ အားကစားကွင်းရှေ့မှ ရန်ကုန်-ပြည်-မန္တလေးလမ်းအတိုင်း လှည့်လည်ပြီး ယင်းမြို့၏ ဘူတာလမ်းဆုံအထိ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကျောက်ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုထံ သွားရောက်မေးမြန်းရာတွင် "မပြောတော့ဘူး"ဟုသာ ပြန်လည်ဖြေကြားသည်။ ■ **နေနိုင်(ချောက်)**

# မုံရွာစက်မှုဇုန်တွင် ရေဆိုးသန့်စင်စက်ရုံတည်ဆောက်မည်

**မုံရွာ၊ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ စက်မှုဇုန်တွင် ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရန်အတွက် ဒိန်းမတ်နိုင်ငံ Responsible Business Fund(RBF) က ငွေကြေးထောက်ပံ့မည်ဖြစ်ကြောင်း ယင်းစက်မှုဇုန် ဥက္ကဋ္ဌ ဦးဝေတင့်က ပြောကြားသည်။

မုံရွာစက်မှုဇုန်အတွင်းရှိ ရေဆိုးထွက်သည့် စက်ရုံများမှ စွန့်ပစ်ရေဆိုးများကို သန့်စင်သည့်ရေအဖြစ် ပြန်လည်စွန့်ထုတ်နိုင်ရန် ကျပ်သိန်းပေါင်း ၁၂၀၀၀ ကို ယင်းအဖွဲ့အစည်းက ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါစက်မှုဇုန်တွင် ရေအများဆုံးအသုံးပြုရသည့် စက္ကူစက်၊ ကြာဆံစက်နှင့် သားရေစက်ရုံစုစုပေါင်း ၁၅ ရုံရှိပြီး ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်မှုကို ယခုနှစ်စက်တင်ဘာလအတွင်းစတင်မည်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးကုမ္ပဏီများကို တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

ယင်း ရေဆိုးသန့်စင်စက်ရုံမှာ စက်မှုဇုန်ရှိ ဆင်သောက်ကန်အင်းအနီးတွင်ဖြစ်ပြီး ယခုလဆန်းပိုင်းက တည်ဆောက်ရေးမြေနေရာ ရွေးချယ်ပြီးဖြစ်ကာ ရေသန့်စက်များကို ကိုရီးယားနိုင်ငံမှ တင်သွင်း၍ ကိုရီးယားပညာရှင်များက တပ်ဆင်မည်ဖြစ်ကြောင်း မုံရွာစက်မှုဇုန်တာဝန်ရှိသူများထံမှ သိရသည်။

မုံရွာစက်မှုဇုန်သို့ ကြာဆံစက်များရောက်ရှိလာချိန် လွန်ခဲ့သည့် ၁၅ နှစ်မှစ၍ ဆင်သောက်ကန်အင်းအတွင်း ရေဆိုးများရောက်လာခဲ့ကြောင်း၊ ယင်းရေဆိုးများကြောင့် လယ်ဇင်ရွာနှင့် ဆားကျင်းအင်းအနီးမှ စပါးစိုက်ပျိုးသူများ၏ တင်းရာချီထွက်ရှိသော စပါးခင်းများမှာ စိုက်ပျိုးမရတော့ကြောင်း လယ်ဇင်ရွာမှ ဦးစောစံက ပြောကြားသည်။

"ဆင်သောက်ကန် ပျက်စီးခဲ့ရတာက ငါးမွေးမယ်ဆိုပြီး မြစ်ရေဝင်လမ်းကြောင်းတွေပိတ်တယ်။ ကြာဆံစက် ရေဆိုးတွေဝင်လာတော့ အင်းပျက်ပြီး ငါးလည်းမွေးမရ၊ စပါးလည်းစိုက်မရတွေဖြစ်ကုန်ပါတယ်" ဟု ၎င်းက ဆိုသည်။ ■ **R-08**

# ဘုန်းကြီးနှင့် လူမှုရေးအသင်းပိုင် လိုင်စင်မဲ့ယာဉ်များကို ဖမ်းမည်

**တောင်ငူ၊ ဇူလိုင် ၁၂**

ပဲခူးတိုင်းအတွင်းရှိ ဘုန်းကြီးနှင့် လူမှုရေးအသင်းများ ပိုင်ဆိုင်သည့် လိုင်စင်မဲ့ မော်တော်ယာဉ်များကို ယင်းတိုင်းအစိုးရအဖွဲ့ဆုံးဖြတ်ချက်အရ ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း မြို့နယ်သံဃနာယကအဖွဲ့က ထုတ်ပြန်သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၁၀/၂၀၁၈ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် ၅-က အရ လိုင်စင်မဲ့ မော်တော်ယာဉ်များကို တိကျစွာစစ်ဆေးအရေးယူတော့မည်ဖြစ်သည့်အတွက် အသိပေး အကြောင်းကြားထားပြီး နောက်ပိုင်းကိစ္စများကို တာဝန်မယူပါကြောင်း တိုင်းအစိုးရအဖွဲ့၏ ညွှန်ကြားချက်ကို ဇီးကုန်းမြို့နယ် သံဃနာယကအဖွဲ့က ဇူလိုင် ၁၂ ရက်နေ့က ထုတ်ပြန်ထားသည်။

"ဘုန်းကြီးတို့ဆီတော့ မြို့နယ် ထွေ/အုပ်က နှုတ်နဲ့အသိပေးအကြောင်းကြားတယ်။ ဘုန်းကြီးတို့ကတော့ နွမ်းပါးတဲ့လူတွေအတွက် ဆက်လက်လုပ်ဆောင်နေမှာပါ။ သိမ်းတဲ့အခါမှ သိမ်းပါစေတော့ဆိုပြီးတော့ပေါ့"ဟု အုတ်တွင်းမြို့ရှင်ခုနစ်သံ ရှင်ရေးကူညီမှုအသင်း ဆရာတော် ရှင်တေဇက မိန့်ကြားသည်။

လက်ရှိပဲခူးမြို့အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ် ၁၃ စီး ဖမ်းမိထားကြောင်း ပဲခူးခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

တိုင်းနှင့်ပြည်နယ် အသီးသီးတွင်လည်း တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များကို ဖမ်းဆီးစစ်ဆေး အရေးယူဆောင်ရွက်နေသကဲ့သို့ ပဲခူးတိုင်းတွင်လည်း အရေးယူဆောင်ရွက်ရန် ပြင်ဆင်ခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ပြောကြားသည်။

ဇွန်လ ၂၅ ရက်နေ့က တောင်ငူနည်းပညာတက္ကသိုလ်ကျောင်းသားများ ပရဟိတအဖွဲ့ပိုင် လိုင်စင်မဲ့အရေးပေါ် လူနာတင်ယာဉ်ဖြင့် လူနာပို့ဆောင်စဉ် ရဲတပ်ကြပ်ကြီးတစ်ဦးက စည်းကမ်းဖောက်သည်ဟုဆိုကာ ကျပ်သုံးသောင်းတောင်းသည့်သတင်းထွက်လာပြီးနောက်ပိုင်း ထိုသို့ ဘုန်းကြီးနှင့် လူမှုရေးအသင်းပိုင် လိုင်စင်မဲ့ကားများကို ဖမ်းဆီးရန် လုပ်ဆောင်လာခြင်းဖြစ်ကြောင်း လူမှုရေးအသင်းများက ဆိုသည်။ ■ **R-15**

# လေးမြို့မြစ်အတွင်း စက်လှေနှင့် လှေတိုက်၍ အမျိုးသမီးတစ်ဦး သေဆုံး

**ကလေး၊ ဇူလိုင် ၁၂**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ အောက်လေညင်းသောင်ကျေးရွာအနီး လေးမြို့မြစ်အတွင်း ဇူလိုင်လ၁၁ ရက်နေ့ည ၇ နာရီခွဲခန့်က စက်လှေနှင့် လှေတစ်စင်းတိုက်မိခဲ့ရာ လှေပေါ်လိုက်ပါလာသည့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း ယင်းနေရာသို့သွားရောက်အကူအညီပေးခဲ့သည့် မြောက်ဦးမြို့နေ ဘုန်းတော်ကြီး အိုင်ဘူးကွိုက ပြောကြားသည်။

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဘွေလောင်းကျေးရွာမှ အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦးလိုက်ပါလာသည့် လှေကို လေးမြို့မြစ်အတွင်း စက်လှေအကြီးတစ်စင်းက ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ပြီး လှေမှာတိမ်းမှောက်ခဲ့သဖြင့် လှေပေါ်ပါသူ ခုနစ်ဦးအနက် တစ်ဦးမှာ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

"စက်လှေကြီးက ကောင်မလေးထိုင်နေတဲ့ နေရာကို တည့်တည့်တိုက်မိခဲ့တာ ဖြစ်လိမ့်မယ်။ အလောင်းပြန်တွေ့တော့ ကောင်မလေးရဲ့ ညာဘက်လက်မောင်းက ကျိုးနေတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ စက်လှေတိုက်မှုကြောင့် သေဆုံးခဲ့သူသည် ပလက်ဝမြို့နယ်၊ ဘွေလောင်းကျေးရွာနေ အသက် ၂၂ နှစ်အရွယ် အမျိုးသမီးဖြစ်ပြီး ပလက်ဝမြို့သို့ နွေစာလပေးပညာရေး ဝန်ထမ်းဝင်ခွင့်စာမေးပွဲဖြေရန် လာရောက်သူလည်းဖြစ်သည်။

၎င်း၏အလောင်းကို ဇူလိုင်လ ၁၂ ရက်နေ့ နံနက် ၁၁ နာရီခွဲခန့်တွင် အခင်းဖြစ်ပွားရာနှင့် ပေ ၃၀ ခန့်အကွာတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ စီးနင်းလာသည့် လှေကိုတိုက်ခဲ့သည့် စက်လှေသည် တိုက်မိပြီးနောက် ထွက်ပြေးသွား၍ တိမ်းမှောက်ခဲ့သည့် စက်လှေပေါ်ပါ ကျန်သူများကို အောက်လေညင်းသောင်ရွာရှိ ဒေသခံများက စောင့်ရှောက်ထားကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်ရန်အတွက် မြောက်ဦးမြို့နယ်ရဲစခန်းသို့ အကြောင်းကြားထားကြောင်း အဆိုပါအရေးကို လိုက်လံကူညီသူများက ပြောကြားသည်။ ■

**R-20**

# နာဂလူမျိုးများ ခန္တီးဗိုလ်ချုပ်ကြေးရုပ်စိုက်ထူမှုလုပ်ငန်းတွင် မပါဝင်ရန် သတိပေး

**ကလေး၊ ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်း၊ ခန္တီးမြို့တွင် ပြုလုပ်မည့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်စိုက်ထူမှု အခမ်းအနားအစီအစဉ်များတွင် ယင်းဒေသရှိ နာဂလူမျိုးများအနေနှင့် တက်ရောက်ပါဝင်ခြင်းမပြုရန် စာထုတ်အသိပေးထားကြောင်း နာဂအမျိုးသားရေးရာ ကောင်စီထံမှ သိရသည်။

နာဂလူမျိုးများအနေနှင့် အဖွဲ့အစည်းအနေနှင့်သော်လည်ကောင်း၊ တစ်ဦးချင်းအနေနှင့်သော်လည်းကောင်း၊ နာဂရိုးရာဝတ်စားဆင်ယင်မှုများဖြင့် ပွဲတက်ရောက်ခြင်း လုံးဝမပြုလုပ်ရန်အပါအဝင် အချက်ငါးချက်ကို ထုတ်ပြန်အသိပေးထားခြင်းဖြစ်ကြောင်း နာဂအမျိုးသား ရေးရာကောင်စီ ဥက္ကဋ္ဌ ကိုအထောင်း မကူရီ (Athong Makury) က ပြောကြားသည်။

"မြန်မာနိုင်ငံမှာလည်း အရေးကြီးတဲ့ လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒေသတွင်းမှာ ပဋိပက္ခဖြစ်စေတဲ့အရာတွေလည်း ဒေသတွင်းမှာရှိတဲ့အစိုးရအာဏာပိုင်တွေအနေနဲ့လည်း မလုပ်သင့်ဘူး။ အဲဒီလိုလုပ်မယ့်အစား ဌာနေဒေသခံ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတန်ဖိုးတွေကို မြှင့်တင်ပေးဖို့ သူတို့ရဲ့အမျိုးသားရေး စရိုက်၊ သင်္ကေတ၊ လက္ခဏာတွေကို မြှင့်တင်ပေးဖို့ လိုအပ်မယ်"ဟု ၎င်းက ဆိုသည်။

ခန္တီးမြို့တွင် ထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုသည် ခန္တီးမြို့ဆိပ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်ရာ ဆိပ်ကမ်းမှထားရှိမည့်နေရာသို့ ဇူလိုင်လ ၁၅ ရက်နေ့တွင် သယ်ယူမည်ဖြစ်ပြီး ဖွင့်ပွဲကို ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

"ပါတီအတွက်လည်း မဟုတ်ဘူး။ လူမျိုးအတွက်လည်း မဟုတ်ဘူး။ ဘာသာအတွက်လည်း မဟုတ်ဘူး။ တိုင်းရင်းသားပေါင်းစုံ အမျိုးသားရေးအနေနဲ့ အမျိုးသားခေါင်းဆောင်တစ်ယောက်အနေနဲ့လုပ်တာ။ ဒီပွဲကို မတက်ဖို့ သတိပေးမှုကတော့ လူတစ်ကိုယ် အကြိုက်တစ်မျိုးစီပေါ့ ပြောစရာမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ကတော့ အားလုံးကို ဖိတ်ခေါ်ထားတယ်"ဟု အဆိုပါကော်မတီဝင် ဦးထွန်းထွန်းဦးက ပြောဆိုသည်။

အဆိုပါ ရုပ်တုကို ခန္တီးမြို့နယ်၊ ချင်းတွင်းမြစ်ကူးတံတားအနီး လမ်းဆုံ၌ထားရှိရန် စီစဉ်ထားကြောင်း ခန္တီးမြို့ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။ ■ R-20



Photo - Nay Min Htet

# ကျိုင်းတုံရှိ နောင်တုံကန် သံပန်းများဖျက်ဆီးသူကို အမှုဖွင့်

**ကျိုင်းတုံ၊ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ ကျက်သရေဆောင် နောင်တုံကန်၌ ကာရံထားသည့် သံပန်းအလှများနှင့် အုတ်တံတိုင်းများ မကြာခဏဖျက်ဆီးဖြိုဖျက်ခံနေရ၍ အရေးယူပေးရန် ဇူလိုင် ၁၁ ရက်နေ့က ပထမဆုံးအကြိမ် အမှုဖွင့်တိုင်ကြားထားကြောင်း ယင်းမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က ပြောကြားသည်။

"ကန်ပတ်လည်မှာ ကာရံထားတဲ့ သံပန်းတွေနဲ့ အုတ်တိုင်တွေကို ညပိုင်းမှာ မကြာခဏ ဖြိုချဖျက်ဆီးခံနေရတယ်။ မနေ့ကလည်း ထပ်ပြီးဖျက်ဆီးခံရလို့နောက်ထပ်ဖျက်ဆီးမခံရအောင် ပထမဆုံးအနေနဲ့ အမှုဖွင့်တိုင်ကြားခဲ့တာပါ"ဟု ၎င်းက ပြောဆိုသည်။

ကျိုင်းတုံမြို့အလယ်ရှိ နောင်တုံကန်ပတ်လည်တွင် အနားယူအပန်းဖြေနိုင်ရန် ထိုင်ခုံများနှင့် အားကစား လေ့ကျင့်ရန် ကိရိယာများ ထားရှိပေးထား၍ မြို့နေပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်အနားယူ အပန်းဖြေကြသော်လည်း ညပိုင်းတွင် မူးယစ်သောက်စားသည့် လူငယ်များသည် လမ်းသွားလမ်းလာများကို နှောင့်ယှက်သည့်အပြင် သံပန်းများကို ဖြိုချဖျက်ဆီးတတ်၍ ဖမ်းဆီးပြီး ထိရောက်စွာအရေးယူသင့်ကြောင်း ယင်းမြို့ဒေသခံများက ပြောကြားသည်။

ဇူလိုင် ၁၁ ရက်နေ့က တန်ဖိုးကျပ်တစ်သိန်းခန့်ရှိ သံပန်းနှင့် အုတ်တိုင်တို့ ဖျက်ဆီးခံရ၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးစောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆(၁)ဖြင့် အရေးယူထားပြီး တရားခံများ ဖမ်းဆီးရမိရန် စုံစမ်းနေကြောင်း ကျိုင်းတုံမြို့မရဲစခန်းထံမှ သိရသည်။

■ R-16



ဓာတ်ပုံ - ရန်နိုင်

**နောင်တုံကန်ကို ကာရံထားသည့် သံပန်းများ ဖျက်ဆီးခံထားရသည်ကို တွေ့ရစဉ်**

# ဟသ်ာတခရိုင်တွင် တရားမဝင်သစ်တန်ချိန် ၆၀၀ နီးပါး ဖမ်းမိ

**ဟသ်ာတ၊ ဇူလိုင် ၁၂**

ဟသ်ာတခရိုင်အတွင်း ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်မှ ယခုဇွန်လကုန်အထိ တရားမဝင်သစ်တန်ချိန်ပေါင်း ၆၀၀ နီးပါးကို ဖမ်းဆီးရမိခဲ့ကြောင်း ဟသ်ာတခရိုင်၊ သစ်တောဦးစီးဌာနထံမှ သိရသည်။

အဆိုပါ ဘဏ္ဍာနှစ် ၂ နှစ်ကျော်အတွင်း သစ်တောဥပဒေဖြင့်အရေးယူခဲ့မှု ၂၅၄ မှု၊ တရားစွဲဆိုခဲ့မှု ၁၈၇ မှု၊ ပြစ်မှုကျူးလွန်သည်ဟု အရေးယူခံရသူ ၂၃၆ ဦးရှိခဲ့ပြီး အမှုအရေအတွက် ၄၄၁ မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းအပြင် မော်တော်ယာဉ် ၆၅ စီး ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသည့် သစ်အမျိုးအစားများမှာ ကျွန်းအပါအဝင် သစ်မာနှင့် အခြားသားများပါဝင်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

"သတင်းရရင်လည်း ဖမ်းတယ်။ စစ်ကြောင်းပုံစံနဲ့လည်း ဖမ်းတယ်" ဟု ဟသ်ာတခရိုင်၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပြောဆိုသည်။

ဟသ်ာတခရိုင်တွင် သစ်တောဧရိယာအကျယ်အဝန်း ၅၆၄,၇၅၃ ဧကရှိပြီး ဘဏ္ဍာနှစ် ၂ နှစ်ကျော်အတွင်း ဌာနပိုင်သစ်တောစိုက်ခင်း ၂၃၀၀ ဧက၊ လမ်းဘေးဝဲယာ ကျွန်းပင်စိုက်ပျိုးခြင်း ၆၂,၀၀၀ ပင်၊ တစ်အိမ်ထောင်ကျွန်းသုံးပင် စိုက်ပျိုးခြင်း ၃၄,၅၅၈ ပင်၊ တစ်အိမ်ထောင်သစ်မာ ၂၀ ပင် စိုက်ပျိုးခြင်း ၂၉၉,၃၀၀ ပင်၊ တစ်ရွာတစ်ဧကစိုက်ပျိုးခြင်း ၃၀ ဧက၊ လူထုဖြန့်ဝေစိုက်ပျိုးခြင်း ၁,၁၂၂,၇၃၂ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း၊ ထို့ပြင် တရားမဝင် သစ်ခိုးထုတ်နေမှုကိုလည်း ဆက်တိုက်ဖမ်းဆီးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။■ R-13

# နေပြည်တော်ဟိုတယ်တစ်ခုရှိအမျိုးသမီးအိမ်သာ၌ ဖုန်းဖြင့် ဓာတ်ပုံခိုးရိုက်သူကို အမှုဖွင့်

**တောင်ငူ၊ ဇူလိုင် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်တစ်ခုတွင် ဇူလိုင် ၁၁ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က တည်းခိုသူ အမျိုးသမီးတစ်ဦး အိမ်သာတက်နေသည်ကို ဓာတ်ပုံခိုးရိုက်သည့် အမျိုးသားကို အမှုဖွင့် အရေးယူခဲ့ကြောင်း အဆိုပါ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါဟိုတယ် အခန်းအမှတ်(၃၀၂)တွင် တည်းခိုသည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ အသက် ၄၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် အခင်းဖြစ်သည့်နေ့နံနက်က ဟိုတယ်စင်္ကြံအနီးရှိ အမျိုးသမီး အိမ်သာတွင် အလေးစွန့်နေစဉ် အောက်မှ ဖုန်းကင်မရာတစ်ခု မြင်တွေ့ရသဖြင့် ဘေးချင်းကပ်အိမ်သာတံခါးကို ဟိုတယ်လုံခြုံရေးအဖွဲ့များဖြင့် ဖွင့်ကြည့်ရာမှ မျိုးကိုကိုသန်း(၂၀ နှစ်)ဆိုသူကို တွေ့ရှိခဲ့ကြောင်း အဆိုပါမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ အမှုနှင့် ပတ်သက်ပြီး မျိုးကိုကိုသန်းကို နယ်မြေခံရဲစခန်းက (ပ) ၅၅/၂၀၁၇-၁၈ ခုနှစ် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေပုဒ်မ(၁၀)ဖြင့် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

■

R-15


ဓာတ်ပုံ - ဇေယျာကို

# တောင်ငူရှိ စေတီစိန်ဖူးတော်ပျောက်ဆုံးမှု အမြန်ဖော်ထုတ်ပေးရန် ဆန္ဒပြ

**တောင်ငူ၊ ဇူလိုင် ၁၂**

ပဲခူးတိုင်း တောင်ငူမြို့ရှိ မြတ်စောညီနောင်ဘုရားမှ နောင်တော်စေတီ၏ စိန်ဖူးတော်ပျောက်ဆုံးမှုကို အမြန်ဆုံးဖော်ထုတ်ပေးရန် ဒေသခံ ၁၀၀ ခန့်မှ ဇူလိုင် ၁၂ နေ့က ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့သည်။

အဆိုပါ စိန်ဖူးတော်သည် ၂၀၁၇ ခုနှစ် နှိုဝင်ဘာလအတွင်းက ခိုးယူခံခဲ့ရပြီး ယခုအချိန်အထိ တရားခံကို ဖမ်းဆီးရမိနိုင်ခြင်း မရှိသေးသည့်အတွက် ထိုသို့ဆန္ဒထုတ်ဖော်ခြင်းဖြစ်ကြောင်း ဆန္ဒပြပွဲဦးဆောင်သူများက ဆိုသည်။

"စိန်ဖူးတော်ကြီး ပျောက်ဆုံးနေတာကို အမြန်ဆုံးဖော်ထုတ်ပေးဖို့နဲ့ ဒီကိစ္စကို ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တာဝန်ရှိသူတွေ သိစေဖို့ ဆန္ဒဖော်ထုတ်တာပါ။ သံသယဖြစ်စရာတွေကို CID ကိုလည်း တင်ပြပြီးဖြစ်ပေမယ့် ခုထိ ထူးခြားမလာသေးဘူး" ဟု ယင်းဆန္ဒပြပွဲ ဦးဆောင်သူ ဦးမောင်မောင်က ပြောကြားသည်။

မြတ်စောညီနောင် စေတီစိန်ဖူးတော် ပျောက်ဆုံးခိုးယူခံခဲ့ရသည့်ကိစ္စနှင့် ပတ်သက်ပြီး ထုံးဘိုနယ်မြေရဲစခန်းတွင် ကနဦးစစ်ဆေး ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် CID(မှုခင်းဖော်ထုတ်ရေးဌာန)ထံ လွှဲပြောင်းထားပြီးဖြစ်ကြောင်း ထုံးဘိုနယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ စိန်ဖူးတော် ပျောက်ဆုံးမှုနှင့်ပတ်သက်ပြီး ဇူလိုင် ၁၂ ရက်နေ့ နံနက်ပိုင်းက တောင်ငူခရိုင် CID တာဝန်ရှိသူ ဒုရဲမှူး သန်းစိုးကို ဆက်သွယ်စုံစမ်းမေးမြန်းရာတွင် ဖြေကြား၍ မရကြောင်းသာ ပြန်လည်ပြောကြားသည်။

ပျောက်ဆုံးသွားသည့် ထီးတော်နှင့် စိန်ဖူးတော်တို့ကို မူလဒါယကာဖြစ်သော ရွှေနှင်းဆီ ဆေးပေ့ါလိပ် ဒေါ်အုန်းခင်၏ မိသားစုဝင်ဖြစ်သည့် ရွှေဥဒေါင်းဆေးပေ့ါလိပ်ခုံပိုင်ရှင် ဦးဇင်ကိုဝင်းနှင့် ဇနီးဒေါ်ကေသွယ်ဝင်း မိသားစုက ယခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့က ပြန်လည်တင်လှူပူဇော်ထားပြီး တောင်ငူမြို့နယ် ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်ဘုရားပွဲကို နှစ်စဉ်တပေါင်းလပြည့်နေ့၌ ကျင်းပပြုလုပ်လေ့ရှိကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ် သိန်းနှင့်ချီ၍ လာရောက်ဖူးမြော်လေ့ရှိသည်။

■ R-15

# ကညွတ်ကွင်းရှိ မိသားစုက ကိုယ့်ကိုယ်ကိုယ်သတ်သေသည်ဟု ဆိုထားသည့် သေဆုံးမှုကို ရဲက လူသတ်မှုဖြင့် အမှုဖွင့်

**တောင်ငူ၊ ဇူလိုင် ၁၂**

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ကျောက်ပေါက်ကျေးရွာရှိ နေအိမ်တစ်အိမ်တွင် ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲခန့်က အမျိုးသားတစ်ဦးကို သတ်သေသည်ဟု မိသားစုဝင်များကထွက်ဆိုထားသော်လည်း သံသယရှိနေသဖြင့် ရဲက လူသတ်မှုနှင့် အမှုဖွင့်လှစ်ထားကြောင်း ကညွတ်ကွင်းနယ်မြေရဲစခန်းထံမှ သိရသည်။

"အရက်ကြောင်ကြောင်ပြီး ဓားနဲ့ထိုးသတ်သေတယ်လို့ ပြောနေကြပေမယ့် သံသယရှိတဲ့အတွက် လူသတ်မှုနဲ့ အမှုဖွင့်ပြီး သွားလာတတ်တဲ့ နေရာတွေကို စုံစမ်းစစ်ဆေးနေပါတယ်" ဟု ကညွတ်ကွင်းနယ်မြေ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူ ဦးတင်သိန်း(၅၈ နှစ်) သည် ၎င်းနေထိုင်ရာနေအိမ်တွင် ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာတစ်ချက်၊ လည်ပင်းထိုးသွင်းဒဏ်ရာတစ်ချက်နှင့် လက်တွင်ဓားကိုကိုင်ဆောင်ကာ လဲကျသေဆုံးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက အကြောင်းကြားသဖြင့် သွားရောက်စစ်ဆေးခဲ့ပြီး အရက်ကြောင်ကြောင်နေသဖြင့် ဓားနှင့်ထိုးပြီး သတ်သေသည်ဟု ထွက်ဆိုခဲ့သော်လည်း မသင်္ကာဖွယ်ရာအချက်များ ကြောင့် (ပ)၁၂၉/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါနယ်မြေရဲစခန်းထံမှ သိရသည်။

■ R-15

# NEWS IN BRIEF

## တောင်ငူတွင် မူးယစ်ဆေးရောင်းသူတစ်ဦးဖမ်းမိ

ပဲခူးတိုင်း တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ နေအိမ်တစ်အိမ်တွင် ဇူလိုင် ၁၁ ရက်နေ့က WY စာတန်းပါ စိတ်ကြွဆေးပြား ၂၀၀ ကျော်နှင့်အတူ ဆေးရောင်းငွေ ကျပ်ကိုးသိန်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ကျွန်းကုန်း နယ်မြေရဲစခန်းထံမှ သိရသည်။

မူးယစ်ဆေးရောင်းချသူ တူးတူးကို ကျွန်းကုန်းနယ်မြေရဲစခန်းများမှ မယ(ပ)၁/၁၈ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)၊ ၂၀(က)တို့ဖြင့် ဖမ်းဆီးအမှုဖွင့်လှစ်ထားကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။ ■ R-15

## ခင်ဦးတွင် ကျပ်သိန်းတစ်ရာခန့်ရှိ ဘိန်းမည်းများဖမ်းမိ

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်တွင်၊ ဇူလိုင်လ ၉ ရက်နေ့ ည ၁၀နာရီခွဲခန့်က ရွှေဘို- မြစ်ကြီးနားလမ်း မိုင်တိုင် ၁၆၊ ညောင်ကန်ကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ်လေးစီးထံမှ ကျပ်သိန်းတစ်ရာခန့်တန်ဖိုးရှိသည့် ဘိန်းမည်းများကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ စုံစမ်းသိရှိရသည်။

အဆိုပါ ဆိုင်ကယ်လေးစီးထံမှ ဘိန်းမည်းစုစုပေါင်းအလေးချိန် ၁၆ ဒသမ ၅၇ ကီလိုကို ဖမ်းဆီးရမိခဲ့ပြီး သယ်ဆောင်သူများကို စုံစမ်းနေဆဲဖြစ်ကာ ခင်ဦးမြို့မစခန်းက မူးယစ်(ပ)၃/၂၀၁၈ မူး/စိတ်ပုဒ်မ၁၉ (က)ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရုံးထံမှ သိရသည်။ ■ R-09

## တာချီလိတ်တွင် လက်နက်ခဲယမ်းများဖမ်းမိ

ထိုင်း-မြန်မာနယ်စပ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဟွေရဲပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇူလိုင် ၁၂ ရက် နံနက် ၃ နာရီခန့်က ဟွေရဲရွာဘက်မှ တာချီလိတ်ဘက်သို့ အမျိုးသားတစ်ဦး မောင်းနှင်လာသည့် အိမ်စီးမော်တော်ယာဉ်ကို စစ်ဆေးရာမှ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း ကျိုင်းတုံမြို့ပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

AK 47 သေနတ် ၂ လက်၊ ကျည် ၈ တောင့်အပြင် ကျည်အိမ် ၁၇ ခု တို့ကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် ကျိုင်းတုံမြို့ ယန်းခကျေးရွာနေ အိုက်မွန်း(၂၇ နှစ်)ကို (ပ)၂၃၀/၂၀၁၈၊ ရှမ်းလက်နက်ပုဒ်မ ၁၂(က)ဖြင့် အရေးယူထားကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှ သိရသည်။ ■ R-16

# မွန်တွင် တရားမဝင်သစ်များဖမ်းမိ

**မော်လမြိုင်၊ ဇူလိုင် ၁၂**

မွန်ပြည်နယ် အခြေစိုက် မောရဝတီ ရေတပ်စခန်း (၅၆၅) အဖွဲ့မှ ပေါင်မြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်ရှိ ပင်လယ်ပြင်တွင် ယခုရက်ပိုင်းအတွင်း တရားမဝင်သစ် ၂ ကြိမ်ဖမ်းမိခဲ့ပြီး ပြည်နယ် သစ်တောဦးစီးဌာနသို့ အပ်နှံခဲ့ကြောင်း မွန်ပြည်နယ် သစ်တောဦးစီးဌာနထံမှ သိရသည်။

ဇွန်လ ၂၈ ရက်က မောရဝတီ တပ်မတော် ရေတပ်စခန်းက သံဖြူဇရပ်မြို့နယ် ကရုတ်ပိရွာကြားနှင့် ဝဲကလောင်ရွာကြားတွင် သစ် ၁၂ တန် တင်ထားသော စက်လှေတစ်စီး သောင်တင်နေသည်ဟု သတင်းရသဖြင့် သစ်တောဌာနနှင့် အဆိုပါရေတပ်တို့ ပူးပေါင်းဖမ်းဆီးခဲ့ကြောင်း မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး မင်းသိန်းမြင့်က ပြောသည်။

မွန်ပြည်နယ်အခြေစိုက် မောရဝတီ တပ်မတော် ရေတပ်စခန်းမှ ဇူလိုင်လ ၇ ရက်တွင် ပေါင်မြို့နယ် သဲကုန်း ကျေးရွာအုပ်စု ချောင်းဝနှင့် ၆မိုင်အကွာ ပင်လယ်ပြင်တွင် ဇွဲအားမာန် (ရန်ကုန်) အမည်ပါ စက်လှေပေါ်တွင် တရားမဝင်သစ် တန် ၆၀ကို ဖမ်းမိခဲ့ပြီး ဇူလိုင်လ ၁၀ ရက်က ပြည်နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ သစ်များ သယ်ဆောင်ပြီးပါက ထိုစက်လှေကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဒီသစ်တွေက ပြည်ပကို ခိုးထုတ်ဖို့ပဲ ဖြစ်မှာပါ၊ ဘာလို့လဲဆိုတော့ တို့ဒေသမှာ ပိတောက်တွေကို အသုံးပြုတာ နည်းပါတယ်၊ အခုဖမ်းမိတဲ့သစ်တွေက ပိတောက်အမျိုးအစားတွေကြီးပါပဲ၊ လှေနဲ့အတူပါလာတဲ့ လူ ၁၁ ဦးကိုတော့ ပေါင်မြို့နယ် ရဲစခန်းမှာ ဖမ်းဆီးထားပါတယ်" ဟု မင်းသိန်းမြင့်က ပြောသည်။

ဖမ်းမိသည့် စက်လှေပေါ်မှ ရေလုပ်သား ၁၁ ဦးကို ပေါင်မြို့မရဲစခန်းတွင် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်ထားသည်။

မွန်ပြည်နယ်တွင် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် သစ်တန်မှာ ၃၄၄ တန်ကို ဖမ်းဆီးရမိပြီး ယင်းဖမ်းမိသောသစ်များတွင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်အမျိုးအစားများလည်း ပါဝင်ကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်တန်ပေါင်း ၅၈၀ ကျော် ဖမ်းမိခဲ့ကြောင်း မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ သိရသည်။ ■

# မက္ကဆီကိုနယ်စပ် ထိန်းသိမ်းရေးစခန်းမှ ၅ နှစ်အောက် ကလေးများကို မိဘနှင့် ပြန်လည်နေထိုင်ခွင့်ပြုမည်ဟု အမေရိကန်အစိုးရကြေညာ

**ဝါရှင်တန်၊ ဇူလိုင် ၁၂**

အမေရိကန်ပြည်ထောင်စုနှင့်မက္ကဆီကို နယ်စပ်ဒေသရှိ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများ ထိန်းသိမ်းရေးစခန်းတွင် အသက် ၅ နှစ်အောက် ရွှေ့ပြောင်းကလေးငယ်များအားလုံးကို မိဘများနှင့် ပြန်လည်ထားရှိမည်ဖြစ်သည်ဟု အမေရိကန်အစိုးရ အရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ရွှေ့ပြောင်းမိသားစုမှ မိဘများနှင့် ကလေးငယ်များကို သီးခြားခွဲခြားထားရှိသည့် မူဝါဒကျင့်သုံးသောကြောင့် အမေရိကန်အစိုးရကို တရားစွဲဆိုခဲ့သည့် အမေရိကန်အရပ်ဘက်အခွင့်အရေးဆိုင်ရာသမဂ္ဂ (ACLU) က ယင်းကြေညာချက်ကို ရှင်းလင်းမှုမရှိကြောင်း ဝေဖန်ခဲ့သည်။

"သူတို့ရဲ့ထုတ်ပြန်ချက်က ရှင်းရှင်းလင်းလင်းမရှိဘူးလို့ပဲ ပြောရမှာပဲ" ဟု ACLU မှ ရှေ့နေတစ်ဦးဖြစ်သူ လီဂဲလန့်က ဆိုပြီး ဆန်ဒီယေးဂိုးတရားသူကြီးက ယင်းကလေးငယ်များနှင့်မိသားစုဝင်များကို ပြန်လည်ပေါင်းစည်းရန် သတ်မှတ်ထားသည့်နေ့မှာ ပြီးခဲ့သည့်အင်္ဂါနေ့ကတည်းက ဖြစ်သည်ဟု ထောက်ပြသည်။

"သူတို့တွေ သတ်မှတ်ရက်ကျော်လွန်သွားတယ်ဆိုတာ ကျွန်တော်တို့သိတယ်" ဟု ၎င်းကဆိုသည်။

နယ်စပ်ထိန်းသိမ်းရေး စခန်းများတွင် အချို့သောရွှေ့ပြောင်းကလေးငယ်များ အနေနှင့် ၎င်းတို့၏ မိဘ(မိသားစု)များနှင့် ပေါင်းစည်းနေထိုင်ရန် မဖြစ်နိုင်ကြောင်း၊ အကြောင်းမှာ လူကြီးမိဘများမှာ ပြည်နှင်ဒဏ် အပေးခံလိုက်ရသောကြောင့်ဖြစ်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်ထားသည်။ ရာဇဝတ်မှုကျူးလွန်ထားသည်ဟူသော သမိုင်းကြောင်း သို့မဟုတ် အမေရိကန်ပြည်ထောင်စုထဲသို့ ဝင်ရောက်ရန် အရည်အချင်းမရှိကြောင်း ထင်ရှားသူများကို အစိုးရက ပြည်နှင်ဒဏ်ပေးခဲ့သည်။

ဆန်ဒီယေးဂိုးမြို့မှ အမေရိကန်တရားသူကြီးဒန်နာဆာဘရောက အစိုးရအနေနှင့် ဇူလိုင် ၁၀ ရက်နေ့ နောက်ဆုံးထားကာ အသက် ၅ နှစ်အောက်ကလေးငယ်များကို ၎င်းတို့၏ ရွှေ့ပြောင်းမိဘ(မိသားစု)များနှင့် ပြန်လည်ဆုံစည်းနေထိုင်ခွင့်ပြုရန် ညွှန်ကြားခဲ့သည်။

သမ္မတထရမ့်၏ သုညအဆင့်သည်းခံမှုဟုအမည်ရသည့်တရားမဝင်ရွှေ့ပြောင်းသူများဆိုင်ရာမူဝါဒကြောင့် နယ်စပ်ဒေသတွင် ကလေးငယ် ၂၃၀၀ ခန့်မှာ ၎င်းတို့၏ မိဘ(မိသားစုဝင်)များနှင့် ခွဲခြားနေထိုင်ကြရသည်ဟု အစိုးရကဆိုသည်။ သို့သော် ယင်းသုညအဆင့် သည်းခံမှုဟူသောမူဝါဒကို လူ့အခွင့်အရေးအုပ်စုများက တောက်လျှောက်ဝေဖန်ထိုးနှက်လာခဲ့ရာ ပြီးခဲ့သည့် ဇွန်ကုန်ပိုင်းတွင် သမ္မတထရမ့်က စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။

ထို့ပြင် အဆိုပါမူဝါဒကြောင့် သမ္မတထရမ့်နှင့် ၎င်း၏ အစိုးရကို ပြည်တွင်းလူ့အခွင့်အရေးအုပ်စုများသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ ပြင်းထန်စွာဝေဖန်ခဲ့ကြသည်။

ယခု ACLU မှ ရှေ့နေလီဂဲလန့်က အစိုးရသည် အသက် ၅ နှစ်အောက် ကလေးငယ်များ မိသားစုနှင့်ပြန်လည်ဆုံစည်းရေးကိစ္စကို အပြီးသတ်လုပ်ဆောင်ပေးနိုင်ခြင်းမရှိသေးကြောင်း၊ ကလေးငယ် ဦးရေ မည်ရွေ့မည်မျှ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းနိုင်ခဲ့သည်ဟူသည်ကိုလည်း အတိအကျအသိပေးခြင်းမရှိသေးကြောင်း ပြောကြားသည်။

"ကလေးဘယ်နှယောက်ရှိလဲဆိုတာ အစိုးရကို မေးထားတယ်၊ သူတို့အနေနဲ့ ကျွန်တော့်ကို သည်ကနေ့နောက်ဆုံးထားပြီး ပြောရမှာ" ဟု ၎င်းကဆိုသည်။ ■F-01


Reuters


တရုတ်သွင်းကုန်အားလုံးနီးပါးအပေါ် အကောက်ခွန်စည်းကြပ်သွားမည်ဟု ထရမ့်က ခြိမ်းခြောက်ထားသည်

# ဒေါ်လာ ၂၀၀ ဘီလီယံဖိုးရှိ တရုတ်သွင်းကုန်များအပေါ် အကောက်ခွန်စည်းကြပ်မှု ထပ်တိုးမည်ဟု အမေရိကန်ကြေညာ

**ဝါရှင်တန်၊ ဇူလိုင် ၁၂**

တရုတ်သွင်းကုန် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကာ စည်းကြပ်မည်ဖြစ်ကြောင်း ထရမ့်အစိုးရအဖွဲ့က ကြေညာခဲ့ပြီး တရုတ်နှင့်ကုန်သွယ်ရေးစစ်ပွဲကို အရှိန်မြှင့်လိုက်ကြောင်း Channel News Asia သတင်းဌာနက ဖော်ပြသည်။

အကောက်ခွန်စည်းကြပ်မှု ထပ်တိုးမည့်သွင်းကုန်များထဲတွင် ဆေးရွက်ကြီး၊ ဓာတုပစ္စည်းများ၊ ကျောက်မီးသွေး၊ သံမဏိနှင့် အလူမီနီယံအပါအဝင် ရာနှင့်ချီသော စားသောက်ကုန်များကို အကောက်ခွန်စည်းကြပ်မည်ဖြစ်သည်။

ကားတာယာများ၊ ပရိဘောဂများ၊ သစ်ထွက်ပစ္စည်းများ၊ လက်ကိုင်အိတ်များ၊ လက်ဆွဲအိတ်များမှသည် ခွေးစာ၊ ကြောင်စာ၊ ဘတ်စကက်ဘောလက်အိတ်၊ ကော်ဇော၊ တံခါး၊ စက်ဘီး၊ ဂေါက်အိတ်၊ စက္ကူ ခေါ်ရေလှော/နှင်းလျှောစီးကိရိယာ၊ အိမ်သာသုံးစက္ကူ၊ အလှကုန်ပစ္စည်းများအထိ လူသုံးကုန်ပစ္စည်းမျိုးစုံ ပါဝင်သည်ဟု သိရသည်။

"တစ်နှစ်ကျော်လောက်အတွင်းမှာ ထရမ့်အစိုးရဘက်က တရုတ်ရဲ့မမျှတတဲ့ လုပ်ရပ်တွေကို ရပ်တန့်ဖို့၊ ဈေးကွက်ကို တံခါးဖွင့်ဖို့၊ စစ်မှန်တဲ့ ဈေးကွက်ယှဉ်ပြိုင်မှုမျိုးမှာပါဝင်ဖို့ စိတ်ရှည်ရှည်နဲ့ တိုက်တွန်းခဲ့ပါတယ်"ဟု အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်အပတ်ကလည်း အမေရိကန်သည် တရုတ်သွင်းကုန် ဒေါ်လာ ၃၄ ဘီလီယံဖိုးအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်းစည်းကြပ်ခဲ့ရာ တရုတ်ကလည်း အမေရိကန်မှ တရုတ်သို့ အလားတူ ပို့ကုန်ပမာဏအပေါ် တန်ပြန်စည်းကြပ်မှု လုပ်ဆောင်ခဲ့သည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံနှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲတင်းမာလာမှုကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကိုပါ ထိခိုက်လာမည်ကို ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်နေကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နောက်ဆုံးတွင် တရုတ်ကုန်စည် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံဖိုးအပေါ် အခွန်စည်းကြပ်သွားမည်ဟု ကြေညာထားသည်။ ယင်းမှာ ယမန်နှစ်က တရုတ်မှ အမေရိကန်သို့တင်သွင်းမှုပမာဏ အားလုံးနီးပါးနှင့် ညီမျှသည်။

ယခု အသစ်ထုတ်ပြန်လိုက်သည့် စည်းကြပ်မှုတွင် ယခင်အပတ်က စည်းကြပ်မှုထက် လူသုံးကုန်ပစ္စည်းများ ပိုမိုပါဝင်လာရာ သုံးစွဲသူများနှင့် လက်လီလုပ်ငန်းများအပေါ် တိုက်ရိုက်သက်ရောက်မှု ပိုမိုကြီးမားလာနိုင်သည်။

အခွန်စည်းကြပ်ရန် အဆိုပြုလျာထားစာရင်းနှင့်ပတ်သက်ပြီး အများပြည်သူထင်မြင်ချက်ကို နားထောင်ရန် နှစ်လအချိန်ပေးထားသော်လည်း အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် လွှတ်တော်အမတ်များက လျှင်လျှင်မြန်မြန်ပင် တုံ့ပြန်ဝေဖန်မှုများရှိနေသည်။

ရီပတ်ဘလစ်ကန်ပါတီမှ ထိပ်တန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ အထက်လွှတ်တော်ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ အိုရင်ဟက်ချ်က ယခုကြေညာချက်သည် ဆင်ခြင်တုံတရားမရှိ ရည်ရွယ်ချက် ရေရာမှုမရှိသည့် လုပ်ရပ်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

ထရမ့်၏ ပြည်တွင်း အခွန်လျှော့ချမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးမှုတို့အပေါ် ကြိုဆိုခဲ့သည့် အမေရိကန်ကုန်သည်ကြီးများ အသင်းကလည်း ယခုကဲ့သို့ တရုတ်သွင်းကုန်အမြောက်အမြားအပေါ် ပြင်းပြင်းထန်ထန် အခွန်စည်းကြပ်မည့်အစီအစဉ်ကို ဝေဖန်ခဲ့သည်။

"အကောက်ခွန်စည်းကြပ်တယ်ဆိုတာ အခွန်ကောက်တာပါပဲ၊ ရှင်းရှင်းပြောရရင်၊ နောက်ထပ်ဒေါ်လာ ဘီလီယံ ၂၀၀ ဖိုးလောက်ရှိတဲ့ ကုန်စည်တွေအပေါ် အခွန်ထပ်ကောက်မယ်ဆိုရင် အမေရိကန်မိသားစုတွေ၊ လယ်သမားတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူတွေ၊ အလုပ်သမားတွေ၊ အလုပ်အကိုင်ဖန်တီးသူတွေအတွက် နေ့စဉ်သုံးကုန်စည်တွေရဲ့ဈေးတွေ တက်ကုန်ပါမယ်။ ရလဒ်အနေနဲ့ လက်တုံ့ပြန်အကောက်ခွန်စည်းကြပ်တာတွေ ထပ်ဖြစ်လာရင် အမေရိကန်အလုပ်သမားတွေပဲ အထိနာပါမယ်" ဟု ကုန်သည်ကြီးများအသင်း ပြောခွင့်ရအမျိုးသမီးက ပြောကြားခဲ့သည်။

■F-03






# စစ်ရေးအသုံးစရိတ် နှစ်ဆတိုးရန် NATO အဖွဲ့ဝင်နိုင်ငံများကို ထရမ့်တိုက်တွန်း

**ဘရပ်ဆဲလ်၊ ဇူလိုင် ၁၂**

အမေရိကန်သမ္မတ ထရမ့်က NATO အဖွဲ့ဝင်နိုင်ငံများအား စစ်ရေးအသုံးစရိတ်ကို နှစ်ဆတိုးကာ ဂျီဒီပီ၏ ၄ ရာခိုင်နှုန်းအထိ သုံးစွဲရန် တိုက်တွန်းလိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ဘရပ်ဆဲလ် နေတိုး ထိပ်သီးအစည်းအဝေးတွင် သမ္မတထရမ့်က ထိုသို့ပြောကြားခဲ့သည်ဟု အိမ်ဖြူတော်က အတည်ပြုထားသည်။ အဆိုပါအစည်းအဝေးတွင် စစ်အသုံးစရိတ် နည်းပါးမှုနှင့်ပတ်သက်၍ ထရမ့်က ဂျာမနီကို ရွေးထုတ်၍ ပြစ်တင်ဝေဖန်ခဲ့သည်။

NATO အတွင်းရေးမှူးချုပ် ဂျင်စတိုလင်ဘတ်က ထရမ့်၏စကားအပေါ် မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ပြီး အဖွဲ့ဝင်အားလုံး စစ်ရေးအသုံးစရိတ် ၂ ရာခိုင်နှုန်းပြည့်မီရေးကို အာရုံစိုက်ခြင်းကသာ အကောင်းဆုံးဖြစ်သည်ဟု သတင်းထောက်များအား ပြောကြားသည်။

ဘရပ်ဆဲလ် NATO အစည်းအဝေးကို သမ္မတထရမ့်နှင့် ရုရှားခေါင်းဆောင် ပူတင်တို့၏ ဟယ်လ်ဆင်ကီ ဆွေးနွေးပွဲ မတိုင်မီတစ်ပတ်အလိုတွင် ကျင်းပနေခြင်းဖြစ်ပြီး ထရမ့်နှင့် ပူတင် နီးစပ်သွားမည်ကို ဥရောပမဟာမိတ်များအကြား စိုးရိမ်မှုများ ရှိနေသည်။

ထရမ့်က အဓိက ပြစ်တင်နေသော အချက်မှာ ၂၀၂၄ မတိုင်မီစစ်ရေးဘတ်ဂျက်ကို ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းပြည့်မီရေးအတွက် အချို့အဖွဲ့ဝင်များက တိုးမြှင့်ခြင်း မပြုသေးသည့်ကိစ္စဖြစ်သည်။

NATO အဖွဲ့ဝင် ၂၉ နိုင်ငံတွင် ၂ ရာခိုင်နှုန်း သတ်မှတ်ချက်ကို ပြည့်မီသူ ငါးနိုင်ငံ (အမေရိကန်၊ ဂရိ၊ အက်စတိုးနီးယား၊ ယူကေ၊ လတ်ဗီးယား) သာရှိသော်လည်း ပိုလန်နှင့် ပြင်သစ်ကဲ့သို့ ပြည့်မီရန် နီးကပ်နေသောနိုင်ငံ အများအပြား ရှိနေပြီဟု သိရှိရသည်။

ပထမနေ့ အစည်းအဝေးအပြီး သတင်းစာ ရှင်းလင်းပွဲတွင် နေတိုး အတွင်းရေးမှူးချုပ်က "ကျွန်တော်တို့ ဆွေးနွေးမှုတွေ လုပ်ခဲ့တယ်။ သဘောကွဲလွဲမှုတွေလည်း ရှိတယ်။ ဒါပေမဲ့ အရေးကြီးဆုံးအနေနဲ့ ရှေ့လျှောက် နေတိုးကို ပိုမိုခိုင်မာအားကောင်းအောင် တွန်းအားပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်" ဟု ပြောကြားသည်။

NATO အဖွဲ့ဝင်အားလုံး၏ ပူးတွဲကြေညာချက်တွင် စစ်ရေးအသုံးစရိတ် တိုးမြှင့်ရေးကို ထပ်မံကတိပေးခဲ့ကြပြီး ကရိုင်းမီးယား ကျူးကျော်မှု၊ အင်္ဂလန်တွင် အာရုံကြောအဆိပ် အသုံးပြုလုပ်ကြံမှု၊ ရွေးကောက်ပွဲ စွက်ဖက်မှုများ အပါအဝင် ရုရှားနိုင်ငံ၏ ရန်စမှုများကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

သို့ရာတွင် မေးခွန်းထုတ်စရာ အချက်မှာ ထိုပြဿနာများကို ထရမ့်က ပူတင်အား တိုက်ရိုက် ပြောဆိုမှာလား ဆိုသည့်ကိစ္စဖြစ်သည်ဟု ဘီဘီစီသတင်းထောက်က မှတ်ချက်ပေးသည်။

ထရမ့်သည် အစည်းအဝေးမစမီ မာကယ်လ်နှင့် အချေအတင်ဖြစ်ခဲ့ပြီး အမေရိကန်က ကာကွယ်ရေးဘတ်ဂျက်ကို ၄ ဒသမ ၂ ရာခိုင်နှုန်း သုံးစွဲနေချိန်တွင် ဂျာမနီက ၂ ရာခိုင်နှုန်း မပြည့်သည့်အပြင် ၁ ရာခိုင်နှုန်း စွန်းရုံမျှသာ သုံးစွဲနေသည်ဟု ပြစ်တင်ဝေဖန်ခဲ့သည်။

နောက်ဆုံးရ NATO ခန့်မှန်းချက်များအရ ကာကွယ်ရေးဘတ်ဂျက်အတွက် အမေရိကန်က ၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဂျာမနီက ၁ ဒသမ ၂၄ ရာခိုင်နှုန်း သုံးစွဲနေသည်ဟု သိရသည်။ ■ F-04

# ရန်သူလော၊ မိတ်ဆွေလော ပူတင်ကို မပြောနိုင်သေးကြောင်း သမ္မတဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် ဒီစီ၊ ဇူလိုင် ၁၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ရန်သူလော၊ မိတ်ဆွေလော ဆိုသည်ကို ယခု မပြောနိုင်သေးကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားလိုက်ကြောင်း Reuters သတင်းတစ်ရပ်က ဖော်ပြထားသည်။

ဒေါ်နယ်ထရမ့်ဟာ NATO အစည်းအဝေး၊ ဗြိတိန်ခရီးစဉ်တို့အတွင်း ရုရှားဘက်ကိုဝင်ခြင်းဟာ လမ်းသင့်ကြောင်းလည်းပြောကြားခဲ့ပါတယ်။

NATO မဟာမိတ်နိုင်ငံများဟာ သူတို့လုံခြုံရေးအတွက် လုံလောက်စွာ ကိုယ့်ပိုက်ဆံ ကိုယ်ထုတ်မသုံးကြဘူးဟုလည်းထရမ့်က ဝေဖန်လိုက်သေးသည်။

"ကျွန်တော့်မှာ NATO ရှိတယ်။ ကျွန်တော့်မှာ ဗြိတိန်ရှိတယ်။ သူတို့ဟာ ပြဿနာတွေ တက်နေကြတယ်။ ပြီးတော့ ကျွန်တော့်မှာ ပူတင်လည်း ရှိတယ်ဗျာ။ ပွင့်ပွင့်လင်းလင်းပြောရရင် ပူတင်က ပေါင်းရတာအလွယ်ဆုံးပဲ။ ဘယ်သူပြောလို့ရမလဲ" ဟု ထရမ့်က ပြောကြားသည်။

"ဘယ်လိုတွေဖြစ်မလဲဆိုတာကို တွေ့ရမှာပါ"ဟု ထရမ့်က ဟယ်ဆင်ကီမြို့တွင်ပြုလုပ်သော ပူတင်နှင့် ဆွေးနွေးပွဲ မတိုင်ခင် ပြောကြားခဲ့သည်။

ပူတင်ဟာ မိတ်ဆွေလား၊ ရန်သူလားဟု ထရမ့်ကိုမေးကြသည့်အခါ "ယခုတော့ မပြောနိုင်သေးပါဘူး။ ကျွန်တော် စဉ်းစားမိသလောက်က ပြိုင်ဘက်တစ်ယောက်ပါ" ဟု ပြောကြားသည်။

၂၀၁၆ အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွင်း ဒေါ်နယ်ထရမ့်သည် စစ်အေးခေတ်ရန်သူ ရုရှားနှင့် ကောင်းမွန်သောဆက်ဆံရေး တည်ထောင်လိုသည်ဟု ပြောကြားခဲ့သည်။

ယူကရိန်းအရေး၊ ဆီးရီးယားအရေးတို့နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့အကြား တင်းမာလျက်ရှိသည်။

ထရမ့်၏ မဲဆွယ်ရွေးကောက်ပွဲနောက်တွင် ရုရှားက ပါဝင်ပတ်သက်မှုများ ရှိနေသည်ဟု စွပ်စွဲခံခဲ့ရဖူးသည်။

ဒေါ်နယ်ထရမ့်သည် အမေရိကန်အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့သော နိုင်ငံခြားရေးမူဝါဒများထဲမှ ဖောက်ထွက်သောမူဝါဒများကို ဆက်တိုက်ကျင့်သုံးလျက်ရှိသည်။ ■ F-02




ရုရှားသည် ပြိုင်ဘက်တစ်ယောက် ဖြစ်သည်ဟု ထရမ့်က ယူဆသည်

# အမေရိကန်ခရီးသွားတစ်ဦးက မပေါက်ကွဲသေးသော ဒုတိယကမ္ဘာစစ် အမြောက်ကျည်ဆန်ကို ဗီယင်နာလေဆိပ်သို့ သယ်ဆောင်



**ဗီယင်နာ ဇူလိုင် ၁၂**

အမေရိကန် ခရီးသွားဧည့်သည် အမျိုးသမီးတစ်ဦးက သူမတွေ့ရှိလာသော မပေါက်ကွဲသေးသည့် ဒုတိယကမ္ဘာစစ် အမြောက်ကျည်ဆန်တစ်ခုကို အမှတ်တရ အနေနှင့် အိမ်သို့ ယူဆောင်သွားနိုင်သည်ဟု ထင်မြင်ကာ ဗီယင်နာလေဆိပ်သို့ သယ်ယူလာခဲ့သည်ဟု DW သတင်းတွင် ဖော်ပြထားသည်။

အသက် ၂၄ နှစ်အရွယ် အမေရိကန် အမျိုးသမီးသည် ဗီယင်နာလေဆိပ်တွင် ဩစတြီးယား အကောက်ခွန်အရာရှိများ ရှေ့မှောက်သို့ မပေါက်ကွဲသေးသော ဒုတိယကမ္ဘာစစ် အမြောက်ဆန်ကို ထုတ်ပြကာ အိမ်အပြန်ခရီးတွင် အမှတ်တရအနေနှင့် ယူဆောင်သွားနိုင်သလားဟု မေးမြန်းခဲ့ချိန်တွင် လေဆိပ်တစ်ခုလုံးကို တုန်လှုပ်သွားစေခဲ့သည်။

တာဝန်ရှိသူများသည် အဆိုပါ ၃ လက်မ တင့်ကားအမြောက်ကျည်ဆန်ကို ဖယ်ရှားရန်အတွက် ဗုံးရှင်းလင်းရေးအဖွဲ့ကို ချက်ချင်း ခေါ်ယူခဲ့ရသည်။ အဆိုပါဖြစ်စဉ်ကြောင့် လေဆိပ်ရှိ ဆိုက်ရောက်နှင့်ပစ္စည်းရွေးခန်းမကို ၁၅ မိနစ်ခန့် ပိတ်ထားခဲ့ရသည်။

ထို့နောက်တွင် ခရီးသွားများအတွက် အန္တရာယ်မရှိတော့ပါဟု ရဲများက ပြောကြားသည်။ တာဝန်ရှိသူများက ပေါ့ဆစွာ အန္တရာယ်ဖြစ်စေနိုင်မှုဖြင့် အဆိုပါအမျိုးသမီးအား တရားရုံးသို့ ပို့ဆောင်ခဲ့ပြီး ဒဏ်ငွေ ယူရို ၄၀၀၀ ချမှတ်လိုက်သည်။

ဧည့်သည် အမျိုးသမီးသည် ခြေလျင်တောင်တက် ခရီးစဉ်အတွင်း ဒုတိယကမ္ဘာစစ် အမြောက်ကျည်ဆန်ကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဧည့်သည် အမျိုးသမီးသည် လေဆိပ်သို့ မထွက်ခွာမီ ခရီးဆောင်အိတ်အတွင်းသို့ အမြောက်ဆန်ကို ထုပ်ပိုးထည့်သွင်းရာတွင် သူမ၏အဝတ်အစားများ မညစ်ပေစေရန်အတွက် ဟိုတယ်ခန်းတွင် အမြောက်ဆန်ကို ဆေးကြောသန့်စင်ခဲ့သည်ဟု ခရုန်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။ ■ F-04

# မှုခင်းသတင်းတိုများ

■ ဒေါပုံမြို့နယ်၊ မဟာဗန္ဓုလလမ်း၌ ဇူလိုင်လ ၁၁ ရက် ည ၈ နာရီဝန်းကျင်တွင် ပုဇွန်တောင်မှ ဒေါပုံဘက်သို့ မောင်းလာသော ကွန်တိန်နာယာဉ်တစ်စီးမှာ ဗန္ဓုလတံတားအဆင်းတွင် အရှိန်မထိန်းနိုင်ဖြစ်ကာ ယာဉ်ရှေ့ရှိ မီနီဘတ်စ်ယာဉ်တစ်စီးကို ဝင်တိုက်မိရာမှ တစ်ဆင့် လမ်းဘေးရှိ တံတားမီးတိုင်ကိုပါ ထပ်မံဝင်တိုက်မိသဖြင့် ယာဉ်နှစ်စီးနှင့် မီးတိုင်ပျက်စီးခဲ့ပြီး မီနီဘတ်စ်ယာဉ်ပေါ်ပါ အသက် ၅၀ နှစ် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သော ကွန်တိန်နာယာဉ်မောင်း အသက် ၂၂ နှစ် ကိုကိုလွင်ကို ဒေါပုံမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာတွင် နေထိုင်သည့် အသက် ၂၃ နှစ် အမျိုးသမီးတစ်ဦးက လူမှုကွန်ရက် စာမျက်နှာတွင် Jasmin Gold အမည်ဖြင့် တရားဝင် နိုင်ငံခြားအလုပ်အကိုင်ရှာဖွေပေးရေး အေဂျင်စီဟု ကြော်ငြာထားသော အကောင့်ပိုင်ရှင်ဖြစ်သူ အသက် ၃၆ နှစ် မရှင်းသန့်ရီနှင့် ဆက်သွယ်ကာ စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ် လုပ်ကိုင်ရန် ငွေကျပ်သုံးသိန်းနှင့် အခြားစာရွက်စာတမ်းများ ပေးခဲ့ပြီးနောက် မရှင်းသန့်ရီမှာ ပြည်ပအလုပ်အကိုင် လိုင်စင်မရှိကြောင်း သိရှိရသဖြင့် ပြည်ပသို့ အလုပ်သွားရောက်မလုပ်ကိုင်လိုတော့ကြောင်း ပြောဆိုခဲ့ရာ ငွေကျပ် ၄၃၀,၀၀၀ ကို ပြန်လျော်ရမည်ဟု ထပ်မံပြောဆိုလာသောကြောင့် မရှင်းသန့်ရီကို အရေးယူပေးရန် တိုင်ကြားလာသဖြင့် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်နယ်မြေရဲစခန်းက ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ ဒဂုံအရှေ့မြို့နယ်၊ ၁၃၃ ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းတွင် ဇူလိုင်လ ၁၁ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်က မော်တော်ဆိုင်ကယ်တစ်စီးမှ မော်တော်ယာဉ်တစ်စီးကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဖြစ်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မော်တော်ဆိုင်ကယ်တစ်စီးကို မျက်နှာချင်းဆိုင်ဝင်တိုက်မိသောကြောင့် ဆိုင်ကယ်နှစ်စီးပျက်စီးခဲ့ပြီး ဆိုင်ကယ်မောင်းသူအမျိုးသားတစ်ဦးနှင့် ဆိုင်ကယ်နောက်လိုက်ပါလာသည့် ရဲတပ်သား တစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဆိုင်ကယ်မဆင်မခြင်မောင်းသူ အသက် ၂၉ နှစ် အမျိုးသား ကို ဒဂုံအရှေ့မြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၃၅/၄ အနီးတွင် ဇူလိုင်လ ၁၁ ရက် ည ၁၀ နာရီခွဲက ကုန်စိမ်းထုပ်များ သယ်ဆောင်လာသည့် ဒိုင်နာ ခြောက်ဘီးယာဉ်မှာ လမ်းဘေးရပ်ထားသည့် စက်ပျက်နေသော ၁၂ ဘီးယာဉ်တစ်စီး၏ ယာဉ်နောက်ပိုင်းကို ဝင်တိုက်မိသောကြောင့် ၁၂ ဘီးယာဉ်အောက်ရှိ စက်ပြင်နေသော ယာဉ်မောင်း အမျိုးသားနှင့် ဒိုင်နာယာဉ်မောင်း အမျိုးသားအပြင် ဒိုင်နာယာဉ်ပေါ် လိုက်ပါလာသည့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်ခဲ့သော ဒိုင်နာယာဉ်မောင်း အသက် ၃၀ နှစ် အမျိုးသားကို မှော်ဘီမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

S-03

ဖြန့်ချိရေးကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊

၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)

# မောင်တော၌ ခွင့်ပြုချက်မဲ့ ကျေးရွာသစ်ထူထောင်သူ အမျိုးသားအိမ်၌ လက်ပစ်ဗုံးနှင့် ဖောက်ခွဲရေးပစ္စည်းများ ဖမ်းမိ

ရန်ကုန်၊ ဇူလိုင် ၁၂

မောင်တောမြို့နယ် တောင်ပိုင်း၌ ခွင့်ပြုချက်မဲ့ သဘော်ာကျေးရွာသစ် ထူထောင်သူ အမျိုးသားအိမ်မှ လက်ပစ်ဗုံးနှင့် ဆက်စပ်ဖောက်ခွဲရေးပစ္စည်းများကို ဖမ်းဆီးရရှိခဲ့ကြောင်း မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောကြားသည်။

"အိမ်တွေကို ရှင်းလင်းရင်း တွေ့တာပါ။ အိမ်ရှင် ဦးထွန်းမြင့်ဦးနဲ့ သူ့ဇနီးကို ဖမ်းဆီးထားတယ်။ ရဲတပ်ဖွဲ့ လုပ်ထုံး လုပ်နည်းနဲ့အညီ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ သဘော်ာကွေ့ကျေးရွာတွင် နေထိုင်သော မိသားစုဝင်များကို ယင်းကျေးရွာ၌ မနေထိုင်ရန် ယခုနှစ် ဖေဖော်ဝါရီလက တစ်ကြိမ်သတိပေးပြောဆိုခဲ့ပြီးနောက် ဇူလိုင်လ ၃ ရက်၌ ဒုတိယအကြိမ်အဖြစ် တစ်ပတ်အတွင်း ထွက်ခွာပေးရန် ထပ်မံပြောဆိုသော်လည်း လိုက်နာခြင်းမရှိသည့်အတွက် ဇူလိုင်လ ၉ ရက်က မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် ရဲတပ်ဖွဲ့ဝင်များက နေအိမ်များကို ဖြိုဖျက်ရှင်းလင်းခဲ့ရာ ကျေးရွာသစ်ထူထောင်သူ အမျိုးသားအိမ်မှ လက်ပစ်ဗုံးအပါအဝင် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် ပတ်သက်၍ ဖမ်းဆီးမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူရန် စစ်ဆေးနေဆဲဖြစ်ကြောင်း မောင်တောမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

လက်ရှိတွင် ယင်းကျေးရွာသစ်ကို ဖြိုဖျက်ခဲ့မှုကြောင့် သဘော်ာကွေ့ကျေးရွာရှိ လူဦးရေ ၂၀၀ ကျော်မှာ ကျောက်ပန္နူကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ယာယီ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း မောင်တောမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ထို့အပြင် ကျေးရွာမှ ထွက်ခွာပေးရန် ရဲတပ်ဖွဲ့က သတိပေးပြောဆိုရာတွင် ဦးထွန်းမြင့်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဥမ္မာကျော် အပါအဝင် ဦးအောင်နိုင်တို့ကို နိုင်ငံတော်နှင့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များကို ပုတ်ခတ်ပြောဆိုသည့်အတွက် နိုင်ငံတော်အကြည်ညိုပျက်စေမှု ဥပဒေပုဒ်မ ၅၀၅ (ခ) ဖြင့် အမှုဖွင့်ထားကြောင်း မောင်တော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

■ J-17

# အမျိုးသမီးများ ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးများကို ဆွဲဖြုတ်လုယူနေသည့်အဖွဲ့မှနှစ်ဦးကို ဖမ်းမိ

ရန်ကုန်၊ ဇူလိုင် ၁၂

လှိုင်သာယာ၊ အင်းစိန်၊ ဘုရင့်နောင်နှင့် လှိုင်မြို့နယ်တို့အတွင်း မော်တော်ဆိုင်ကယ် အသုံးပြု၍ လမ်းသွားလမ်းလာ အမျိုးသမီးများ၏ လည်ပင်းတွင် ဝတ်ဆင်ထားသော ရွှေဆွဲကြိုးများကို ဆွဲဖြုတ်လုယူနေသည့်အဖွဲ့မှ အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူ မျိုးကိုကိုဦး(ခ) မျိုးကိုနှင့် မြင့်လွင်(ခ) ပိုးကောင်တို့မှာ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လမ်းပေါ် သွားလာနေသည့် အမျိုးသမီးများထံမှ ရွှေဆွဲကြိုးများကို လုယက်မှု ၆ မှုအထိ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

"သူတို့အဖွဲ့က စုစုပေါင်း ၅ ယောက်၊ လက်ရှိ နှစ်ယောက်က မိထားပြီ။ ကျန်သုံးယောက်က မမိသေးဘူး။ သက်သေခံပစ္စည်းတွေကိုလည်း ပြန်သိမ်းဆည်းထားပါပြီ" ဟု ရဲအရာရှိက ပြောသည်။

အဆိုပါ လုယက်မှုများ ကျူးလွန်ခဲ့သည်ဆိုသည့် ငါးဦးမှာ ၂၀၁၇ ခုနှစ် ဇူလိုင်လမှ ၂၀၁၈ ခုနှစ် မေလအထိ လှိုင်သာယာ၊ အင်းစိန်၊ ဘုရင့်နောင်နှင့် လှိုင်မြို့နယ်များ တွင် လုယက်မှုများ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး လွတ်မြောက်နေသူ ကျော်ဇင်ဦး(ခ) ပါကျဲ၊ ရှိုင်းထက်အောင် (ခ) အသေးလေး၊ ဖြူဖွေးတို့ သုံးဦးနှင့် ဖမ်းမိသူနှစ်ဦးကို သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်အရေးယူထားပြီး သက်သေခံ ပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ရှင်များအနေနှင့် ရဲစခန်းများထံ စုံစမ်းနိုင်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

The VOICE Daily

CARTOON





# အင်္ဂလန်အသင်း ချေပဂိုးပြန်ရနိုင်မည့်အခွင့်အရေးကို ဒိုင်လူကြီးငြင်းပယ်ခဲ့ကြောင်း မှတ်တမ်းထွက်ပေါ်

**မော်စကို၊ ဇူလိုင် ၁၂**

ခရိုအေးရှားက အင်္ဂလန်ကို အချိန်ပိုသွင်းဂိုးနှင့်အတူ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရသွားခဲ့သောပွဲစဉ်တွင် အင်္ဂလန်လက်ရွေးစင်အသင်းချေပဂိုး ပြန်လည်ရရှိနိုင်မည့်အခွင့်အရေးကို ကွင်းလယ်ဒိုင်လူကြီး ကူညီကာကီရာက ငြင်းဆန်ပယ်ချခဲ့ကြောင်း ရုပ်သံနှင့်ဓာတ်ပုံမှတ်တမ်းများ ထွက်ပေါ်လာခဲ့ပြီး အင်္ဂလန်မှာ ဘောလုံးဥပဒေကပေးအပ်ထားသည့် အခွင့်အရေးကို အသုံးချရန် ကြိုးပမ်းခြင်းဖြစ်သည်ကို ဒိုင်လူကြီးက မည်သည့်အတွက် တားမြစ်ခဲ့ရသည်ကို ဖြေရှင်းချက်ပေးစေလိုကြောင်း အင်္ဂလန်ပရိသတ်များက တောင်းဆိုနေကြပြီဖြစ်သည်ဟု Daily Mail က ဖော်ပြထားသည်။

ခရိုအေးရှားကစားသမားများသည် အင်္ဂလန်ဘက်သို့ အချိန်ပိုတွင် မန်ဇူကစ်အနိုင်ဂိုးသွင်းယူလိုက်ချိန်၌ ကွင်းပြင်သို့ထွက်၍ တစ်သင်းလုံး အောင်ပွဲခံခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထုတ်ပြန်ထားသော စည်းမျဉ်းများအရ အင်္ဂလန်မှာ ခရိုအေးရှားအသင်း အောင်ပွဲခံနေချိန်တွင် ပွဲကို အလျင်အမြန် စတင်ခွင့်ရှိသော်လည်း ဒိုင်လူကြီးက တားမြစ်ခဲ့သည့်အတွက် ချေပဂိုးရနိုင်မည့်အခွင့်အရေးကို ဆုံးရှုံးသွားခဲ့ရသည်။

ဖီဖာက ထုတ်ပြန်ထားသော စည်းမျဉ်းများတွင် မိမိအသင်း သွင်းယူသောဂိုးအတွက် အောင်ပွဲခံချိန်၌ မိမိအသင်းဘက်အခြမ်းတွင် ဂိုးသမားအပြင် အနိမ့်ဆုံးအဖြစ် ကစားသမားတစ်ဦး ကျန်ရှိနေရမည်ပြဋ္ဌာန်းထားပြီး အကယ်၍ ကစားသမားအားလုံးက အောင်ပွဲခံသည့်နေရာသို့ ရောက်ရှိကာ အရှုးအမူး အပျော်လွန်နေပါက ဂိုးသွင်းခံလိုက်ရသည့်အသင်းမှာ ဘောလုံးကိုကွင်းလယ်စည်းသို့ ချက်ချင်းယူဆောင်ကာ ပွဲကို အလျင်အမြန် စတင်နိုင်သည်ဟု ဖီဖာက အခွင့်အရေးပေးအပ်ထားသည်။

အင်္ဂလန်ကစားသမားများသည် ယင်းစည်းမျဉ်းအရ အခွင့်အရေးတစ်ရပ်ဖန်တီးကာ ချေပဂိုးသွင်းယူရန် ကြိုးပမ်းခဲ့ကြောင်း လက်ရှိတွင် အထောက်အထားများ ထွက်ပေါ်လာခဲ့ပြီဖြစ်ပြီး ကွင်းလယ်ဒိုင်လူကြီး ကာကီရာက အင်္ဂလန်အသင်းဘက်က ချက်ချင်းပင် ပွဲပြန်လည်စတင်ရန် ကြိုးပမ်းသည်ကို ခွင့်မပြုဘဲ တားမြစ်ခဲ့ခြင်းကြောင့် ချေပဂိုးရရန် အခွင့်အရေးဆုံးရှုံးသွားရခြင်းဖြစ်သည်ဟု အင်္ဂလန်ပရိသတ်များက ဝေဖန်ပြောကြားနေကြပြီဖြစ်သည်။

■ E-11

## အင်္ဂလိပ်ရိုးရာ ကန်တင်ပြေးစနစ်ကို အလွန်အကျွံ အသုံးပြု၍ အင်္ဂလန်အသင်း ရှုံးနိမ့်သွားရခြင်းဟု ဗာဆယ်လ်ကို ဝေဖန်



Daily Mail

**မော်စကို၊ ဇူလိုင် ၁၂**

ခရိုအေးရှားနောက်ခံကစားသမား ဗာဆယ်လ်ကိုသည် ခရိုအေးရှားနှင့် အင်္ဂလန်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် အင်္ဂလန်အသင်း အရေးနိမ့်သွားခဲ့ရသည်မှာ အင်္ဂလိပ်ရိုးရာ ကန်တင်ပြေးစနစ်ကို အလွန်အကျွံအသုံးပြုသွားခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ဝေဖန်သုံးသပ်သွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ဗာဆယ်လ်ကိုသည်အင်္ဂလန်အသင်းမှာ ၎င်းတို့နှင့် မတွေ့ဆုံမီ ရှေ့ပွဲစဉ်များတွင် နည်းစနစ်ဖြင့် စနစ်တကျ ကစားခဲ့သည့်အတွက် ပွဲစဉ်မကစားမီတွင် လွန်စွာစိုးရိမ်ပူပန်မှုများရှိခဲ့ကြောင်း ဖွင့်ဟဝန်ခံသွားခဲ့ပြီး ယင်းအချက်ကြောင့်ပင် အင်္ဂလန်မှာ ဦးဆောင်ဂိုး စောစီးစွာရရှိရန် အခွင့်အလမ်းသာသွားခဲ့ခြင်းဖြစ်သည်ဟု ဗာဆယ်လ်ကိုက မှတ်ချက်ပေးသွားခဲ့သည်။

ဗာဆယ်လ်ကိုသည် အင်္ဂလန်ကစားသမားများမှာ ဘောလုံးပိုင်ဆိုင်ထားချိန်များတွင် ကစားကွက်တည်ရန် မကြိုးပမ်းဘဲ တိုက်စစ်မှူးများ၏ပြေးလမ်းကြောင်းအတွင်းသို့ တိုက်ရိုက်ကန်တင်ပေးပို့သည့်နည်းစနစ် အသုံးပြုနေသည်ကို ၎င်းတို့အနေနှင့် ပထမပိုင်း ၄၅ မိနစ်ပြီးဆုံးချိန်တွင် သဘောပေါက်နားလည်သွားခဲ့ပြီး ယင်းသို့နားလည်သွားခဲ့ကြောင့် ဒုတိယပိုင်းစသည်နှင့် အင်္ဂလန်အသင်း လှုပ်မရနိုင်အောင် ချုပ်လိုက်နိုင်ခြင်းဖြစ်သည်ဟုလည်း ဗာဆယ်လ်ကိုက ဆက်လက် ရှင်းပြသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဗာဆယ်လ်ကိုက “အစောပိုင်းမှာ အင်္ဂလန် ဘယ်လိုဗျူဟာမျိုးနဲ့ ကစားနေသလဲကို ကျွန်တော်တို့ နားမလည်နိုင်ဖြစ်ခဲ့ကြရပါတယ်။ ကျွန်တော်တို့က အင်္ဂလန်ဟာ အခုမတိုင်ခင် ပွဲစဉ်တွေတုန်းကလို နည်းစနစ်နဲ့ပဲ ကစားမယ်လို့ တွေးထင်ထားခဲ့တာပါ။ ဒါကြောင့်လည်း ပွဲအစောပိုင်းအချိန်တွေမှာ သူတို့ကို ဘယ်လိုတားရမလဲဆိုတာ ကျွန်တော်တို့ မစဉ်းစားနိုင်အောင်ဖြစ်သွားခဲ့ရပါတယ်။ ဒါပေမဲ့ ပထမပိုင်းအပြီးမှာတော့ အင်္ဂလန်ကစားနေပုံကို ကျွန်တော်တို့ နားလည်သွားခဲ့ပါတယ်။ သူတို့က ကစားကွက်ကို ဟန်ပြခင်းထားတာပါ။ တကယ်က ကန်တင်ပြေးကစားနေတာပါပဲ။ အဲ့မှာတင် ဘောလုံးလာမယ့်လမ်းကြောင်းကို တွက်ဆရ အရမ်းလွယ်သွားပါတော့တယ်။ ခေတ်မမီတော့တဲ့ ရှေးရိုးစွဲနည်းစနစ်ကို သုံးချင်လွန်းတာကြောင့် အင်္ဂလန် ကျရှုံးသွားခဲ့ရတာပါ”ဟု ပြောကြားသွားခဲ့သည်။

■ E-11

## လီဗာပူးထံသို့ပြောင်းရွှေ့ခွင့်ပေးရေးအတွက် လိုင်ယွန်တာဝန်ရှိသူများထံ ဖာကီရာ တောင်းဆိုထားမှု အောင်မြင်

**မော်စကို၊ ဇူလိုင် ၁၂**

ပြင်သစ်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားနေသည့် လိုင်ယွန်ကွင်းလယ်ကစားသမား ဖာကီရာသည် ၎င်းကို လီဗာပူးထံသို့ ပြောင်းရွှေ့ခွင့်ပေးပါရန် အသင်းတာဝန်ရှိသူများထံ ပန်ကြားတောင်းဆိုထားမှုကို လိုင်ယွန်ဒါရိုက်တာဘုတ်အဖွဲ့က လက်ခံပေးလိုက်ပြီဖြစ်ပြီး ယင်းအတွက် လီဗာပူးအသင်းမှာ ဖာကီရာကို ခေါ်ယူရေးလုပ်ငန်းစဉ်အတွက် လိုင်ယွန်နှင့် ဆွေးနွေးညှိနှိုင်းမှုများကို တစ်ကျော့ပြန်လည် စတင်လိုက်နိုင်ပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ဖာကီရာသည် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လီဗာပူးထံသို့ ပြောင်းရွှေ့ခွင့်ရနိုင်ရန် လိုလားနေပြီး လီဗာပူးမှာ ဖာကီရာအတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၅၃ သန်းဖြင့် ကမ်းလှမ်းထားသော်လည်း လိုင်ယွန်ကမူ အနိမ့်ဆုံးအဖြစ် ပေါင်သန်း ၆၀ ရရှိနိုင်ရန် လိုလားနေကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။

ဖာကီရာနှင့် ၎င်း၏အေးဂျင့်ဖြစ်သူ ဂျင်န်-ပီရာရေး ဘားနက်စ်တို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း လိုင်ယွန်အသင်းဥက္ကဋ္ဌ ဂျင်န်-မိုက်ကယ် အောလတ်စ်နှင့် နှစ်ကြိမ်တွေ့ဆုံကာ စကားပြောဆိုခဲ့ပြီး ပြင်သစ်က ဘယ်လ်ဂျီယံကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သော ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်အပြီးတွင် ဂျင်န်-မိုက်ကယ်အောလတ်စ်မှာ ပြင်သစ်လက်ရွေးစင်အသင်း၏အဝတ်လဲခန်းအတွင်းအထိ လာရောက်ကာ အောင်ပွဲခံသွားခဲ့ကြောင်းလည်း ဖာကီရာက အသိပေးထားသည်။

လီဗာပူးသည် ဖာကီရာကို တစ်ပတ်လုပ်ခလစာ ပေါင် ၁၂၀,၀၀၀ အကျိုးခံစားခွင့်ဖြင့် ငါးနှစ်သက်တမ်းစာချုပ်ချုပ်ဆိုရန် ပုဂ္ဂိုလ်ရေးအချက်အလက်များ ညှိနှိုင်းထားပြီးဖြစ်ကာ အသင်းနှစ်သင်းအကြားတွင် ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်ပြေသည်နှင့်တစ်ပြိုင်နက် ဖာကီရာမှာ လီဗာပူးအသင်းသားဖြစ်လာတော့မည်ဖြစ်သည်။

■ E-11

## ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ ကစားသမားအဖြစ်နှင့်သာမကဘဲ နည်းပြအဖြစ်နှင့်ပါ တက်ရောက်နိုင်သော စတုတ္ထမြောက်ပုဂ္ဂိုလ်အဖြစ် ဒက်စ်ချမ့် မှတ်တမ်းဝင်



**မော်စကို၊ ဇူလိုင် ၁၂**

ပြင်သစ်လက်ရွေးစင်အသင်းနည်းပြ ဒက်စ်ချမ့်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်တွင် ပြိုင်ပွဲ၏ဗိုလ်လုပွဲအဆင့်သို့ကစားသမားအဖြစ်နှင့်သာမကဘဲ နည်းပြအဖြစ်နှင့်ပါ တက်ရောက်နိုင်သော စတုတ္ထမြောက်ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ဒက်စ်ချမ့်မတိုင်မီတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ဗိုလ်လုပွဲအဆင့်သို့ ကစားသမားအဖြစ်နှင့်သာမကဘဲ နည်းပြအဖြစ်နှင့်ပါ တက်ရောက်နိုင်ခဲ့သူများမှာ ဘရာဇီးနည်းပြ မာရီယိုဇာဂါလို၊ ဂျာမနီနည်းပြများဖြစ်ကြသော ဘက်ကင်ဘောင်ဝါနှင့် ရူဒီဗောင်လာတို့ဖြစ်ကြပြီး ယင်းသုံးဦးအနက် ရူဒီဗောင်လာကလွဲ၍ ကျန်နှစ်ဦးမှာ ကစားသမားဘဝဖြတ်သန်းမှုနှင့် နည်းပြဘဝဖြတ်သန်းမှုနှစ်ခုလုံးတွင် ကမ္ဘာ့ဖလားကို ဆွတ်ခူးကိုင်မြှောက်နိုင်ခဲ့သူများဖြစ်သည်။

ဒက်စ်ချမ့်သည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပြင်သစ်လက်ရွေးစင်အသင်း ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရသည်ကို လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြန်လည်ချေဖျက်ပြနိုင်ရန် ဆန္ဒပြင်းပြနေပြီး ခရိုအေးရှားနှင့်ယှဉ်ပြိုင်ရမည့် ဗိုလ်လုပွဲတွင် ပေါ်တူဂီနှင့် ယူရိုဗိုလ်လုပွဲ ကစားစဉ်ကကဲ့သို့ အမှားမျိုးထပ်မံမကျူးလွန်ကြရန်လည်း အသင်းကစားသမားများကို ဒက်စ်ချမ့်က သတိပေးထားပြီဖြစ်သည်။

ပြင်သစ်နှင့် ခရိုအေးရှားတို့ ကမ္ဘာ့ဖလားပြိုင်ပွဲဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခြင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းတွင် တည်ရှိခဲ့သော မှတ်တမ်းအချို့ကို ဆက်လက် မှန်ကန်သွားစေခဲ့ပြီး ယင်းမှာ ကမ္ဘာ့ဖလားကို မိမိနိုင်ငံသားနည်းပြ ဦးဆောင်သည့်အသင်းကသာ ရယူနိုင်ခြင်းနှင့် ၁၉၈၂ ကမ္ဘာ့ဖလားပြိုင်ပွဲကစ၍ ဗိုလ်လုပွဲတက်ရောက်နိုင်သော ကစားသမားများအနက်တွင် ဘိုင်ယန်မြူးနစ်နှင့် အင်တာမီလန်ကစားသမားအနိမ့်ဆုံးတစ်ဦးစီ ပါဝင်ခြင်းတို့ဖြစ်သည်။

■ E-11




# ဂျူဗင်တပ်စတိုးဆိုင်များတွင် စီရော်နယ်ဒိုဂျာစီများ ပစ္စည်းပြတ်၊ တနင်္လာနေ့တွင် မိတ်ဆက်မည်

**တူရင်၊ ဇူလိုင် ၁၂**

ဂျူဗင်တပ်အသင်းပိုင် စတိုးဆိုင်များတွင် ကျောနံပါတ် ၇ ရိုက်နှိပ်ထားသော စီရော်နယ်ဒိုဂျာစီအင်္ကျီများကို ဝယ်လိုအားလွန်စွာမြင့်တက်နေပြီး ရီးရဲလ်မက်ဒရစ်မှနေ၍ ဂျူဗင်တပ်ထံသို့ စီရော်နယ်ဒိုပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း အတည်ပြုကြေညာချက် ထုတ်ပြန်လိုက်ပြီးချိန်ကတည်းကပင် စီရော်နယ်ဒိုအမည်နှင့် ကျောနံပါတ် ရိုက်နှိပ်ထားသောဂျာစီများကို ဂျူဗင်တပ်အသင်းအားပေးသူများက အဆက်မပြတ် လာရောက်ဝယ်ယူနေခဲ့ခြင်းဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် မန်ယူမှနေ၍ ရီးရဲလ်မက်ဒရစ်ထံသို့ စတင်ပြောင်းရွှေ့ချိန်တွင် ကျောနံပါတ် ၉ ကို ဝတ်ဆင်ကစားခဲ့ပြီး ရီးရဲလ်မက်ဒရစ်က အသင်းဂန္ထဝင်တိုက်စစ်မှူးဖြစ်သူ ရာအူးလ်ကို ရှော်ကေးထံသို့ ပြောင်းခွင့်ပေးလိုက်အပြီးတွင်မှ ၎င်းက ကျောနံပါတ် ၇ ကို ဆက်ခံခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်း တာဝန်ရှိသူများသည် ယမန်နှစ်ဘောလုံးရာသီ၌ တိုက်စစ်တောင်ပံကစားသမား ကွာဒရာဒိုကို ကျောနံပါတ် ၇ ပေးအပ်ဝတ်ဆင်ထားခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုကို ခေါ်ယူရရှိရန် သေချာသွားပြီးချိန်တွင် ကွာဒရာဒို၏ကျောနံပါတ်ကို စီရော်နယ်ဒိုထံ ချက်ချင်းပင် လက်လွှဲပေးလိုက်ခြင်းဖြစ်သည်။

ကွာဒရာဒိုသည် အသင်းတာဝန်ရှိသူများက ၎င်း၏ကျောနံပါတ်ကို ၎င်းအားဆက်သွယ်တိုင်ပင်ခြင်းမရှိဘဲ စီရော်နယ်ဒိုထံသို့ လွှဲပြောင်းပေးလိုက်ခြင်းအတွက် မကျေနပ်မှုများရှိနေပြီး ကွာဒရာဒိုမှာ လက်ရှိအချိန်တိုင်သည်အထိ ကျောနံပါတ်သစ် ရွေးချယ်ခြင်း မရှိသေးကြောင်းလည်း ဆက်စပ်သတင်းများ ထွက်ပေါ်နေသည်။

ဂျူဗင်တပ်သည် စီရော်နယ်ဒိုကို လာမည့်တနင်္လာနေ့တွင်အသင်းကစားသမားအဖြစ် တရားဝင်မိတ်ဆက်ရန် စီစဉ်ထားပြီး လက်ရှိတွင် စီရော်နယ်ဒိုမှာ ၎င်း၏မိသားစုနှင့်အတူ ဂရိနိုင်ငံသို့ နွေရာသီအားလပ်ရက် အပန်းဖြေခရီး ရောက်ရှိနေသည်။ ■E-11

# တော်ရိုင်ရာ ကျောနံပါတ် ၁၁ ဝတ်ဆင်မည်၊ ဂွင်ဒူးဇီကို အာဆင်နယ် ပေါင်ရှစ်သန်းဖြင့် ဝယ်ယူ

**လန်ဒန်၊ ဇူလိုင် ၁၂**

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားသစ် တော်ရိုင်ရာသည် အိုဇေးလ်ဝတ်ဆင်ခဲ့သည့် ကျောနံပါတ် ၁၁ ကို ရယူသွားခဲ့ပြီး ၎င်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲမှနေ၍ ဥရုဂွေးအသင်း ရှုံးနိမ့်ထွက်ခွာလိုက်ရအပြီး ရက်အနည်းငယ်အတွင်း၌ပင် ဆမ်ဒိုးရီးယားမှနေ၍ အာဆင်နယ်ထံသို့ ပြောင်းရွှေ့ရန် စီစဉ်ထားခြင်းကို အလျင်အမြန် အဆုံးသတ်လိုက်ခြင်းဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

အိုဇေးလ်သည် လာမည့်ဘောလုံးရာသီသစ်တွင် ဝက်စ်ဟမ်းထံသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သော ကွင်းလယ်လူ ဝီလ်ရှိုင်းယား ဝတ်ဆင်ခဲ့သည့် ကျောနံပါတ် ၁၀ ကိုဝတ်ဆင်ကစားလိမ့်မည်ဖြစ်ပြီး အာဆင်နယ်မှာ တော်ရိုင်ရာကို အသင်းကစားသမားအဖြစ် တရားဝင်မိတ်ဆက်လိုက်အပြီး တစ်ရက်အကြာတွင် ပြင်သစ်လီဂူး-၂ ကလပ် လိုရီးယန့်အသင်းကွင်းလယ်လူ ဂွင်ဒူးဇီကို ဆက်လက် ခေါ်ယူအားဖြည့်သွားခဲ့သည်။

အာဆင်နယ်သည် အသက် ၁၉ နှစ်အရွယ်ရှိ ဂွင်ဒူးဇီကိုခေါ်ယူရန် ပြောင်းရွှေ့ကြေးပမာဏ ပေါင်ရှစ်သန်း အသုံးပြုလိုက်ရပြီး အပြောင်းအရွှေ့အတွက် ဆေးစစ်မှုများ အောင်မြင်ခဲ့အပြီးတွင် ဂွင်ဒူးဇီမှာ အာဆင်နယ်နှင့် ငါးနှစ်သက်တမ်းရှိစာချုပ်ကို လက်မှတ်ရေးထိုးသွားခဲ့သည်။

အာဆင်နယ်သည် လက်ရှိတွင် နည်းပြသစ် ယူနိုင်းအမ်မရီလက်ထက်၌ ကစားသမားသစ်ခေါ်ယူမှု ငါးဦးရှိသွားခဲ့ပြီဖြစ်ပြီး ဂွင်ဒူးဇီမှာ ကျောနံပါတ် ၂၉ ကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း အာဆင်နယ်က သတင်းထုတ်ပြန်ထားသည်။ ■ E-11

# လင်ဒီလော့ဖ်ကို အငှားခေါ်ယူရန် ကလပ်အသင်းများစွာ ဆက်သွယ်ကမ်းလှမ်း

**မန်ချက်စတာ၊ ဇူလိုင် ၁၂**

ပေါ်တူဂီကလပ် ဘင်ဖီကာအပါအဝင် ဥရောပကလပ်အသင်းများစွာသည် မန်ယူနောက်ခံလူ လင်ဒီလော့ဖ်ကို အငှားခေါ်ယူရန် ကမ်းလှမ်းဆက်သွယ်နေကြပြီဖြစ်ကာ မန်ယူနည်းပြ မော်ရင်ညိုကမူ လင်ဒီလော့ဖ်ကို မန်ယူထံတွင်သာ ပုံမှန်ပွဲထွက်ခွင့်အတွက် တိုက်ပွဲဝင်ရန် တိုက်တွန်းထားကြောင်း The Mirror က ဖော်ပြထားသည်။

အသက် ၂၃ နှစ်အရွယ်ရှိ လင်ဒီလော့ဖ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွီဒင်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ခြေစွမ်းပြ ကစားနိုင်ခဲ့ခြင်းကြောင့် ၎င်းကို မန်ယူထံမှနေ၍ အပြီးသတ်ဝယ်ယူခွင့်ပါရှိသော အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဥရောပကလပ်အသင်းအချို့က ကမ်းလှမ်းလာခဲ့ခြင်းဖြစ်ပြီး နည်းပြ မော်ရင်ညိုကမူ ၎င်းမှာ လင်ဒီလော့ဖ်ကို ရေတိုအတွက် မဟုတ်ဘဲ ရေရှည်စီမံကိန်းဖြင့် ခေါ်ယူထားခြင်းဖြစ်ပါကြောင်း ရှင်းပြထားသည်။

လင်ဒီလော့ဖ်သည် ယမန်နှစ်ဘောလုံးရာသီ၌ မန်ယူအတွက် ပရီးမီးယားလိဂ်ပွဲစဉ် ၁၃ ပွဲသာ ပါဝင်ကစားပေးခွင့်ရခဲ့ပြီး လာမည့်ဘောလုံးရာသီတွင်မူ လင်ဒီလော့ဖ်မှာ ၎င်း၏လက်အောက်၌ အခွင့်အရေးများ ပိုမိုရရှိလာလိမ့်မည်ဖြစ်ကြောင်း မော်ရင်ညိုက အာမခံချက်လည်း ပေးအပ်ထားသည်။

မန်ယူသည် လင်ဒီလော့ဖ်ကို ယမန်နှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဘင်ဖီကာထံမှနေ၍ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၃၁ သန်းဖြင့် ဝယ်ယူကာ လေးနှစ်သက်တမ်းစာချုပ် ချုပ်ဆိုထားခြင်းဖြစ်ပြီး လင်ဒီလော့ဖ်မှာ ဖာဒီနန်၏နေရာကို အစားဝင်ရောက်နိုင်မည့်သူဟုလည်း မော်ရင်ညိုက ရှုမြင်ထားသည်။

■E-11

# အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲဝင် MIC အသင်း ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန်၊ ဇူလိုင် ၁၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ၂၀၁၈ ခုနှစ် အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်မည့် မြန်မာဖူဆယ်ကလပ် MIC အသင်းက ပြိုင်ပွဲဝင်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့သည်။

ယင်းပြိုင်ပွဲကို ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် MIC အသင်းသည် အုပ်စု(က)တွင် ပါဝင်နေကာ ဘရူနိုင်းကလပ် Arbisyam FC၊ ကမ္ဘောဒီးယားကလပ် U.Y.F.C Komchaymear၊ သြစတြေးလျကလပ် East Coast Heat FC အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)တွင်မူ ထိုင်းကလပ် Bankok BTS FC၊ မလေးရှားကလပ် Melaka United Soccer Association၊ အင်ဒိုနီးရှားကလပ် IDN Futsal League ပြိုင်ပွဲမှ ဒုတိယရရှိမည့်အသင်းနှင့် ဗီယက်နမ်ကလပ် Sanatech Khanh Hoa FC အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လက်ရှိအုပ်စုအနေအထားအရ မခက်ခဲနိုင်သော်လည်း လျော့တွက်၍မရသောအသင်းများဖြစ်သောကြောင့် အာရုံစိုက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် ယခင်ပြိုင်ပွဲများကထက် အောင်မြင်မှုရယူနိုင်ရန် ကြိုးပမ်းမည်ဟု MIC အသင်းနည်းပြချုပ် ဦးသန်းဝဏ္ဏအောင်က ပြောကြားသည်။

MIC FC အသင်းသည် ဇူလိုင်လ ၁၅ ရက်နေ့တွင် ဘရူနိုင်းကလပ် Arbisyam FC အသင်း၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကမ္ဘောဒီးယားကလပ် U.Y.F.C Komchaymear အသင်း၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် သြစတြေးလျကလပ် East Caost Heat FC အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကိုမူ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

MIC အသင်းသည် ယခုပြိုင်ပွဲကို နှစ်ကြိမ်ယှဉ်ပြိုင်ထားခဲ့ကာ ယင်းနှစ်ကြိမ်စလုံးတွင် တတိယဆုနှင့်အသန်ရှင်းဆုံးအသင်းဆုတို့ကို ရယူနိုင်ခဲ့သော်လည်း နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၇ ခုနှစ်ပြိုင်ပွဲကိုမူ လွဲချော်ခဲ့ပြီး ပြိုင်ပွဲဝင်ခွင့်ရခဲ့သော PU အသင်းမှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

MIC အသင်း၏ ကစားသမားစာရင်းမှာ -

**ဂိုး-** ရန်ပိုင်ဟိန်း၊ ကျော်ထက်အောင်၊ ရဲထက်နိုင်၊

**ကစားသမားများအဖြစ်** ကျော်စိုးမိုး၊ ခင်ဇော်လင်း၊ အောင်သူ၊ ဉက္ကာကျော်၊ ကျော်ကျော်ထွန်း၊ ပြည့်ဖြိုးမောင်(၂)၊ ပြည့်ဖြိုးမောင်(၃)၊ နိုင်ရဲကျော်၊ ထက်မြက်နိုင်၊ ဟိန်းမင်းစိုး၊ လှိုင်မင်းထွန်း၊ ကိုကိုလွင်၊ ပြည့်ဖြိုးမောင်တို့ဖြစ်သည်။ ■J-04

# ထွန်းထွန်းမင်းနှင့် ထိုင်းလက်ဝှေ့သမားတို့ အထူးစိန်ခေါ်ပွဲအဖြစ် ထိုးသတ်မည်

**ရန်ကုန်၊ ဇူလိုင် ၁၂**

မြန်မာပြည်ချန်ပီယံထွန်းထွန်းမင်းနှင့် ထိုင်းလက်ဝှေ့သမား ဆိုင်းယော့တို့ ဇူလိုင်လ ၂၂ ရက်နေ့တွင် အထူး စိန်ခေါ်ပွဲ ထိုးသတ်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ပြောကြားသည်။

အဆိုပါစိန်ခေါ်ပွဲသည် ယခုလအတွင်း ကျင်းပမည့် ရွှေခါးပတ်ချန်ပီယံလုပွဲတွင်ပါဝင်သော အထူးစိန်ခေါ်ပွဲဖြစ်ကြောင်း ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောဆိုသည်။

ရွှေခါးပတ်ချန်ပီယံလုပွဲများကို ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကျင်းပမည်ဖြစ်ရာ ထွန်းထွန်းမင်းနှင့် ဆိုင်းယော့တို့တွဲဆိုင်းမှာ ဒုတိယနေ့တွင် ပါဝင်မည်ဟု ၎င်းကရှင်းပြသွားသည်။

ဒဏ်ရာကြောင့် အနားယူပြီးနောက်ပိုင်း ပထမဆုံးပြန်လည်ထိုးသတ်ရမည့် ယခုပွဲစဉ်အတွက် လေ့ကျင့်မှုများ ပြုလုပ်နေပြီဟု ထွန်းထွန်းမင်းက ပြောဆိုသည်။

နှစ်စဉ်ကျင်းပသည့် ရွှေခါးပတ်ချန်ပီယံလုပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင်လ ၂၀ ရက်နှင့် ၂၂ ရက်၊ အကြိုဗိုလ်လုပွဲများကို ဇူလိုင်လ ၂၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ကျင်းပမည်ဖြစ်ပြီး ဗိုလ်လု ပွဲများကိုမူ ဩဂုတ်လ ၁၁ ရက်နေ့တွင် မန္တလေးမြို့ရှိ ဒိုင်းမွန်းပလာဇာ၌ ကျင်းပမည်ဟု ပွဲစီစဉ်သူများက ထုတ်ပြန်ထားသည်။

ယင်းပွဲစဉ်များအတွက် လက်မှတ်ဈေးနှုန်းများကိုလည်း သတ်မှတ်ထားပြီးဖြစ်ရာ ၂၀ ရက်နေ့ပွဲစဉ်များအတွက် ကျပ်ငါးထောင်၊ ကျပ်တစ်သောင်း၊ ကျပ်နှစ်သောင်း၊ ၂၂ ရက်နေ့ပွဲစဉ်များအတွက် ကျပ်ရှစ်ထောင်၊ ကျပ်နှစ်သောင်း၊ ကျပ်သုံးသောင်းဟု သတ်မှတ်ထားသည်။

ယင်းပွဲစဉ်တွင် ပါဝင်ထိုးသတ်မည့် အခြားတွဲဆိုင်းများကို ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ကာ ကြိုတင်လက်မှတ် ဝယ်ယူလိုသူများအနေနှင့် ကျောက်တံတားမြို့နယ်၊ အမှတ် ၂၂၆၊ ပထမထပ်၊ ၃၆ လမ်း (အထက်)ရှိ ဇော်ပစ်တိုင်းထောင်ဗီဒီယိုတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။ ■J-04

# ဂျပန်သဘာဝဘေးအန္တရာယ်ကြီးကြောင့် သေဆုံးသူ ၂၀၀ နီးပါးရောက်၊ ရာနှင့်ချီ၍ ပျောက်ဆုံးနေသူများရှိဟု ခန့်မှန်း








**တိုကျို၊ ဇူလိုင် ၁၂**

ဂျပန်နိုင်ငံအနောက်ဘက်ဒေသတွင် နှစ်ပေါင်း ၃၆ နှစ်အတွင်း အဆိုးရွားဆုံး အနေအထားဖြင့် ဖြစ်ပေါ်ခဲ့သော မိုးသည်းထန်စွာရွာပြီး ရေလွှမ်းမိုးမှုကြီးကြောင့် သေဆုံးသူဦးရေ ၂၀၀ နီးပါးခန့်ရှိသွားပြီဖြစ်ပြီး ယခုအခါ ယင်းဒေသများတွင် အပူချိန်မြင့်တက်မှုနှင့် သောက်သုံးရေပြတ်လပ်မှုတို့ကြောင့် ကူးစက်ရောဂါများပျံ့နှံ့ဖြစ်ပွားမည့်အနေအထားသို့ ရောက်ရှိနေကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေမှစတင်က ပြင်းထန်စွာရွာသွန်းခဲ့သည့် မိုးကြောင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ဂျပန်နိုင်ငံအနောက်ဘက်ဒေသတွင် ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် တောင်ကုန်းနှင့်ဆင်ခြေလျှောဒေသတွင် တည်ဆောက်ထားသော လူနေအိမ်နှင့်အခြားအဆောက်အအုံများ ပျက်စီးသွားခဲ့ရသလို လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းထွက်ပြေးခဲ့ကြရသည်။

ဂျပန်အာဏာပိုင်များ၏ ခန့်မှန်းချက်အရ သေဆုံးသူ ၂၀၀ နီးပါးခန့် ရှိပြီးပျောက်ဆုံးနေသူများကိုလည်း ရှာဖွေလျက်ရှိသည်ဟု ဆိုသည်။ တရားဝင်ရေတွက်ချက်များအရ သေဆုံးသူဦးရေမှာ ၁၉၅ ဦးဟု ထုတ်ပြန်ထားသည်။ သို့သော် လူပေါင်း ဒါဇင်နှင့်ချီ၍ ပျောက်ဆုံးနေဆဲဖြစ်သည်။

စာသင်ကျောင်းများနှင့် အခြားနေရာများတွင်ဖွင့်လှစ်ထားသောကယ်ဆယ်ရေးစင်တာများ၌ ဂျပန်ရေဘေးဒုက္ခသည်များမှာ အပူချိန်မြင့်တက်မှုနှင့် သောက်သုံးရေပြတ်လပ်မှုများနှင့်ရင်ဆိုင်နေရသည်။ ယင်းစင်တာများတွင် သယ်ရလွယ်သော ပန်ကာအနည်းငယ်သာရှိသောကြောင့် ရေဘေးဒုက္ခသည်များမှာ အပူဒဏ်ကိုပိုမိုခံစားနေကြရသည်။ အချို့မှာမူစာရွက်များကို ယပ်တောင်အဖြစ် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

သောက်သုံးရေကိုအကန့်အသတ်ဖြင့်သာရရှိခြင်းကြောင့် အပူလျှပ်ခံရမည့်ဘေးအန္တရာယ်နှင့် ကြုံတွေ့နေကြရကြောင်း အာဏာပိုင်များကပြောကြားသည်။ ထို့ပြင် လက်ဆေးကြောခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေကောင်းရေသန့်မရရှိခြင်းကြောင့် ကူးစက်ရောဂါများဖြစ်ပွားမည်ကိုလည်း ၎င်းတို့က စိုးရိမ်လျက်ရှိသည်။

"ရေမှာမရှိဘဲ ကျွန်တော်တို့ ဘာသန့်ရှင်းရေးမှလုပ်လို့မရပါဘူး။ ဘာမှလည်း လျှော်ဖွပ်လို့မရဘူး" ဟုရေဘေးဒုက္ခသည်တစ်ဦးက NHK သို့ ပြောကြားသည်။

ဂျပန်အစိုးရကမူ သဘာဝဘေးအန္တရာယ်သင့်သည့်နေရာများသို့ ရေသယ်ဆောင်သည့်ထရပ်ကားများစေလွှတ်လျက်ရှိသော်လည်း ရေရရှိမှုမှာအနည်းငယ်မျှသာ သို့မဟုတ် အကန့်အသတ်ဖြင့်သာဖြစ်သည်။

ရုပ်သံမီဒီယာများ၏ ထုတ်လွှင့်မှုတွင် အင်အားအလုံးအရင်းဖြင့်ဝင်ရောက်လာသော ရေလှိုင်းလုံးကြီးများကြောင့် အဆောက်အအုံများနှင့် မော်တော်ကားများ မျောပါသွားပုံများကို တွေ့မြင်ရသည်။

လက်ရှိအနေအထားတွင် စစ်ဘက်၊ ရဲဘက်နှင့် မီးသတ်ဌာနမှ အမှုထမ်း ၇၀၀၀၀ ကျော်ခန့်က ပြိုကျပျက်စီးနေသော အဆောက်အအုံများအောက်တွင် ပိတ်မိနေနိုင်သူများနှင့် ပျောက်ဆုံးသူများကို ရှာဖွေလျက်ရှိသည်။

အချို့သော မြို့ငယ် သို့မဟုတ် ကျေးရွာများတွင် နေအိမ်အများစုမှာ ရွှံ့ဗွက်များအောက်သို့ နစ်ဝင်သွားခြင်းကြောင့် ရှာဖွေမှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲများစွာရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။ ■F-01












## ALSO IN NEWS

### လက်မောင်းနှစ်ဖက်လုံးမရှိသူ ဓားထိုးမှုဖြင့် စွပ်စွဲခံရ

အမေရိကန်ပြည်ထောင်စု မိုင်ယာမီကမ်းခြေနားမှာ အသက် ၄၆ နှစ်အရွယ် အိမ်ခြေမဲ့အမျိုးသားတစ်ဦး ဓားထိုးမှုနဲ့ အဖမ်းခံထားရပါတယ်။ သူဟာ လက်နှစ်ဖက်စလုံးမရှိပေမယ့် ကတ်ကြေးနဲ့ထိုးမှုနဲ့ အဖမ်းခံထားရတာဖြစ်ပါတယ်။ သူဟာ ခြေထောက်နှစ်ဖက်ကိုသုံးပြီး တခြားသူကို ကတ်ကြေးနဲ့ထိုးလိုက်တာလို့ ရဲတပ်ဖွဲ့က ပြောကြားထားပါတယ်။ ဖလော်ရီဒါသား ဂျိုနသန်ခရန်ရှောဟာ အသက် ၂၂နှစ်အရွယ် ချီကာဂိုသားတစ်ဦးကို ကတ်ကြေးနဲ့ထိုးပြီး ထွက်ပြေးသွားခဲ့တာဖြစ်ပါတယ်။ မိုင်ယာမီကမ်းခြေရဲတပ်ဖွဲ့က ခရန်ရှောကို ပြီးခဲ့တဲ့အင်္ဂါနေ့က ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ ရဲစစ်ချက်မှာတော့ မစ္စတာခရန်ရှောဟာ မိမိကိုယ်ကိုယ် ကာကွယ်ရင်းနဲ့ ကတ်ကြေးနဲ့ ထိုးမိခဲ့တာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ■ F-02






### ကမ္ဘာ့အရှည်ဆုံး အီတာလျံအမဲသားမုန့်နဲ့ ချီကာဂိုစားသောက်ဆိုင် စံချိန်ချိုးဖို့ကြိုးစား

ကမ္ဘာ့အရှည်ဆုံး အီတာလျံအမဲသားအသားညှပ်မုန့်ကို ဖန်တီးချက်ပြုတ်ပြီး စံချိန်ချိုးဖို့အတွက် ချီကာဂိုစားသောက်ဆိုင်တစ်ဆိုင်က ကြိုးစားခဲ့ပါတယ်။ အမဲသား ၇၅ ပေါင်ကို အသုံးပြုပြီးတော့ ၁၀၉ ပေရှည်တဲ့ ပေါင်မုန့်ကြီးနဲ့ စံချိန်တင်ဖို့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ တူရင်ဒေသထွက်ပုံစံ ပေါင်မုန့်ကိုမှ အချိုနဲ့ ငရုတ်ကောင်းဖြူးထားတဲ့ ပေါင်မုန့်အမဲသားညှပ် ဖြစ်ပါတယ်။ ချီကာဂိုဒေသခံအိမ်ခြေမဲ့ပြည်သူများအတွက် ရန်ပုံငွေအဖြစ် အဆိုပါအမဲသားမုန့်ရှည် စံချိန်ချိုးလှူပ်ရှားမှုကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ စားသောက်ဆိုင်ကို မလာနိုင်တဲ့သူတွေအတွက် စားသောက်ဆိုင်ကနေ သူတို့အတွက် တစ်ခုခုယူလာပေးတာက သိပ်ကောင်းတယ်လို့ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူ အန်ဒရူးဝင်းတားက ပြောကြားခဲ့ပါတယ်။ ကမ္ဘာ့အရှည်ဆုံး အီတလီအသားညှပ်ပေါင်မုန့်အဖြစ် စံချိန်ဝင်ဖို့အတွက် ကြိုးစားနေတယ်လို့ ဆိုင်က ထုတ်ပြန်ထားပါတယ်။ ■F-02